# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့၊ (7-11-2015) (၈၃၇၇)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

("r®)

# ရွေးကောက်ပွဲရလဒ်များနှင့်အညီ နိုင်ငံရေးအခင်းအကျင်းသစ်ကို အတူလက်တွဲပုံဖော်

### ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအကြို နိုင်ငံတော်သမ္မတပြောကြားသည့် ရွေးကောက်ပွဲဆိုင်ရာ မိန့်ခွန်း (၆-၁၁-၂၀၁၅)

**မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေ အရှိန်မြှင့် ရှေ့ဆက်နိုင်ဖို့အတွက် အရေးကြီးတဲ့ သမိုင်းဝင်ခြေလှမ်းတစ်ခု ဖြစ်ပါတယ်။

မဲဆွယ်စည်းရုံးရေးကာလတွေမှာ ဥပဒေ၊ နည်းဥပဒေတွေနဲ့ ကျင့်ဝတ်စည်းကမ်းတွေကို လေးစားလိုက်နာကြပြီး မဲဆွယ်စည်းရုံးမှုတွေ ပြုလုပ်ခဲ့ကြတဲ့ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများကို ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောလိုပါတယ်။ ထို့အတူ ပြည်သူများအနေနဲ့လည်း ကိုယ်ထောက်ခံအားပေးတဲ့ပါတီများ၊ ကိုယ်စားလှယ်လောင်းများကို ငြိမ်းငြိမ်းချမ်းချမ်း ထောက်ခံအားပေးမှုများ ပြသဆောင်ရွက်ခဲ့ကြတဲ့အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။

ရွေးကောက်ပွဲကြီးမှာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့်ကို ထိရောက်စွာ ကျင့်သုံးနိုင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်နေကြတဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းများရဲ့ ကြိုးပမ်းအားထုတ်မှုကိုလည်း ဂုဏ်ယူအသိအမှတ်ပြုကြောင်း ပြောကြားလိုပါတယ်။ အထူးသဖြင့် မဲဆန္ဒရှင်ပြည်သူများအတွက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလုပ်ငန်းများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

> "ရွေးကောက်ပွဲဟာ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒသဘောထားကို မှန်ကန်စွာ ထင်ဟပ်ပြသနိုင်မယ်လို့ ခိုင်မာစွာယုံကြည်"




**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဆရာစံရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံးခွဲတွင် နိုဝင်ဘာ ၆ ရက်က ကြိုတင်ဆန္ဒမဲပေးနေသူတစ်ဦးကို တွေ့ရစဉ်။**

*(သတင်း စာမျက်နှာ - ၈) (ဓာတ်ပုံ-ကိုမင်း)*


# နိုင်ငံခြားငွေကိုင်ဆောင်ခွင့်လိုင်စင်များ ပြန်လည်ရုပ်သိမ်းခြင်းကြောင့် မြန်မာကျပ်ငွေတန်ဖိုးတည်ငြိမ်မှုရှိလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံအတွင်း ကုန်ပစ္စည်းနှင့် ဝန်ဆောင်ခများအား ပြည်တွင်းသုံးကျပ်ငွေဖြင့်သာ ဆောင်ရွက်သွားရန်နှင့် ငွေသား ကိုင်တွယ်မှုလျှော့ချနိုင်ရန်အတွက် ပြည်တွင်းသုံး Debit၊ Credit ကတ်များ ပိုမိုသုံးစွဲလာရန်ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေလက်ခံခြင်းနှင့် ကိုင်ဆောင်ခြင်းလုပ်ငန်းလိုင်စင်များ ပြန်လည်အပ်နှံရန် ထုတ်ပြန်ခဲ့ခြင်းနှင့်စပ်လျဉ်းသည့်ရှင်းလင်းပွဲကို နိုဝင်ဘာ ၄ ရက်က နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ခရီးသွားလုပ်ငန်းတွင် နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်လိုင်စင်များ ပြန်လည်ရုပ်သိမ်းပြီး ဘဏ်များကိုအခြေခံလုပ်ကိုင်ခြင်းဖြင့် မြန်မာကျပ်ငွေတည်ငြိမ်မှုရှိလာနိုင်သည့်ကိစ္စများ၊ Debit၊ Credit ကတ်များနှင့် ဆောင်ရွက်ခြင်းဖြင့် အမေရိကန်ဒေါ်လာကို ဈေးကွက်တွင် အခြေခံလွှဲပြောင်းလုပ်ကိုင်မှု လျှော့ချနိုင်မည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က မြန်မာနိုင်ငံ၏ စီးပွားရေးနယ်ပယ်အတွင်း ငွေကြေးလှည့်လည်စီးဆင်းမှု၊ အခြားနိုင်ငံများတွင် မိမိတို့ငွေကြေးကို တိုက်ရိုက်သုံးစွဲနိုင်ရန် စီစဉ်ထားမှု၊ မြန်မာနိုင်ငံတွင် ခေတ်မီနည်းစနစ်များဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ရန်စီစဉ်ထားမှု၊ လုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

**ကြေးမုံ စာ တ ည်း ရှု ထော င့် — ၇-၁၁-၂၀၁၅၊ စနေနေ့**

# စည်းကမ်းလိုက်နာရမည့်ရွေးကောက်ပွဲနေ့

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း မြန်မာနိုင်ငံတစ်ဝန်းရှိ သတ်မှတ်ထားသော မဲရုံအသီးသီး၌ မဲဆန္ဒရှင်ပြည်သူများ မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများအား မဲပေးရွေးချယ်ကြရတော့မည်ဖြစ်သည်။

မဲဆန္ဒပေးပွဲကြီးကို ထိုနေ့တွင်ကျင်းပကြရာတွင် မဲဆန္ဒရှင်များသာမက ပါတီဝင်များ၊ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် တာဝန်ရှိသူများအားလုံးအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများကို လေ့လာသိရှိ မှတ်သားလိုက်နာကြရမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် သမိုင်းဝင်၊ သမိုင်းတွင်ပြီး ကမ္ဘာကပင် စောင့်ကြည့်နေမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်ပြီးတရားမျှတမှုရှိမည့်အပြင် စည်းကမ်းစနစ်ကျနပြီး ဂုဏ်သိက္ခာရှိစွာဖြင့် အောင်မြင်စွာကျင်းပလိုသောကြောင့်ဖြစ်သည်။

ရွေးကောက်ပွဲနေ့တွင် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိသည့်အပြင် ပြစ်မှုမြောက်သည့် အပြုအမူများကို သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ ပြုလုပ်ခဲ့ပါလျှင် ပြစ်မှုအတွက်ပြစ်ဒဏ်များ ခံရနိုင်ကြောင်းကိုလည်း အထူးသိရှိနားလည်ထားကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် အဆိုပါစည်းကမ်း ဥပဒေများကိုဖောက်ဖျက်ပါက ယနေ့အထိ ထိထိရောက်ရောက် အရေးယူခြင်းကိုမသိရှိကြသေးသဖြင့် ထိုနေ့တွင် ပေါ့ပေါ့ဆဆ မပြုမူမိကြဖို့လိုပေသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲပေးမည့်နေ့တွင် သက်ဆိုင်ရာ မဲသက်သေခံကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားကိုသာ ယူဆောင်သွားရမည်ဖြစ်ပြီး အခြားမည်သည့်ပစ္စည်းမှ ယူဆောင်မသွားမိဖို့လိုပါသည်။ ဥပမာ ပြည်သူအများစုတွင် လူတိုင်းလက်ကိုင်ဖုန်း ကိုင်ဆောင်ထားကြသည်ဖြစ်၍ မဲရုံအတွင်း ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးခြင်းကို မပြုလုပ်မိစေရန် အထူးသတိပြုရမည်ဖြစ်သည်။

ထို့အပြင် မဲဆန္ဒရှင်တစ်ဦးသည် မဲရုံအတွင်း၌ ကိုယ်စားလှယ်လောင်းသုံးဦးသို့မဟုတ် လေးဦးအထိမဲပေးရမည်ဖြစ်ရာ အကယ်၍မိမိတို့၏စိတ်သဘောထားနှင့်မကိုက်ညီသဖြင့် မဲရုံမှူးကိုဖြစ်စေ၊ အခြားတာဝန်ကျကို ဖြစ်စေ နှောင့်ယှက်မိခြင်း၊ ရန်တွေ့ခြင်း၊ ရန်ဖြစ်ခြင်းတို့ မပြုလုပ်မိစေရန်အရေးကြီးသည်။ အကယ်၍ ပြုလုပ်မိပါက ထောင်ဒဏ်တစ်နှစ် သို့မဟုတ် ငွေဒဏ်တစ်သိန်းထက်မပိုသည့် ပြစ်ဒဏ်ချမှတ်ခံရနိုင်သည်။

မဲပေးမည့်နေ့တွင် ဝတ်စားဆင်ယင်မှုမှာလည်း အထူးအရေးကြီးပါသည်။ ပါတီကိုယ်စားပြု အဝတ်အစား၊ ဦးထုပ်၊ ရင်ထိုးတံဆိပ်၊ အလံငယ်၊ တံဆိပ်ငယ် စတစ်ကာတို့ တပ်မလာမိဖို့လိုပါသည်။ ထို့အပြင် မဲရုံသို့မဲပေးရန် လာရောက်ရာတွင် အနေးယာဉ်၊ အငှားယာဉ်များ စီးနင်းခဲ့မည်ဆိုပါက ပါတီအလံငယ်၊ ပါတီတံဆိပ်စတစ်ကာ ကပ်ထားသော ယာဉ်များအား မစီးနင်းမိဖို့လိုအပ်ပါသည်။

ရွေးကောက်ပွဲဥပဒေတွင် မည်သူမဆို ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အကွာအတွင်း၌ဖြစ်စေ မဲဆွယ်ခြင်း၊ မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း၊ ရွေးကောက်ပွဲနေ့၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန်သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း တို့ကို မပြုလုပ်မိရန်လိုပါသည်။ အကယ်၍ပြုလုပ်မိခဲ့သည်ရှိသော် ပြစ်မှုထင်ရှားတရားစီရင်ခြင်းခံရပါက အထက်ပါအတိုင်း ပြစ်ဒဏ်သင့်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ လျှို့ဝှက်ဆန္ဒမဲပြုပြီးချိန်တွင် တစ်စုံတစ်ယောက်သောသူက မည်သူ့အား မဲပေးခဲ့သည်ကို မေးမြန်းလာပါက မိမိဆန္ဒအရ ဖြေကြားခြင်းမပြုလိုက ပြန်လည်ဖြေကြားရန်မလိုကြောင်းကိုလည်း သိရှိနားလည်ထားသင့်ပါသည်။

နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးသည် မြန်မာနိုင်ငံအတွက် ထူးခြားလေးနက်သည့် အသွင်ကိုဆောင်ပြီး မြန်မာနိုင်ငံနှင့်မြန်မာနိုင်ငံသားများအတွက် အထူးအရေးကြီးပါသဖြင့် သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လိုက်နာခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။ ။



## ကောလင်း၌ ကွန်ကရစ်ပစ္စည်းများဝယ်ယူမှုများပြားလာ ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူများ စားဝတ်နေရေးအဆင်ပြေ

**ကောလင်း နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ပေါ်နှင့် ကျေးလက်ဒေသများ၌ ကွန်ကရစ်ပစ္စည်းများ ဝယ်ယူသုံးစွဲမှု များပြားလာခြင်းကြောင့် ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်ကြသော မြောက်အင်းကျော်ဇေယျာ ရပ်ကွက်နှင့် ကြူတော၊ တာတဲကြီးကုန်း၊ ဥက္ကံ စသည့်ကျေးရွာများတွင် ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်ကြသူများ အရောင်းအဝယ်ကောင်းသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့ငါးနှစ်ကျော်လောက်ကဆိုရင် ကွန်ကရစ်လုပ်ငန်းလုပ်တာဆိုလို့ ရွှေမင်းသားကွန်ကရစ်လုပ်ငန်းတစ်ခုပဲရှိသေးတာ၊ အခုနောက်ပိုင်း မြို့အစွန်ရပ်ကွက်တွေနဲ့ ကျေးရွာတွေမှာ အိမ်ရာဆောက်တာတွေမှာ ကျင်တွယ်တိုင်တွေ အသုံးပြုလာတာများလာတယ်။ အိမ်ခြံဝင်းတွေကလည်း ကွန်ကရစ်တိုင်တွေ စိုက်ထူလာကြတယ်။ ကျေးရွာတွေမှာဆိုရင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြသူတွေက တစ်ပေ၊ နှစ်ပေစတဲ့ ရေပြွန်တွေနဲ့ အသုံးပြုလာကြကုန်ပြီ။ ဒါကြောင့် အခုလိုပွင့်လင်းရာသီရောက်လာတာနဲ့ ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေကြတာပါ"ဟု ကွန်ကရစ်ပစ္စည်းသုံးစွဲသူတစ်ဦးက ပြောသည်။

ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်ကြရာတွင် အများအားဖြင့် မိသားစုအလိုက်လုပ်ကိုင်ကြသူများရှိပြီး အချို့မှာ အလုပ်သမားငှားရမ်း၍ လုပ်ကိုင်လျက်ရှိသည်။ အဆိုပါလုပ်ငန်းတွင် စရိတ်ငြိမ်းအဖြစ် စတင်လုပ်ကိုင်ရာတွင် တစ်လငွေကျပ် ၆၀၀၀၀၊ အနည်းငယ်လုပ်ငန်းကျွမ်းကျင်လာပါကငွေကျပ် ၇၀၀၀၀ မှ ၇၅၀၀၀ အထိပေးရကြောင်း၊ ၎င်းအပြင် ရေတွင်း၊ အိမ်သာများကျောက်ခွေချရာတွင် ရေတွင်းတူး၊ အိမ်သာတူးလုပ်ငန်းများလုပ်ကိုင်ရာတွင် လုပ်အားခအဖြစ်ကျောက်ခွေတစ်ခွေလျှင်ငွေကျပ် ၅၀၀၀ ပေးရကြောင်း ရွှေမင်းသားကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူ ကိုမြင့်က ပြောသည်။

**(စိုင်းလူမင်း)**

## တာပွန်မြို့ ကော်မရှင်ရုံးခွဲတွင် ကြိုတင်ဆန္ဒမဲပေး

**နတ်တလင်း နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်မြို့ ကော်မရှင်ရုံးခွဲတွင် နိုဝင်ဘာ၆ရက် နံနက်ပိုင်းက ကြိုတင်ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

တာပွန်မြို့တွင် မဲရုံ နှစ်ရုံရှိပြီး တက်နေမင်းလမ်း အခြေခံပညာ အထက်တန်းကျောင်း၌ မဲရုံအမှတ်(၁)၊ ရွှေကျွန်းတောရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် မဲရုံအမှတ်(၂) ဖြစ်သည်။ နိုဝင်ဘာ ၆ ရက်အထိ ကြိုတင်ဆန္ဒမဲပေးသူ ၁၄၀ ရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၃၂၁၂ ဦးရှိကြောင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းထွန်း က ပြောသည်။

**(ဝ၇၁)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၇၄၀၀၀ | - | ၇၇၅၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၇၄၀၀၀ | - | ၇၇၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ်၊ | ၈၆၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၈၀/၆၉၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၉၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၁. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၉၄. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁. ၈၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၀၀၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၂၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၅၂. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၅၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၅. ၄၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၀. ၈၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




## မိခင်သေဆုံးမှုဆန်းစစ်ခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း ဖာပွန်၌ ဖွင့်

**ဖာပွန် နိုဝင်ဘာ ၆**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဆောင်ရွက်သော မိခင်သေဆုံးမှု ဆန်းစစ်ခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၃ ရက်က ဖာပွန်မြို့ခုတင်(၁၀၀) ပြည်သူ့ဆေးရုံကြီး၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းက ဖာပွန်ခရိုင်အတွင်းရှိ အခြေခံ ကျန်းမာရေးဝန်ထမ်းများအား မိခင်နှင့်ကလေးစောင့်ရှောက်မှု လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် မိခင်သေဆုံးမှု ဆန်းစစ်ခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ နှစ်ရက်တိုင်ပို့ချခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်အလီ၊ မေသကြိန်၊ ဒေးဒေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးဇွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

## ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

အားထုတ်လုပ်ဆောင်ပေးနေကြတဲ့ လူငယ်အဖွဲ့အစည်းများနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ ကြိုးပမ်းအားထုတ်မှုကို အထူးအသိအမှတ်ပြုအပ်ပါတယ်။

ရွေးကောက်ပွဲလုပ်ငန်းစဉ် အဆင့်ဆင့်မှာ မြန်မာလူငယ်များရဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများကို မြင်တွေ့ရတာဟာလည်း တိုင်းပြည်အနာဂတ်အတွက် အလွန်ကောင်းမွန်တဲ့ လက္ခဏာတစ်ခုပဲ ဖြစ်ပါတယ်။

မဲဆန္ဒရှင် ပြည်သူများအနေနဲ့လည်း ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နေကြတဲ့ ကိုယ်စားလှယ်လောင်းတွေရဲ့ အရည်အချင်းနဲ့ အရည်အသွေးတွေကိုဆန်းစစ်ပြီး ဆန္ဒမဲပေးဖို့ အဆင်သင့်ဖြစ်နေပြီလို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်ရှိအနေအထားကိုရောက်ရှိဖို့ ခက်ခဲတဲ့ သမိုင်းဖြတ်သန်းမှုများကို ကျော်လွှားရင်ဆိုင်ခဲ့ရပါတယ်။ ဒီလို ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ဖို့ဆိုတာဟာ အလွယ်တကူရရှိလာတဲ့ အခြေအနေမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံရဲ့ကံကြမ္မာကို ပြဋ္ဌာန်းသတ်မှတ်တဲ့ ရွေးကောက်ပွဲတွေ၊ အထူးသဖြင့် ယခုအပြောင်းအလဲကာလအတွက် အရေးကြီးတဲ့ ရွေးကောက်ပွဲမျိုးမှာ မဲဆန္ဒရှင်ပြည်သူများအားလုံးမဲပေးကြဖို့ ကျွန်တော့်အနေနဲ့ အလေးအနက်တိုက်တွန်းလိုပါတယ်။ မဲစာရင်းမှာ လိုအပ်ချက်တွေရှိနေပေမယ့် ရွေးကောက်ပွဲနေ့မှာ မဲပေးခွင့် မဆုံးရှုံးစေဖို့လည်း စီစဉ်ဆောင်ရွက်ထားတယ်လို့ ရွေးကောက်ပွဲကော်မရှင်ကလည်း ကြေညာထားပြီးသား ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေနဲ့လည်း မိမိတို့ရဲ့ဆန္ဒမဲများကို ထိရောက်မှုရှိစေဖို့ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာထားတဲ့ နည်းလမ်းတကျမဲပေးနည်းအဆင့်ဆင့်ကို ဂရုတစိုက် လိုက်နာကျင့်သုံးကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့လည်း တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအပါအဝင် ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ ပြည်သူတစ်ယောက်စီတိုင်း လွတ်လပ်စွာ မဲပေးခွင့်ရဖို့ ကြိုးပမ်းဆောင်ရွက်ထားကြောင်းကိုလည်း အသိပေး ပြောကြားလိုပါတယ်။

ဒီရွေးကောက်ပွဲကြီးမှာ နိုင်ငံရေးအင်အားစုအားလုံး လွတ်လပ်တရားမျှတစွာ ပါဝင်ယှဉ်ပြိုင်နိုင်ခွင့် ရရှိနိုင်စေရေးအတွက် လွတ်လပ်သော အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို လေ့လာစောင့်ကြည့်ခွင့်ပြုခြင်းနှင့် သတင်းမီဒီယာများကို သတင်းရယူနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး လက်ရှိမှာ စုစုပေါင်းဦးရေ သောင်းချီခွင့်ပြုထားပြီး ဖြစ်ပါတယ်။

ကျွန်တော် ရေဒီယိုမိန့်ခွန်းမှာ ပြောကြားခဲ့သလိုပါပဲ ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိအခြေအနေအရ အစစအရာရာ ပြီးပြည့်စုံတဲ့ ရွေးကောက်ပွဲတစ်ခုကို ကျင်းပနိုင်ဖို့အတွက် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေဟာ နေရာတိုင်းမှာ ရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီရွေးကောက်ပွဲဟာ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒသဘောထားကို မှန်ကန်စွာ ထင်ဟပ်ပြသနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးအင်အားစုများအားလုံးအနေနဲ့လည်း မဲဆန္ဒရှင်ပြည်သူများရဲ့ အဆုံးအဖြတ်ကို တညီတညွတ်တည်း သဘောထားကြီးကြီး လက်ခံကြရမှာဖြစ်ပါတယ်။

ထွက်ပေါ်လာမယ့် ရွေးကောက်ပွဲရလဒ်များအပေါ် လေးစားလိုက်နာမှုနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ရှိနေတယ်လို့လည်း သိရှိရပါတယ်။ ကျွန်တော်တို့ အစိုးရ၊ တပ်မတော်အနေနဲ့ တရားမျှတလွတ်လပ်တဲ့ ရွေးကောက်ပွဲများရဲ့ ရလဒ်ကို လေးစားလိုက်နာသွားမည်ဖြစ်ကြောင်းကို ထပ်မံပြောကြားလိုပါတယ်။ ရွေးကောက်ပွဲရလဒ်များနဲ့အညီ နိုင်ငံရေးအခင်းအကျင်းသစ်ကို အတူလက်တွဲပုံဖော်ဖန်တီး ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ မဲဆန္ဒရှင်ပြည်သူများ ရွေးချယ်တင်မြှောက်လိုက်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဟာ အစိုးရအဖွဲ့ကို ဦးဆောင်မယ့် သမ္မတလောင်းများကို ပြည်သူလူထုကိုယ်စား ဆက်လက်မဲပေးရွေးချယ်သွားကြမှာ ဖြစ်ပါတယ်။ ဒီလိုရွေးကောက်ပွဲရလဒ်များနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် အစိုးရအဖွဲ့ကို ကျွန်တော့်အနေနဲ့ လက်ခံသွားမှာဖြစ်ပြီး နိုင်ငံရေးအင်အားစုအသီးသီးရဲ့ ခေါင်းဆောင်များအနေနဲ့လည်း လေးစားလက်ခံသွားကြမယ်လို့ ယုံကြည်ပါတယ်။

ရွေးကောက်ပွဲအပြီး ကြားကာလ တည်ငြိမ်အေးချမ်းမှုရှိစေဖို့အတွက်လည်း နိုင်ငံရေးအင်အားစုများမှ ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာသွားမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကလည်း ကြားကာလ တည်ငြိမ်အေးချမ်းမှုနဲ့ နိုင်ငံရေးအခင်းအကျင်းသစ်ကို ချောမွေ့ညင်သာစွာ အသွင်ကူးပြောင်းစေဖို့ များစွာအထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အားလုံးမျှော်မှန်းနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်တဲ့နေရာမှာ ခရီးရှည်ကြီးကို အားလုံးအတူ ဖြတ်သန်းကြရဦးမှာဖြစ်ပါတယ်။ အနာဂတ်မှာလည်း ရွေးကောက်ပွဲပေါင်းများစွာကို ဖြတ်သန်းပြီး နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုအဆင့်ဆင့်ကို တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဒီလိုအဆင့်ဆင့်တက်လှမ်းရာမှာ ယခုကျင်းပတော့မည့် သမိုင်းဝင်ရွေးကောက်ပွဲကြီးကို လွတ်လပ်ခြင်း၊ မျှတခြင်းဆိုတဲ့ ဝိသေသတွေနဲ့ အောင်မြင်စွာ ကျင်းပနိုင်မှသာ ပြုပြင်ပြောင်းလဲမှုများ ရှေ့ဆက်နိုင်မယ့် နိုင်ငံရေးအခင်းအကျင်းသစ်တစ်ခုကို တည်တည်ငြိမ်ငြိမ် ကူးပြောင်းနိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီလိုမြန်မာနိုင်ငံအနာဂတ်အတွက် အရေးကြီးပြီး ကမ္ဘာကြီးကလည်း စောင့်ကြည့်နေတဲ့ ရွေးကောက်ပွဲကြီးမှာ နိုင်ငံရေးခေါင်းဆောင်များအနေနဲ့ အမြော်အမြင်ရှိရှိ၊ သဘောထားကြီးကြီးနဲ့ နိုင်ငံရေးရွေးချယ်မှုများ ပြုလုပ်ဖို့နဲ့ ပြည်သူများကလည်း မိမိတို့ရဲ့ ဆန္ဒမဲတစ်ပြားကို လွတ်လပ်စွာ ဆန္ဒပြုကြဖို့ တိုက်တွန်းလိုက်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ ။

❖ နိုင်ငံခြားငွေမှ



လုံခြုံစိတ်ချစွာ လုပ်ကိုင်နိုင်ရန် စီစဉ်ထားမှုတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ငွေကြေးဈေးကွက် သုတေသီများအနေဖြင့် မြန်မာငွေကြေး တန်ဖိုးတည်ငြိမ်နိုင်ရန်အတွက် ဗဟိုဘဏ်၏ ကြိုးစားမှုတစ်ရပ် ဖြစ်ခြင်းကြောင့် ကောင်းမွန်သော အလားအလာများဖြစ်လာနိုင်ကြောင်း သုံးသပ်ထားသည်။

"အဲဒါရဲ့ ကောင်းကွက်တစ်ခုကတော့ နိုင်ငံခြားတိုင်းပြည်တွေကိုသွားရင် သူတို့နိုင်ငံရဲ့ ငွေကြေးကိုပဲသုံးရတယ်။ ဒီလိုပဲ မြန်မာနိုင်ငံကိုလာတဲ့သူတွေအတွက်လည်း မြန်မာကျပ်ငွေလဲရမယ်။ အဲ့ဒီလိုလဲလှယ်တဲ့အတွက် Supply Size နည်းနည်းများလာမယ်။ ဒါဆိုရင်ဒေါ်လာဈေးကျမယ်။ မြန်မာငွေ ပိုခိုင်လာမယ်။ အခုလက်ရှိဆို ၁၃၀၀ ကျော်ကနေ ၁၂၀၀ ကျော်ကို ဆွဲချနိုင်မယ်။ တဖြည်းဖြည်းနဲ့ မြန်မာကျပ်ငွေတန်ဖိုး တည်ငြိမ်သွားလိမ့်မယ်။ မြန်မာငွေတန်ဖိုး တည်ငြိမ်ဖို့ ဗဟိုဘဏ်ရဲ့ ကြိုးစားမှုတစ်ခုလို့ ထင်ပါတယ်"ဟု ငွေကြေးဈေးကွက် သုတေသီတစ်ဦးဖြစ်သူ ဦးသက်ထွန်းဦးက ၎င်း၏အမြင်ကို သုံးသပ်ပြောကြားခဲ့သည်။

နိုင်ငံခြားသုံးငွေ လက်ခံကိုင်ဆောင်ခွင့်လိုင်စင်များကို ဟိုတယ်နှင့် ခရီးလှည့်လည်ရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ Duty Free Shop များ၊ လေကြောင်းလိုင်းများ၊ ဆေးရုံများ၊ Freight Forwarder များ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ အခြားကုမ္ပဏီများ (အချိုရည်နှင့်ယမကာ၊ အမြန်ချောပို့၊ ပိုးသတ်ဆေးဖျန်း၊ မီဒီယာ၊ Apartment များ)၊ အခြားလုပ်ငန်းများဖြစ်သည့် ယွန်းထည်၊ ပိုးထည်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စူပါမားကတ်များ၊ နာရေးကူညီမှုစသည့်လုပ်ငန်းများကို ခွင့်ပြုထုတ်ပေးထားခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ အဆိုပါ လိုင်စင်များကို အောက်တိုဘာ ၁၉ ရက်မှ စတင်ရုပ်သိမ်းကြောင်းနှင့် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား အပ်နှံကြရန်လည်း အသိပေးထားကြောင်းသိရသည်။

**ဖြိုးစန္ဒာမြင့်**



# မဲရုံကိုသွားကြစို့

- သင့်အသည်းကြား၊ မဲတစ်ပြားသည်
တိုင်းကားပြည်ကျိုး၊ စည်ပင်ဖြိုးဖို့
အားကိုးလောက်ရာ၊ ရတနာတည့်။
- ရတနာများ၊ ပေါင်းစည်းအားဖြင့်
တို့များတောင့်တ၊ အစိုးရကို
မုချဖွဲ့စည်းနိုင်ရမည်။
- လူကောင်းမှုကောင်း၊ လွှတ်တော်ကောင်းဖြင့်
အားကောင်းမောင်းသန်၊ ဆောင်ရွက်ရန်တွက်
ဝေဖန်ပိုင်းခြား၊ အသိပွား၍
စိတ်ထားမှန်စွာရွေးချယ်မည်။
- ဒီမိုကရေစီ၊ ရှေ့သို့ချီဖို့
မြော်ရည်တမ်းတ၊ စိတ်ဆန္ဒဖြင့်
ကျရာတာဝန်၊ မဲပေးရန်ကို
အမှန်တိကျ၊ ကျေပွန်ကြမည်
သွားကြပါစို့မဲပေးဖို့
သွားကြပါစို့၊ မဲရုံသို့။ ။

ပန်းတောင်းသန်းကြွယ်



# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော BG Exploration and Production သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ်၊ A-4 နှင့် AD-02 တို့တွင် 3D Seismic Survey လုပ်ငန်းများကို MV RAMFORM SOVERREIGN ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ ၂၀၁၆ ခုနှစ် မေ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

3D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၇ မိနစ် ၀၀. ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၂ မိနစ် ၀၀. ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၄ မိနစ် ၀၀. ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၄ မိနစ် ၀၀. ၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀. ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၀၀. ၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၀ မိနစ် ၀၀. ၀၀ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၂ မိနစ် ၀၀. ၀၀ စက္ကန့်နှင့် Point E မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၃ မိနစ် ၀၀. ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၁ မိနစ် ၀၀. ၀၀ စက္ကန့်တို့အတွင်းတွင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-4 နှင့် AD-02 တို့တွင် 3D Seismic Survey လုပ်ငန်းများကို MV RAMFORM SOVERREIGN ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားပါသည်။

**(ကြေးမုံ)**

❐

## တနင်္သာရီတိုင်းဒေသကြီး၊ မွန်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၆

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကယားပြည်နယ်တွင် နိုဝင်ဘာ လ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**ထူးခြားသည့် ညအပူချိန်များမှာ**

ဟားခါးမြို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နမ့်စန်မြို့တွင် သုည ဒသမ ၈၇ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် သုည ဒသမ ၄၇ လက်မနှင့် ရေးမြို့တွင် သုည ဒသမ ၃၂ လက်မတို့ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

## ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာ့ဆူနာမီနေ့သတ်မှတ်ရန် ဆွေးနွေး

**နယူးယောက် နိုဝင်ဘာ ၆**

ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဂျပန်နိုင်ငံမှ အဆိုတင်သွင်းထားသည့် နိုဝင်ဘာ ၅ ရက်နေ့ကို ကမ္ဘာ့ဆူနာမီနေ့အဖြစ် သတ်မှတ်ပေးရန် အဆိုပြုချက်နှင့် ပတ်သက်ပြီး ယနေ့ဆွေးနွေးခဲ့ကြောင်း သတင်းများအရသိရသည်။

ကုလသမဂ္ဂညီလာခံကော်မတီက ကမ္ဘာတစ်ဝန်း ဆူနာမီကြောင့်ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ အကျိုးဆက်များကို ကမ္ဘာ့နိုင်ငံများအကြား သတိမူမိစေရန် ထောက်ပြခဲ့သည်။ ဂျပန်နိုင်ငံမှ တင်သွင်းထားသည့် ကမ္ဘာ့ဆူနာမီနေ့အဖြစ် သတ်မှတ်ပေးရန် အဆိုပြုချက်တွင် ဆူနာမီကြိုတင်သတိပေးချက်များ ထုတ်ပြန်ကြေညာခြင်းသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ကြောင်းနှင့် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်မှုထောင်စုနှစ် ရည်မှန်းချက်တွင် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာသည့် ထိခိုက်ပျက်စီးမှုများကို လျှော့ချရန်ပါဝင်ကြောင်း ညွှန်းဆိုထားသည်။

ယင်းအဆိုပြုချက်တွင် ၁၈၅၄ ခုနှစ် နိုဝင်ဘာ ၅ ရက်က ဖြစ်ပွားခဲ့သည့် ဆူနာမီဘေးအန္တရာယ်ဖြစ်ပွားမှုကို ထည့်သွင်းဖော်ပြထားသည်။ ထိုနေ့တွင် လူတစ်ဦးက ဆူနာမီဘေးကင်းရှင်းစေရန် စပါးကောက်နှံစည်းများကို မီးရှို့ပြီး သူ၏အပေါင်းအဖော်များအား လိုက်လံသတိပေးခဲ့သည့်အတွက် အနီးဝန်းကျင်ရှိလူများဘေးကင်းရာသို့ ရှောင်ပြေးနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံ၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး ဆူနာမီလှိုင်းလုံးကြီးများ၏ ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ပြီးနောက် ဂျပန်နိုင်ငံက နိုဝင်ဘာ ၅ ရက်ကို ဆူနာမီနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်တားဆီးရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ဆူနာမီရေလှိုင်းများ မြင့်တက်လာမှုဘေးအန္တရာယ်ကိုကြိုတင်ကာကွယ်သည့် နည်းလမ်းဖြင့် အသေအပျောက်နှင့် အပျက်အစီးများ လျော့နည်းသွားအောင် လျှော့ချနိုင်ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မိုတိုဟိုက် ယိုရှိုကာဝါက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံမှ အဆိုပြုထားသော ကမ္ဘာ့ဆူနာမီနေ့အဖြစ်သတ်မှတ်ရေးအဆိုပြုချက်ကို နိုင်ငံ၉၀နီးပါးက သဘောတူလက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းနှင့် လက်မှတ်ထိုးသည့်နိုင်ငံများမှာ ဆူနာမီဘေးအန္တရာယ် ထိခိုက်ခံစားခဲ့ရသည့် တောင်အမေရိကနှင့် အရှေ့တောင်အာရှနိုင်ငံများပင်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ငုယင်ဖြူထရွန်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

# မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး တရုတ်နှင့် ဗီယက်နမ်ခေါင်းဆောင်များ ဆွေးနွေး

**ဟန်နွိုင်း နိုဝင်ဘာ ၆**

တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သည် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်နိုင်ရန် မိတ်ဖက်ပြုကြကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးရာတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားလိုက်သည်။

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသော တရုတ်သမ္မတ ရှီသည် ဗီယက်နမ် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ငုယင်ဖြူထရွန်နှင့် နိုဝင်ဘာ ၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။ ရှီသည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူးလည်းဖြစ်သည်။

မိမိတို့ နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိခဲ့သည့် ရဲဘော်ရဲဘက်စိတ်ဓာတ်နှင့် ညီနောင်သားရင်း စိတ်ဓာတ်တို့ဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သည် မဟာဗျူဟာအရ အရေးပါသော နိုင်ငံများဖြစ်ကြပြီး အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ထားပြီးဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

တရုတ်သမ္မတသည် ဗီယက်နမ်ခရီးစဉ်အတွင်း ဝန်ကြီးချုပ် ငုယင်တန်ဖွန်း၊ သမ္မတ ထရန်တန်ဖွန်းတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး တရုတ်-ဗီယက်နမ် ဆက်ဆံရေးအနေအထားနှင့် ပတ်သက်၍ ဗီယက်နမ်ပါလီမန်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်သည်။ **ဆင်ဟွာ။**

## ဆီးရီးယားအနောက်ပိုင်းရှိ မြို့တစ်မြို့ကို သူပုန်တပ်ဖွဲ့ကသိမ်းပိုက်ဟုဆို

**ဘေရွတ် နိုဝင်ဘာ ၆**

ဆီးရီးယားနိုင်ငံ အနောက်ပိုင်းအဝေးပြေးလမ်းမကြီး တစ်ဖက်တစ်ချက်ရှိ မြို့ငယ်တစ်မြို့ကို သူပုန်များက နိုဝင်ဘာ ၅ ရက်တွင် သိမ်းပိုက်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အစ္စလာမ္မစ်နိုင်ငံတော် (အိုင်အက်စ်)စစ်သွေးကြွအဖွဲ့ကို ချေမှုန်းတိုက်ထုတ်ရန် ကြိုးပမ်းနေသော သမ္မတ ဘာရှားအယ်လ်အာဆတ်ဘက်မှရပ်တည်ကာ ရုရှားနိုင်ငံက စစ်ရေးအရ ကြားဝင်စွက်ဖက်မှုသည် သဘောထား အလယ်အလတ်ရှိ အခြားသောအုပ်စုများကို အထိနာစေကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ မိမိတို့သည် ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့မှ လက်နက်သစ်များရရှိနေပြီး စစ်ရေးအရ အားသာချက်များ ပြန်လည်ရရှိလာကြောင်း သူပုန်အဖွဲ့က ပြောကြားသည်။

ဆီးရီးယားသူပုန်များသည် နိုင်ငံအနောက်ပိုင်းရှိ မိုရက်မြို့ကို သိမ်းပိုက်ခဲ့ကြောင်း သူပုန်အဖွဲ့က ပြောကြားသည်။

သူပုန်အဖွဲ့သည် မိုရက်မြို့နှင့်ဆူရန်မြို့အကြားရှိ အဝေးပြေးလမ်းကို ထိန်းချုပ်နိုင်ရန်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိကြောင်း၊ မိုရက်မြို့ကျသွားခြင်းသည် ဆီးရီးယားနှင့်ရုရှားအစိုးရတို့အတွက် ဆုတ်ယုတ်မှုတစ်ရပ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**

## အန်ကောဝပ်ဘုရားကျောင်း လက်မှတ်ရောင်းချမှုအား ပုဂ္ဂလိကပိုင်အဖြစ်မှ အစိုးရပိုင်ပြောင်းလဲသတ်မှတ်

**ဖနောင်ပင် နိုဝင်ဘာ ၆**

ကမ္ဘောဒီးယားအစိုးရက နာမည်ကျော် အန်ကောဝပ်ဘုရားကျောင်းအား ပုဂ္ဂလိကပိုင်ပြုလုပ်ရေးအစီအစဉ်ကို အဆုံးသတ်လိုက်ပြီး လာမည့်နှစ်မှစတင်ကာ ယင်းဘုရားကျောင်းဝင်းအတွင်း လက်မှတ်ရောင်းချမှုများမှ အခွန်စည်းကြပ်ကွပ်ကဲရန် အများပြည်သူပိုင်လုပ်ငန်းတစ်ခု တည်ထောင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

၂၀၁၆ ခုနှစ်မှစတင်ကာ ကမ္ဘောဒီးယားအစိုးရအနေဖြင့် ဝန်ထမ်းများ၊ အခွန်ကောက်ခံမှုများနှင့် ကုန်ကျစရိတ်များအပါအဝင် အန်ကောဝပ်ဘုရားကျောင်းတစ်ခုလုံးအား ကြီးကြပ်ကွပ်ကဲ၍ စီမံအုပ်ချုပ်မည်ဖြစ်ကြောင်း ဟွန်ဆန်က ၎င်း၏တရားဝင်ဖေ့ဘုတ်စာမျက်နှာ၌ ရေးသားထားသည်။ မကြာသေးမီကကျင်းပခဲ့သည့် အပတ်စဉ် အစိုးရအဖွဲ့အစည်းအဝေးအတွင်း Sok Kong Co သည် အန်ကောဝပ်ဘုရားကျောင်းအတွင်း ဝင်ရောက်ခွင့်လက်မှတ်ရောင်းချခွင့်ကို အစိုးရထံ ပြန်လည်ပေးအပ်ခဲ့သည်ဟု ပြောကြားကြောင်း ပြန်ကြားရေးဝန်ကြီး ခီယူကန်ဟာရိက သူ၏ဖေ့ဘုတ်အကောင့်၌ ရေးသားထားသည်။

အန်ကောဝပ် ဘုရားကျောင်းသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသွားများအား လက်မှတ်ရောင်းချမှုမှ အခွန်ကောက်ခံမှုကို ဆက်လက်စီမံခန့်ခွဲရန် နိုင်ငံပိုင်လုပ်ငန်းတစ်ခုတည်ထောင်မည်ဟု ၎င်းကဆိုသည်။ ဩဇာကြီးမားသော စီးပွားရေးလုပ်ငန်းရှင် ဆော့ခ်ကောင်ပိုင်ဆိုင်သည့် The Sokha Hotel Co အား ၁၉၉၉ ခုနှစ်ကတည်းက အန်ကောဝပ်ဘုရားကျောင်းအတွင်း ဝင်ခွင့်လက်မှတ်ရောင်းချမှုမှ အခွန်ကောက်ခံရန် ငှားရမ်းထားခဲ့သည်။ အစိုးရ၏သတင်းများအရ အဆိုပါကုမ္ပဏီသည် လက်မှတ်ရောင်းချမှုမှ အသားတင်အခွန် အမေရိကန်ဒေါ်လာ ၅၉ သန်း ဝင်ငွေရရှိခဲ့ပြီး ယခုနှစ်ပထမဆယ်လအတွင်း အမေရိကန်ဒေါ်လာ ၄၈ သန်းနီးပါး ရရှိထားကြောင်းသိရသည်။

နိုင်ငံအနောက်မြောက်ပိုင်း ဆီရမ်ရိပ်ပြည်နယ်၌တည်ရှိသော အန်ကောဝပ်ဘုရားကျောင်းသည် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ နာမည်အကျော်ကြားဆုံး ခရီးသွားနယ်မြေဖြစ်သည်။ **ဆင်ဟွာ။**

## မြို့တော်ပြုံယမ်း၏အလှကို ဝေဟင်မှကြည့်ရှုလိုသူများအတွက် ရဟတ်ယာဉ်ခရီးစဉ်များဖြင့် ဝန်ဆောင်ပေးမည်

**ပေကျင်း နိုဝင်ဘာ ၆**

မြောက်ကိုရီးယားနိုင်ငံသည် ယခုလမှစ၍ မြို့တော်ပြုံယမ်း၏ အလှအပများအား ဝေဟင်မှကြည့်ရှုလိုသည့် ကမ္ဘာလှည့်ခရီးသည်များအတွက် ရဟတ်ယာဉ်ခရီးစဉ်များကို ဝန်ဆောင်ပေးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံသို့ တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသည် မည်မျှလာရောက်သည်ကို အစိုးရက တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသော်လည်း တစ်နှစ်လျှင် အနောက်တိုင်းသား ကမ္ဘာလှည့်ခရီးသည် ၆၀၀၀ ခန့် အလည်အပတ်လာရောက်ကြောင်း ခရီးသွားလုပ်ငန်းကုမ္ပဏီများက ပြောကြားကြသည်။ မြောက်ကိုရီးယားသို့ လာရောက်သော ကမ္ဘာလှည့်ခရီးသည်အများစုမှာ အိမ်နီးချင်း တရုတ်နိုင်ငံမှ ဖြစ်ကြသည်။

မြို့တော်ပြုံယမ်းကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြမည့် ကမ္ဘာလှည့်ခရီးသည်များသည် အထပ်ပေါင်း ၁၀၅ ထပ်ရှိ ရူဂေါင်းဟိုတယ်၊ သာယာလှပသော တေဒုန်မြစ်၊ ရှုမငြီးဖွယ်ရာ ဂျူချေးမျှော်စင်၊ ကမ္ဘာ့အကြီးဆုံး အားကစားပြိုင်ပွဲရုံဖြစ်သည့် မေဒေးအားကစားပြိုင်ပွဲရုံတို့ကို တွေ့မြင်ရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံအခြေစိုက် ယောင်းပိုင်အိုးနီးယားတိုးအမည်ရှိ ကုမ္ပဏီ၏အကြီးအကဲ ရိုဝန်ဘတ်က ပြောကြားသည်။

နိုင်ငံပိုင် အဲကိုရော့ လေကြောင်းဌာနပိုင် ရဟတ်ယာဉ်များနှင့် လေယာဉ်ငယ်များကိုအသုံးပြု၍ ပြုံယမ်းရှုမျှော်ခင်းကြည့် ခရီးစဉ်ကို ပျံသန်းပေးမည်ဖြစ်သည်။

ခရီးစဉ်တစ်ခုလျှင် မိနစ် ၃၀ မှ မိနစ် ၄၀ အထိ ကြာမြင့်မည်ဖြစ်ပြီး မြို့တော်ပြုံယမ်း၏ ရှုမျှော်ခင်းများကို ဝေဟင်မှ ဓာတ်ပုံရိုက်ကူးနိုင်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**



# မြန်မာနှင့် ကာတာစင်တာတို့အကြား ပူးပေါင်းဆောင်ရွက်မှုများဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသို့ လာရောက်လေ့လာလျက်ရှိသည့် ကာတာစင်တာမှ အိုင်ယာလန်သမ္မတဟောင်း မစ္စမယ်ရီရော်ဘင်ဆင် ဦးဆောင်သည့် ကာတာစင်တာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌအသစ် မစ္စတာ ဂျေဆန်ကာတာ၊ နီပေါရွေးကောက်ပွဲကော်မရှင် အကြီးအကဲဟောင်း မစ္စတာဘိုရာဂျ် ပိုကာရာလ်တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စ၊ ရွေးကောက်ပွဲသို့ လေ့လာသည့် ပြည်တွင်းပြည်ပမှ လေ့လာသူများကိစ္စ၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကိစ္စရပ်များ၊ မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဆိုင်ရာကိစ္စ၊ မြန်မာနိုင်ငံနှင့် ကာတာစင်တာတို့အကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှုအခြေအနေများ ပြောကြား



**ဂျီနီဗာ နိုဝင်ဘာ ၆**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် နိုဝင်ဘာ ၆ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည့် (၂၃)ကြိမ်မြောက် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေ ပုံမှန်သုံးသပ်သည့် (Universal Periodic Review –UPR) အစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးရာတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ၅ နှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး အာဆီယံနှင့် အမေရိကန်တို့နှင့်ပါ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လူကုန်ကူးမှုကျူးလွန်သူ ၂၀၁ ဦးကိုလည်း ဥပဒေနှင့်အညီ ဖမ်းဆီးတရားစွဲဆို အရေးယူခဲ့ပါကြောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကိုလည်း ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အာရှပစိဖိတ်ဒေသဆိုင်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့နှင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်၍ လူ့အခွင့်အရေးကာကွယ်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မျက်နှာစာအသီးသီးတွင် တိုးတက်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ပါရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်အတွင်း လူ့အဖွဲ့အစည်းများအတွက် လိုအပ်လျက်ရှိသည့် လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သားအဖြစ် စုဆောင်းခြင်းမှ ကာကွယ်မှုနှင့် လုံးဝပပျောက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာကလေးများငွေကြေးရန်ပုံငွေအဖွဲ့ အစည်းနှင့် လူမှုအသိုက်အဝန်းအဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ရန်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်ပြီးချိန်မှစ၍ အရွယ်မရောက်သေးသူ တပ်မတော်သား ၆၄၅ ဦးကို နုတ်ထွက်ခွင့်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့နည်းတူ အသိပညာပေးလုပ်ငန်းများကိုလည်း နိုင်ငံအနှံ့တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး တားမြစ်ချက်ချိုးဖောက်သော တာဝန်ရှိသူအရာရှိ ၅၆ ဦးနှင့် အခြားအဆင့် ၂၈၃ ဦးကိုလည်း အရေးယူခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပဋိပက္ခဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မကြာသေးမီက လက်မှတ်ရေးထိုးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်တွင်လည်း ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းများနှင့်ပတ်သက်၍ တားဆီးကာကွယ်သည့် ပြဋ္ဌာန်းချက်များ ပါဝင်ပါကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရသည့် အချိန်မှစ၍ ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍတွင် မူလတန်း၊ အလယ်တန်းများကို အခမဲ့ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးထားခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းများအတွက် ကျောင်းသုံးစာအုပ်များကို ထောက်ပံ့ကူညီပေးနိုင်ခဲ့ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ နိုင်ငံသားအားလုံးကို တရားဥပဒေ၏ အကာအကွယ်တန်းတူပေးထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ဥရောပသမဂ္ဂ (EU)နှင့် Rule of Law Seminar ကို ကျင်းပခဲ့ပါကြောင်း၊ ထို့ပြင် ဥပဒေဆိုင်ရာ အသိပညာပေးလုပ်ငန်းများအဖြစ် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာဥပဒေအကျိုးဆောင်အဖွဲ့များနှင့်ပူးပေါင်း၍ အကြိမ် (၅၀)ခန့် ပြုလုပ်ခဲ့ပါကြောင်း၊ တည်ဆဲဥပဒေများကိုလည်း ခေတ်စနစ်နှင့်အညီ ပြုပြင်ရေးဆွဲဆောင်ရွက်ခဲ့ရာ အစိုးရသစ် လက်ထက်တွင် ဥပဒေစုစုပေါင်း ၁၈၉ ခုခန့် ပြင်ဆင်/ဖြည့်စွက်ပြဋ္ဌာန်းပေးခဲ့ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးအတွက် အလုပ်သမား ဥပဒေများကိုလည်း ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ အဓမ္မခိုင်းစေမှုပပျောက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့်လျော်ညီစွာ ငြိမ်းချမ်းစွာစုဝေးခွင့်၊ တန်းစီလှည့်လည်ခွင့်၊ အသင်းအဖွဲ့များဖွဲ့စည်းခွင့်ဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မြေယာသိမ်းဆည်းမှုများနှင့်ပတ်သက်၍ မြေယာအသုံးချမှုစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့အထိ မြေဧက ၁၂၀၀၀ ခန့်အား မူလပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး မြေဧက ၂၄၀၀၀၀ အား ပြန်လည်စွန့်လွှတ်ပြီး ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်ခုတည်းအပေါ်တွင် မူအားဖြင့် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်များကို ကန့်ကွက်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် လူ့အခွင့်အရေးများ မြှင့်တင်ကာကွယ်ပေးနိုင်လိမ့်မည်ဟု မယုံကြည်ပါကြောင်း၊ ယခု UPR လုပ်ငန်းစဉ်သည် ယုံကြည်မှုအရဆုံးနှင့် အငြင်းပွားဖွယ်မရှိသည့် လူ့အခွင့်အရေးစောင့်ကြည့်မှုယန္တရားတစ်ခုလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအချက်တစ်ခုဖြစ်သည့်အတွက် အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာများကို အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အစီရင်ခံစာတင်သွင်းသူအနေဖြင့် အပြန်အလှန် နားလည်ယုံကြည်မှုကို မြှင့်တင်နိုင်ရေးအတွက် စစ်မှန်သည့် သတင်းအချက်အလက်များကို စုစည်းသွားရန် တိုက်တွန်းပါကြောင်း၊ မြန်မာပြည်သူများအနေဖြင့် အခြေခံလွတ်လပ်ခွင့်များနှင့် လူ့အခွင့်အရေးများကို ပိုမိုတိုးတက်ရရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီတို့၏ အစီအစဉ်များတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးကိစ္စအား ဆက်လက်ဆွေးနွေးရန် မလိုအပ်တော့ဟု အပြည့်အဝ ယုံကြည်ပါကြောင်း ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စွပ်စွဲပြစ်တင်ထားရှိသည့် မဟုတ်မမှန် စွပ်စွဲချက်များအား ပြန်လည်တုံ့ပြန် ဆွေးနွေးနိုင်ရေးအတွက် ဂျီနီဗာမြို့သို့ ကြိုတင်သွားရောက်လေ့လာဆောင်ရွက်ခဲ့ကြပြီး မြန်မာနိုင်ငံအပေါ် အပြုသဘောရှုမြင်ပေးနိုင်ရေးအတွက် ပကတိအခြေအနေမှန်များဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေ ပုံမှန်သုံးသပ်သည့် အစည်းအဝေး(UPR) ကို လေးနှစ်တစ်ကြိမ် ကျင်းပခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ်အဖြစ် သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ နိုင်ငံပေါင်း ၉၇ နိုင်ငံမှ တက်ရောက်သူများ၏ လျှပ်တစ်ပြက်မေးမြန်းဆောင်ရွက်မှုများကို မြန်မာကိုယ်စားလှယ်အဖွဲ့က လျှပ်တစ်ပြက် ပြန်လည်တုံ့ပြန်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း လစ်လပ်နေရာများရွေးချယ်

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ လပတ်အစည်းအဝေးကို နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံစာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပပြီး လစ်လပ်တာဝန်များကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အမှာစကားပြောကြားပြီး သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ရေးကိစ္စ၊ အသင်းကြီး၏ နှစ်ပတ်လည်ညီလာခံခေါ်ယူရေးကိစ္စများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် ဆွေးနွေးတင်ပြကြသည်။ ထို့နောက် လစ်လပ်နေသောတာဝန်များကို အစားထိုးရွေးချယ်ခဲ့ကြရာ တွဲဖက်အတွင်းရေးမှူး(၁)ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)ကို အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)ကို တွဲဖက်အတွင်းရေးမှူး(၁)အဖြစ် လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)ကို တွဲဖက်အတွင်းရေးမှူး(၂)အဖြစ်လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးကြိုင်မြင့်(မောင်ရန်ရှင်း)ကို ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာတင်အောင်ရွှေ(သုတေသီ)ကို ပြန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ စာရင်းစစ်အဖွဲ့ဝင် ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်)ကို စာရင်းစစ်ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင် (တက္ကသိုလ်သခ်)ကို စာရင်းစစ်အဖွဲ့ဝင်အဖြစ်လည်းကောင်း ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျေးရွာများ လျှပ်စစ်မီးလင်းရေးဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ကျေးရွာနေ ပြည်သူများ နေထိုင်သွားလာမှု အဆင်ပြေချောမွေ့စေရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖြစ်သည့် ထရန်စဖော်မာတပ်ဆင်ခြင်း၊ ဆိုလာပြားများတပ်ဆင်ခြင်း၊ ဓာတ်တိုင်များ စိုက်ထူခြင်း၊ မီးကြိုးလိုင်းများ သွယ်တန်းခြင်းတို့ကို အောက်တိုဘာ ၂၁ ရက်မှ စတင်ပြီး မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်တွင် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် တပ်ဆင်ပြီးဟု သိရသည်။

အဆိုပါလုပ်ငန်းများကို မင်္ဂလာဒုံမြို့နယ် မီးလင်းရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ဟန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး ဦးမင်းမင်း၊ မြို့နယ်မန်နေဂျာ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှ ဦးဆောင်၍ ရွှေနံ့သာကျေးရွာအုပ်စု၊ သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စု၊ လေးထောင့်ကန်၊ ထောက်ကြန့် မြောက်ပိုင်းရပ်ကွက်တွင် ၂၀၀ KVA ထရန်စဖော်မာတစ်လုံး တပ်ဆင်ပြီး တပ်ဆင်ရန် ကျန်ထရန်စဖော်မာ ၂၀၀ KVA ရှစ်လုံး၊ ၁၅ KV တစ်လုံး စိုက်ထူပြီး ဓာတ်တိုင် ၁၄၂ တိုင်သွယ်တန်းကာ မီးကြိုးလိုင်း နှစ်လိုင်း၊ ကြွေသီး၊ ကြွေခွက်နှင့် လျှပ်စစ်မီးလင်းရေးအတွက် အသုံးပြုသည့်ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုး ငွေမှာ ၁၂၉ သန်းကျော်ဖြစ်ကြောင်း သိရသည်။

**(ဌေးကြိုင်)**

ဆောင်းပါး

# နိုင်ငံသားကောင်းပီသမှုကိုပြကြပါ

ခင်မောင်ဌွေး(ပညာရေး)

ယခုရက်ပိုင်းအတွင်းမှာပင် ရန်ကုန်-တာမွေအဝိုင်းထိပ်တွင် ဖြစ်ပွားခဲ့သည့် ခရီးသည်တင် ဘတ်စ်ကားတစ်စီးအား အကြမ်းဖက်ရိုက်နှက်မီးရှို့မှုသည် မင်းမဲ့စရိုက်ဆန်ဆန်အနိုင့်အထက်ပြုကျင့်မှုပင်ဖြစ်သည်။

**ယာဉ်ကြောပိတ်ဆို့ခြင်း**

ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုသည် ဆိုးရွားနေဆဲဖြစ်သည်။ နိစ္စဓူဝသွားလာနေကြသည့် ယာဉ်စီးရေမှာလည်း တိုးပွားမြဲဖြစ်၏။ ယာဉ်ကြောမှာပို၍ပင် ပိတ်ဆို့လာသည့်သဘောရှိသည်။ လောလောဆယ် တည်ဆောက်နေသည့် ခုံးကျော်တံတားများကြောင့်လည်း ဖြစ်နိုင်ပါသည်။

သို့ဖြစ်၍ ယာဉ်များအနေဖြင့် မိမိတို့ဦးတည်ရာလမ်းကြောင်းအတိုင်း စိတ်ရှည်သည်းခံမောင်းနှင်ကြရုံသာ ဖြစ်ပါသည်။ ယာဉ်ကြီးများ (ခရီးသည်တင်ဘတ်စ်ကားများ)အနေဖြင့် မိမိတို့လမ်းကြောင်းအတိုင်းမမောင်းဘဲ ယာဉ်ကြောရှင်းသည့်ဘက်သို့ မကြာခဏ ရုတ်တရက်ပြောင်းလဲမောင်းနှင်နေမှုများသည် ပို၍ပင်ယာဉ်ကြောပိတ်ဆို့စေပါတယ်။ ယာဉ်ကြီးများအနေဖြင့် မိမိယာဉ်ကြီးမားမှုကို အကာအကွယ်ယူကာ ယာဉ်ငယ်ကလေးများကြားသို့ ဇွတ်ဝင်ဇွတ်ထွက်မောင်းနှင်နေခြင်းများသည် အန္တရာယ်များလွန်းလှပေသည်။

မကြာခင်ကဖြစ်ခဲ့သော အဖြစ်အပျက်မှာ ယာဉ်ကြောပိတ်ဆို့မှုကြောင့် အပြိုင်အဆိုင်တိုးဝင်မောင်းနှင်မှု၊ ပွတ်တိုက်မှုစသည်တို့မှ လူငယ်တို့ သဘာဝမခံချင်စိတ်လွန်ကဲကာအငြိုးထားဖြစ်ပွားခဲ့ကြခြင်းပင်ဖြစ်နိုင်ပါသည်။

**ရန်လိုအမုန်းပွား အငြိုးထားမှု**

လူတိုင်းတွင်လောဘ၊ ဒေါသ၊ မောဟရှိကြသည်သာ။ လူ့အဖွဲ့အစည်းအတွင်းနေထိုင်စဉ်တွင် တတ်နိုင်သမျှ ယင်းတို့ကို လျှော့ချနိုင်ရမည်ဖြစ်၏။ သို့မဟုတ်ပါက ရန်ကိုရန်ချင်းတုံ့နှင်းခြင်း၊ ဒေါသအမျက်ထွက်ခြင်း၊ လောဘရမ္မက်ကြီးမားခြင်းတို့ကြောင့်လူ့အဖွဲ့အစည်းအတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေနိုင်ပါသည်။

ဤနေရာတွင် လူသားတို့အနေဖြင့် မိမိတို့ယုံကြည်ရာ ဘာသာတရားအပေါ်တွင် သက်ဝင်ယုံကြည်မှု၊ ဘာသာတရားအပေါ် ရိုသေလေးစားကိုင်းရှိုင်းမှုတို့နှင့် များစွာဆက်နွှယ်ပတ်သက်မှုရှိပါသည်။ ဘာသာတရား ကိုင်းရှိုင်းမှုနှင့်ဝေးလေလေ စိတ်မိုက်၊ စိတ်ရိုင်း ဝင်နိုင်လေဖြစ်သည်ကို သတိချပ်မိဖို့လိုသည်။ လူသားတို့တွင်ဖြစ်ပေါ်လေ့ရှိသော လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ကို ဘာသာရေးအသိတရားဖြင့်သာ ထိန်းချုပ်နိုင်မည်ဖြစ်၏။ ဘာသာတရားနှင့် ကင်းဝေးသည်နှင့်အမျှ အကောင်းမြင်ဝါဒနည်း၏ အရာရာတွင် စိတ်ရှည်သည်းခံစိတ်နည်းပါးနေတတ်၏။ 'ထစ်ခနဲ' ရှိသည်နှင့် ဒေါသကရောက်နှင့်နေ၏။ မမှားသင့်သောအမှားပေါင်းများစွာ ကျူးလွန်တတ်၏။ "တစ်ခဏအတွင်း ဖြစ်ပေါ်လာသော ဒေါသစိတ်ကို ခေတ္တမျှ သည်းခံနိုင်ခြင်းသည် တစ်ဘဝတာ အေးချမ်းမှုကို ဖြစ်ပေါ်စေနိုင်သည်" ဆိုသကဲ့သို့ စိတ်ရှည်ခြင်း၊ သည်းခံခြင်းကိုတတ်နိုင်သမျှ မွေးမြူထိန်းသိမ်းကြရန်သာဖြစ်သည်။

**ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြရမည်ဖြစ်၏။ တည်ငြိမ်အေးချမ်းစွာ ပြီးမြောက်နိုင်ရေးနှင့်အတူ နိုင်ငံတကာ၏ လေ့လာစောင့်ကြည့်မှုအောက်တွင် နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်၏။ စစ်မှန်စွာပေါ်ထွက်လာမည့်ရလဒ်နှင့်အတူ နိုင်ငံတော်သစ်၏ ဖွဲ့စည်းတည်ဆောက်မှုများ၊ ရေ့လုပ်ငန်းစဉ်များ၊ အစီအမံများသည် နိုင်ငံနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အရေးအရာဖြစ်သည် ...**

**တရားဥပဒေကိုလေးစားလိုက်နာခြင်း**

နိုင်ငံတိုင်းတွင် တရားဥပဒေရှိသည်။ ယင်းဥပဒေကိုနိုင်ငံသားတိုင်းမလွဲမသွေ ကျင့်သုံးလိုက်နာကြရမည်ဖြစ်သည်။ ဥပဒေ၏သဘောမှာ ဥပဒေပြဋ္ဌာန်းထားသည်ကို မသိဆိုရုံကာမျှဖြင့်ပင် အပြစ်ကကင်းလွတ်ခွင့် မရနိုင် (Ignorance of the Law is no Excuse) ခြင်းပင်ဖြစ်သည်။ ဥပဒေသည် ကျောသားရင်သား မခွဲခြားရပါ။ ဥပဒေ၏ အထက်တွင်မည်သူမျှ မရှိပါ။ ဥပဒေသည် ပြည်သူလူထု၏ ကိုယ်ကျင့်တရားကို အကောင်းဆုံး တည့်မတ်ထိန်းကျောင်းပေးနိုင်ရမည်ဖြစ်၏။

နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့် တန်ဖိုးထားလေးစားရမည့်အရာမှာ ဥပဒေကို လေးစားလိုက်နာရခြင်းပင်ဖြစ်သည်။ တစ်ဦးချင်းစီက တန်ဖိုးထားလေးစားလိုက်နာနိုင်မှသာ နိုင်ငံအေးချမ်းသာယာနိုင်မည်ဖြစ်၏။

ယခုအချိန်သည် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ ချီတက်နေရာ ဒုတိယသက်တမ်း ငါးနှစ်အတွက်မကြာမီရက်ပိုင်းအတွင်းရွေးကောက်ပွဲကြီးစတင်တော့မည်ဖြစ်၏။ နိုင်ငံသားတစ်ဦးချင်းစီ၏ ဆန္ဒမဲများဖြင့် မိမိတို့လိုလားသည့် ဒီမိုကရေစီ နိုင်ငံအဖြစ်ဆက်လက်ချီတက်ကြရန်ဖြစ်၏။ သက်တမ်းအားဖြင့် နုနယ်လှသေးသည့် နိုင်ငံဖြစ်သည်နှင့်အညီ ဒီမိုကရေစီစံနှုန်းများဖြင့် တည်ငြိမ်ရင့်ကျက်သော နိုင်ငံဖြစ်ရန်ကြိုးပမ်းကြရမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဒီမိုကရေစီအတွေ့အကြုံမရင့်ကျက်သေးမီကာလအတွင်းဖြစ်ပေါ်တတ်လေ့ရှိသည့် လွတ်လပ်မှုကိုတလွဲအသုံးချတတ်သော မင်းမဲ့စရိုက်ဆန်ဆန် အပြုအမူ အကျင့်စရိုက်ဆိုးများကိုလည်း လျှော့နည်းပပျောက်သွားရန် ကြိုးပမ်းကြရမည်ဖြစ်၏။

ထို့ပြင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့်ဝိုင်းဝန်းကြရမည်ဖြစ်၏။ တည်ငြိမ်အေးချမ်းစွာ ပြီးမြောက်နိုင်ရေးနှင့်အတူနိုင်ငံတကာ၏ လေ့လာစောင့်ကြည့်မှုအောက်တွင် နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်၏။ စစ်မှန်စွာပေါ်ထွက်လာမည့်ရလဒ်နှင့်အတူ နိုင်ငံတော်သစ်၏ ဖွဲ့စည်းတည်ဆောက်မှုများ၊ ရေ့လုပ်ငန်းစဉ်များ၊ အစီအမံများသည် နိုင်ငံနှင့်ပြည်သူလူထုတစ်ရပ်လုံး၏ အရေးအရာဖြစ်သည်မို့ နိုင်ငံတော် အတွက်၌ ငြိမ်းချမ်းစွာနေထိုင်ခြင်း၊ တရား ဥပဒေကိုလေးစားလိုက်နာခြင်း၊ မိမိတို့၏ အမျိုးသားရေးတာဝန်ကိုကျေပွန်စွာ ထမ်း ဆောင်ခြင်းဖြင့်နိုင်ငံသားကောင်းပီသမှုကို ပြသရမည် အချိန်ပင်ဖြစ်သည်။

## ရွေးကောက်ဖို့ရည်မဲရုံဆီ

* သူကြိုက်တာသူရွေး
သူ့အတွေး သူပုံဖော်။

* ကိုယ်ကြိုက်တာ ကိုယ်ရွေးလို့သာ
ကိုယ့်အတွေးကို ကိုယ်ပုံဖော်ဖို့
အခါတော် ကျရောက်ခဲ့ပြီ
ရွေးကောက်ပွဲတော်။

* ချင့်လို့မျှော်
သင့်လို့ဖြင့် တော်ပါစ။

* ဆင့်လို့ခေါ်
မြင့်လို့ဖြင့် မော်ပါစ။

* ကိုယ့်နိုင်ငံဖွံ့ဖြိုးလို့သာ
တိုးတက်စွာ ခရီးဆက်ရေးကို
အတွေးရင့်သန် ဉာဏ်ဖော်လှစ်
ချစ်တတ်ပါမှ။

* မဲရုံဆီ . . .
ဦးတည်ခြေတစ်လှမ်းဟာ
ကုဋေတစ်သန်းထိုက်တန်
အမြိုက်ဉာဏ် အမှန်သိနဲ့
သတိပြုကာ မဲတစ်ပြားကို
(ယောက်ဖရေ)
အသည်းကြားက . . .။ ။

စိုးမြင့်သန်းမောင် (စာပေဗိမာန်)

## အများပြည်သူတို့ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချမှုရှိစေရေး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနခွဲ၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း(၃၀) ဆေးရုံကြီးဝန်းကျင်ရှိ ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးပြီး ဆေးရောင်းချခွင့်လုပ်ငန်းလိုင်စင် ရှိ/မရှိ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ ရောင်းချခြင်း ရှိ/မရှိ၊ ဆေးဝါးအတု၊ စံမညီဆေးဝါး၊ သက်တမ်းလွန် ဆေးဝါး၊ ပျက်စီးနေသောဆေးဝါးများ၊ ရောနှော ဆေးဝါးများ၊ ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်မသင့်ဟု ထုတ်ပြန်၍ ဘေးအန္တရာယ်ရှိ ဆေးဝါးများ ရောင်းချနေခြင်းရှိ/မရှိ တို့ကို ကွင်းဆင်းစစ်ဆေးသည်။

ဆေးဝါးများ၏ အရည်အသွေး အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှုများသည် ဆေးဝါးသိုလှောင် သိမ်းဆည်းမှုစနစ်တွင် မူတည်နေသည်။ သိုလှောင်သိမ်းဆည်းမှု မကောင်းပါက အရည်အသွေးပျက်ပြယ်နိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးများစွာလည်း ဖြစ်ပေါ်နိုင်သည်။ ဆေးဝါးများကို စနစ်တကျသိုလှောင်သိမ်းဆည်းရန်နှင့် ဆေးဝါးအလွဲသုံးမှု ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် သတ်မှတ်ထားသော ထိန်းချုပ်ဆေးဝါးများကို ဆရာဝန်၏အညွှန်းစာဖြင့် ဆေးဝါးရောင်းချခွင့်လိုင်စင်ရှိသော ဆိုင်များကသာ စနစ်တကျရောင်းချရန် ဆွေးနွေးသည်။



သုံးစွဲနေသော ဆေးဝါးများတွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိလျှင်သော်လည်းကောင်း၊ သုံးစွဲနေသောဆေးဝါးများ၏ အရည်အသွေးကို သံသယဖြစ်လျှင်သော်လည်းကောင်း၊ ဆေးဝါးအတုဟု သံသယဖြစ်ဖွယ်ဆေးဝါးများတွေ့ရှိလျှင်သော်လည်းကောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေး) ဖုန်း၀၂-၆၂၁၁၈ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## မိတ္ထီလာ ကွက်ငယ်ကျေးရွာတွင် မိုးစပါးစံပြ ဧက ၁၀၀ အောင်မြင်ဖြစ်ထွန်း

**မိတ္ထီလာ နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စုတွင် ပုလဲသွယ်မိုးစပါး စံပြဧက ၁၀၀ စိုက်ခင်းမှာ စပါးသီးနှံများ ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပြောသည်။

"ကွက်ငယ်ကျေးရွာအုပ်စုအတွင်းက ကွက်ငယ်၊ ဒပတ္တတန်း၊ ပန်းတင် စတဲ့ကျေးရွာတွေမှ တောင်သူတွေစုပေါင်းစိုက်ပျိုးထားတဲ့ ပုလဲသွယ်မိုးစပါးစံပြ ဧက ၁၀၀ စိုက်ခင်းဟာ အခုချိန်မှာ စပါးသီးနှံတွေနဲ့အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ပုလဲသွယ်က ရက်ပေါင်း ၁၁၅ ရက်ခန့်ပဲ သက်တမ်းရှိပြီး အထူးအထွက်နှုန်းကောင်းပါတယ်။ တစ်ဧကကို တင်း ၁၅၀ လောက် ထွက်မယ်လို့မှန်းထားပါတယ်။ ဒီဇင်ဘာလထဲမှာဆို စပါးရိတ်သိမ်းလို့ရပါပြီ။ အဲဒီအချိန်မှာ စံကွက်ရိတ်သိမ်းတာလည်း ပြုလုပ်မှာမို့ တစ်ဧက ထွက်ရှိတဲ့နှုန်းကို သေသေချာချာ သိနိုင်မှာဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပြောသည်။

ကွက်ငယ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှာ ပျော်ဘွယ်မြို့နယ်အတွင်းတည်ရှိသည့် ချောင်းကောက်ဆည်နှင့် နီးကပ်စွာတည်ရှိပြီး စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် နှစ်စဉ် မိုးစပါးကို တောင်သူအများစုစိုက်ပျိုးကြပြီး မြေပဲ၊ ငရုတ်၊ နေကြာ၊ နှမ်းသီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါ

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က နှစ် (၆၀) ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

**၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်**

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော နှစ် (၆၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်နှင့် တိုင်းများဖွဲ့စည်းထူထောင်ရာတွင် ကရင်လူမျိုးများ နေထိုင်သောဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ပါလီမန်တွင် ထည့်သွင်းစဉ်းစားလာခဲ့ကြပြီး "၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ"အရ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ "၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေ"အရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်မြို့နယ်တို့ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းသတ်မှတ်ခဲ့ပါသည်။

ၰင်းနောက် ဒေါနတောင်ခြေရှိ မြဝတီကိုမြို့နယ်တစ်ခုအဖြစ် သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်ဟူ၍ မြို့နယ်ပေါင်း ခုနစ်မြို့နယ်ဖြင့် အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကဲ့သို့ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ရန် ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသော နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၅၆ ခုနှစ်မှစတင်၍ ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် နှစ်(၆၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုကြောင့် လက်နက်ကိုင်ပဋိပက္ခများကို မိမိတို့ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါကာလသည် ထိုကဲ့သို့ မလိုလားအပ်သော အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါကောင်းလည်းဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နှစ်ပေါင်း ၆၀ကျော် ဖြစ်ပွားခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရလဒ်အဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါသဘောတူစာချုပ်တွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၃) ဖွဲ့က ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့်ခရီးလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ရသည့်အတွက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရပါသည်။ ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်ပါသည်။ ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် ခံစားနိုင်အောင်တည်ဆောက်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပေသည်။ နိုင်ငံတော်အစိုးရက ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး စသည့်ကဏ္ဍများ အပါအဝင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရရှိဖြစ်ထွန်းနေသည့် စည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာ ပေးပို့လိုက်ပါသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**



# (၁၆) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ အစည်းအဝေးတက်ရောက်ရန် ဩစတြေးလျနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည့် **"(၁၆) ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ အစည်းအဝေး"** သို့ တက်ရောက်ရန်အတွက် ယမန်နေ့ ညနေ ၅ နာရီ ၃၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ဩစတြေးလျနိုင်ငံသို့ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အာရှ-ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ အစည်းအဝေးသည် အာရှ-ပစိဖိတ်ဒေသတွင်း တရားစီရင်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၁၉၈၅ ခုနှစ်မှစတင်၍ နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယခု (၁၆)ကြိမ်မြောက် အစည်းအဝေးသည် ဩစတြေးလျနိုင်ငံ၏ အမြင့်ဆုံးတရားရုံးဖြစ်သည့် တရားလွှတ်တော်နှင့် အာရှဥပဒေရေးရာ အသင်းတို့က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ဒေသတွင်း ၃၂ နိုင်ငံမှ တရားသူကြီးချုပ်များနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ အကြီးအကဲများ တက်ရောက်ကြမည်ဖြစ်သည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် အဆိုပါအစည်းအဝေး တက်ရောက်စဉ်အတွင်း ဩစတြေးလျဖက်ဒရယ်တရားရုံး တရားသူကြီးချုပ်နှင့် သီးခြားတွေ့ဆုံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဩစတြေးလျဖက်ဒရယ်တရားရုံးတို့ ပူးပေါင်းဆောင်ရွက်မည့် Supporting Judicial Development in Myanmar အစီအစဉ်အရ မြန်မာတရားရေးအရာရှိများအား ဩစတြေးလျနိုင်ငံ တရားရုံးများတွင် တွဲဖက်လေ့လာရေးနှင့် ဩစတြေးလျဖက်ဒရယ်တရားရုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သည့် ဒေသတွင်းတရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုအစီအစဉ်ဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးမည်ဖြစ်သည်။ အဆိုပါ သီးခြားတွေ့ဆုံပွဲကို UNDP Myanmar မှ မြန်မာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအရ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူပြုရန် ရည်ရွယ်၍ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး UNDP Myanmar မှ Chief Technical Advisor လည်း တက်ရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ စာရေးဆရာများအသင်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၇ ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ လှူဒါန်းကြရာ မဟာသရေစည်သူ(ဗိုလ်ချုပ်ကြီးစိုးဝင်း-ငြိမ်း)၏ ဇနီးဒေါ်သန်းသန်းနွဲ့ [စာရေးဆရာမ-မလေး(မုံရွာ)]နှင့် သားသမီး မြေးများက အလှူငွေကျပ် ၁၀ သိန်း၊ ဒေါက်တာတင်ထွန်းဦး + ဒေါက်တာခင်မိုးမိုး (သုတစွယ်စုံမီဒီယာဂရု) မိသားစုက ငွေကျပ် ၁၅ သိန်း၊ အသင်းဥက္ကဋ္ဌ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)+ဒေါ်မြင့်မြင့် (ပန်းမြိုင်လယ်စာပေ)က ငွေကျပ် နှစ်သိန်း၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ဝင်း (မနုသကျော်ဝင်း)မိသားစုက ငွေကျပ်တစ်သိန်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)+ ဒေါ်ခင်အေးမူမိသားစုက ငွေကျပ် တစ်သိန်း၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) မိသားစုက ငွေကျပ် ၁၁၁၁၁၁၊ အမှတ်စဉ်(၆) စာရေးနည်းသင်တန်းသား/သင်တန်းသူများက ငွေကျပ် တစ်သိန်း၊ ရန်ကင်းမြို့နယ်မှ ဒေါ်ကျင်တိုး (ဆရာမကြီး တိုးတိုး) မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်စိုး (မောင်ကျေးဖူး)မိသားစုက ငွေကျပ် သုံးသောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်စာရေးဆရာ အသင်းက ငွေကျပ် သုံးသောင်း၊ မာန်အောင်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ် သုံးသောင်း၊ သာကေတမြို့နယ်နေ စာရေးဆရာ မင်းရိုးယဉ်က ငွေကျပ် သုံးသောင်း စုစုပေါင်းအလှူငွေ ၃၄၃၁၁၁၁ ကို မြန်မာနိုင်ငံ စာရေးဆရာအသင်းက ဥက္ကဋ္ဌ စည်သူဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က လက်ခံရယူခဲ့ကြောင်းနှင့် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁- ၃၈၅၂၇၃၊ ၀၁- ၂၅၂၄၁၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၆-၁၁-၂၀၁၅ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူနှစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူသုံးဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းထုတ်ဝေခွင့်သုံးဦး၊ အထွေထွေထုတ်ဝေခွင့် ၁၀ ဦး၊ ပေါင်းလုပ်ငန်းအသစ် ၁၃ ဦးနှင့် ထုတ်ဝေသူအမည်ပြောင်းတစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၇ ဦးနှင့် အသစ်လျှောက်ထားသူ ၂၄၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၉၀ နှင့် အသစ်လျှောက်ထားသူ ၆၂၃ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ ၂၀၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းအသိအမှတ်ပြုလက်မှတ် ၂၉၁၆ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူနှစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ရွေးကောက်ပွဲရွှေ့ဆိုင်းထားသည့် ဒေသများအား အေးချမ်းသည့်အချိန်တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပေးမည်

**နေပြည်တော် နိုဝင်ဘာ ၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် The Carter Center မှ Mr. Jason Carter၊ အိုင်ယာလန်သမ္မတဟောင်း Ms. Mary Robison ခေါင်းဆောင်သော ရွေးကောက်ပွဲလေ့လာရေးအဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့မှု၊ ကော်မရှင်ဖွဲ့စည်းပုံ၊ ကော်မရှင်၏ တာဝန်များ၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မဲစာရင်းပြုစုပုံနှင့် လွှတ်တော် (၃) ရပ်ဖွဲ့စည်းမှုတို့အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် Mr. Jason Carter နှင့် အဖွဲ့ဝင်များ၏ မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြောကြားရာတွင် မဲစာရင်း ပြည့်စုံမှန်ကန်ရေးအတွက် ၂၀၁၄ ခုနှစ်မှစ၍ Pilot Project ဖြင့် တစ်နိုင်ငံလုံးအဆင့် အခြေခံမဲစာရင်းကို ပြုစုခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ မဲစာရင်းတွင် အမည်ပါရှိရေး ပူးပေါင်းဆောင်ရွက်ရန် ပြည်သူလူထုအား အသိပေးနှိုးဆော်ပြီး မဲစာရင်းမှန်ကန်ရေးအတွက် လုံလောက်သောအချိန်ပေးခဲ့ကြောင်း၊ The Carter Center ၏ သိက္ခာသမာဓိရှိမှုကို ယုံကြည်၍ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ် မဖြစ်ကို ဥပဒေနှင့်အညီ တိုင်းတာဆုံးဖြတ်ရန်လိုကြောင်း၊ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာပါ အချက်အလက်များသည် ဥပဒေနှင့်ညီညွတ်မှုရှိပါက အလေးထားမည်ဖြစ်ပြီး နိုင်ငံတကာစံနှုန်းများဖြင့် တိုင်းတာမှုကို မှတ်သား၍ လက်ခံနိုင်ပါက မြန်မာမှုပြုကာ နောင်ရွေးကောက်ပွဲများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ထုတ်ပြန်မည့် အခြေအနေနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ လွှတ်တော်အသီးသီးအတွက် ပြုစုပြီးသောရလဒ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲရလဒ် စိစစ်ရေးအဖွဲ့ဖြင့် စိစစ်၍ မီဒီယာစင်တာမှတစ်ဆင့် အတည်ပြုထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း၊ ကော်မရှင်မှအတည်ပြုကြေညာပြီးမှသာ တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ကြေညာမည်ဖြစ်ကြောင်း၊ မဲဆန္ဒနယ်ပြင်ပ ကြိုတင်မဲပေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတိကျအောင် ဆောင်ရွက်ထားကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း အငြင်းပွားမှုများကို ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်မှ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ညှိနှိုင်း၍မရပါက ရဲအရေးပိုင်သောအမှုဖြစ်လျှင် ရဲစခန်းတွင် အမှုဖွင့်၍ တရားရုံးတွင်ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် တရားမဲ့ပြုကျင့်မှုဖြင့် ကန့်ကွက်လွှာများတင်လာပါက ကော်မရှင်မှ ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့၍ Open court ဖြင့်စစ်ပြီး ဆုံးဖြတ်ချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းထုတ်ပြန်ပါကြောင်း၊ ၎င်းကန့်ကွက်လွှာအမှုများကို စီရင်ထုံးအဖြစ် ပြုစုထုတ်ဝေပါကြောင်း၊ ရွေးကောက်ပွဲရွှေ့ဆိုင်းထားသည့် ဒေသများအား အေးချမ်းသည့်အချိန်တွင် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ရခြင်းမှာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မဖြစ်ကို ဘက်လိုက်မှုမရှိဘဲ သိက္ခာရှိရှိ ထုတ်ပြန်ပေးနိုင်ရေးနှင့် နောင်ရွေးကောက်ပွဲများအတွက် ကောင်းသောအကြံဉာဏ်များရရှိလို၍ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဂုဏ်သိက္ခာရှိသော နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲအား ဘက်လိုက်မှုမရှိဘဲ ကျင်းပပေးသွားမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

◆◆◆

# နေပြည်တော်ရှိ မဲဆန္ဒရှင်များ မဲပေးရန် မဲရုံများအသင့်ဖြစ်နေပြီ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပမည်ဖြစ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်ရန်အတွက် မြန်မာနိုင်ငံတစ်နံတစ်လျား၌ မဲရုံများကို ပြင်ဆင်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေတွင် ရွေးကောက်ပွဲကျင်းပမည့်ရက်အတွက် မဲရုံများမှာ အသင့်အနေအထားသို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

“နေပြည်တော်ကောင်စီနယ်မြေမှာတော့ ရွေးကောက်ပွဲအတွက် မဲရုံတွေပြင်ဆင်မှုအနေအထားက အတော်လေး ပြီးစီးနေပြီလို့ပြောလို့ရပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေ အဆင်ပြေပြေ အေးအေးချမ်းချမ်းနဲ့ မဲပေးနိုင်ဖို့အတွက်လည်း ကော်မရှင်က အတတ်နိုင်ဆုံးအဆင်ပြေအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲကျင်းပမယ့်နေ့မှာ မဲရုံတွေဖွင့်လှစ်ဖို့အတွက် အသင့်အနေအထားရှိနေပါပြီ”ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ နေပြည်တော်မှ ဥက္ကဋ္ဌ ဦးအောင်ထက်ကျော်က မဲရုံပြင်ဆင်ထားမှုအခြေအနေများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

မဲဆန္ဒရှင်ပြည်သူအရေအတွက်အားဖြင့် ခုနစ်သိန်းခွဲခန့်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေတွင် မြို့နယ် ရှစ်မြို့နယ်ရှိပြီး အဆိုပါမြို့နယ်ရှစ်ခုတွင် မဲရုံများတည်ဆောက်ခြင်း၊ မဲပေးရန်အတွက်လိုအပ်သည့် မဲပုံးများထားရှိခြင်းတို့ကိုဆောင်ရွက်ထားပြီး မဲရုံတွင်တာဝန်ထမ်းဆောင်မည့်သူများလည်း အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

မဲရုံအရေအတွက်နှင့် စပ်လျဉ်း၍ တပ်ကုန်းမြို့နယ်တွင် မဲရုံ ၁၃၆ ရုံ၊ ဇေယျာသီရိမြို့နယ်တွင် မဲရုံ ၇၆ ရုံ၊ ပုဗ္ဗသီရိမြို့နယ်တွင် မဲရုံ ၇၅ ရုံ၊ ဥတ္တရသီရိမြို့နယ်တွင် မဲရုံ ၅၃ ရုံ၊ ပျဉ်းမနားမြို့နယ်တွင် မဲရုံ ၉၃ ရုံ၊ လယ်ဝေးမြို့နယ်တွင် မဲရုံ ၁၃၂ ရုံ၊ ဒက္ခိဏသီရိမြို့နယ်တွင် မဲရုံ ၁၅ ရုံ၊ ဇမ္ဗူသီရိမြို့နယ်တွင် မဲရုံ ၃၃ ရုံ စသည်ဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် မဲရုံပေါင်း ၆၁၃ ရုံအထိရှိကြောင်း သိရသည်။

**(ရာမည၊ နိုင်လင်းကြည်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ (၅-၁၁-၂၀၁၅) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင် သက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်၏ အပိုဒ် ၃ တွင် “၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းအား **စက်တင်ဘာလ (၇) ရက်မှ (၁၄) ရက်အထိ** တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်းကပ်ထားကြေညာခဲ့သော်လည်း” (အစား) “၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းအား **စက်တင်ဘာလ (၁၄) ရက်မှ (၂၇) ရက်အထိ** တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကပ်ထားကြေညာခဲ့သော်လည်း”ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**

# တပ်ကုန်းမြို့တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ် ၇၀ ရာခိုင်နှုန်း ထုတ်ပေးပြီးဖြစ်

**တပ်ကုန်း နိုဝင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် နိုဝင်ဘာ ၁ ရက်မှစတင်၍ ကြိုတင်မဲပေးခြင်းနှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

တပ်ကုန်းမြို့နယ်တစ်ခုလုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၆၂၄၂၈ ဦးရှိပြီး မဲရုံ ၁၃၆ ရုံရှိသည်ဟု တပ်ကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

တပ်ကုန်းမြို့တွင် မြဝတီရပ်ကွက်၊ အနော်ရထာရပ်ကွက်၊ ဆရာစံရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်၊ အောင်ဇေယျရပ်ကွက်နှင့် ဗိုလ်မင်းရောင်ရပ်ကွက်ဟု မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၂၈၀၂၇ ဦးရှိပြီး မဲရုံ ၁၅ ရုံရှိသည်ဟု တပ်ကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံးမှ ဦးစီးအရာရှိ ဦးခင်မောင်ဦးက ပြောကြားသည်။

တပ်ကုန်းမြို့ရှိ သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများနှင့် တာဝန်အရ ခရီးသွားလာရမည့်သူများသည် သက်ဆိုင်ရာ ရပ်ကွက်အလိုက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရွေးကောက်ပွဲ ကော်မရှင်ရုံးခွဲများတွင် ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိကြသကဲ့သို့ နိုဝင်ဘာ ၈ ရက်တွင် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ လာရောက်ထုတ်ယူလျက်ရှိသည်။ ယင်းကဲ့သို့ မဲဆန္ဒရှင်သက်သေခံလက်မှတ် လာရောက်ထုတ်ယူမှုမှာ နိုဝင်ဘာ ၆ ရက်အထိ ၇၀ ရာခိုင်နှုန်းခန့် ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **(အေဝမ်းစိုး)**

## မဲဆန္ဒရှင်များ သတိပြုရန်

နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ လျှို့ဝှက်ဆန္ဒမဲပြုပြီးသည့်အခါ တစ်စုံတစ်ယောက်က မဲဆန္ဒရှင်အနေဖြင့် မည်သူ့အား မဲပေးခဲ့သည်ကို မေးမြန်းလာလျှင် မိမိဆန္ဒအရ ဖြေကြားခြင်းမပြုလိုက မပြုနိုင်ကြောင်းနှင့် မဲဆန္ဒရှင်၏မဖြေကြားလိုမှုကို အတင်းအကျပ် မေးမြန်းခြင်းသည် ရွေးကောက်ပွဲပြစ်မှုမြောက်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုင်ကြားနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မဲဆွယ်စည်းရုံးခြင်းနှင့် စပ်လျဉ်းသည့် ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
မဲဆွယ်စည်းရုံးခြင်းနှင့်စပ်လျဉ်းသည့် ကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၆**

၁။ မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုရမည်ကို အေးချမ်းစွာ စဉ်းစားဆုံးဖြတ်နိုင်ရန် ၆-၁၁-၂၀၁၅ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၈-၁၁-၂၀၁၅ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည်ဟု ကြေညာချက်အမှတ် (၆၈/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါကာလတွင် မဲရုံမှကိုက် ၅၀၀အတွင်း၌ဖြစ်စေ၊ အပြင်၌ဖြစ်စေ လုံးဝမဲဆွယ်စည်းရုံးခြင်းပြုလုပ်ခွင့်မရှိပါ။

၃။ ရွေးကောက်ပွဲကျင်းပပြီးသည်နှင့် မဲဆွယ်စည်းရုံးရေးကာလသည်လည်း ကုန်ဆုံးသွားပါသည်။ မဲဆွယ်စည်းရုံးခြင်းကာလကုန်ဆုံးပြီးနောက်ပိုင်း စုဝေးခြင်း၊ လှည့်လည်ခြင်း၊ ဟောပြောခြင်းသည်ဒေသဆိုင်ရာ အာဏာပိုင်များ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့များအား တင်ပြခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မဲဆန္ဒရှင်များ ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များအား လဲလှယ်ခွင့်မရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ဆန္ဒပြုပြီးသော ဆန္ဒမဲလက်မှတ်များအား
လဲလှယ်ခွင့်မရှိကြောင်း ကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၆**

၁။ မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲလက်မှတ်ထုတ်ယူချိန်၌ မဲလက်မှတ်စုတ်ပြဲနေလျှင်လည်းကောင်း၊ မှတ်သားထားသည်သည်ဟု ယူဆရသော အမှတ်အသားများနှင့် အစွန်းအထင်းများပါရှိနေလျှင်လည်းကောင်း မဲလက်မှတ်အား ပြန်လည်လဲလှယ်ပေးရန် တောင်းဆိုနိုင်ပါသည်။

၂။ ဆန္ဒမဲလက်မှတ်အား ဆန္ဒပြုပြီးချိန်တွင် လဲလှယ်ပေးရန် တောင်းဆိုက လဲလှယ်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**

## ပြည်တွင်းရေးရာ

### ● မဲဆန္ဒရှင်များမှ

မဲပေးရမည့် လုပ်ငန်းအဆင့်ဆင့်မှာ ကနဦးအနေဖြင့် မဲပေးနိုင်ရန်အတွက် မဲရုံရှေ့တွင် တန်းစီစောင့်ဆိုင်းရမည်ဖြစ်ပြီး မဲရုံအတွင်းဝင်လာသော မဲဆန္ဒရှင်၏ လက်ဝဲဘက်လက်သန်းအား မင်တို့ခြင်းရှိမရှိ လုံခြုံရေးက စစ်ဆေးပါမည်။ ထို့နောက် မဲဆန္ဒရှင်သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲစားပွဲသို့ သွားရောက်၍ မိမိ၏မဲဆန္ဒရှင်သက်သေခံလက်မှတ်အား မဲစာရင်းစစ်ဆေးသူထံ ပြသရမည်ဖြစ်ပြီး မဲစာရင်းစစ်ဆေးသူသည် မဲစာရင်းနှင့် သက်သေခံလက်မှတ်အား တိုက်ဆိုင်၍စစ်ဆေးမည်ဖြစ်သည်။

ထို့နောက် မဲဆန္ဒရှင်အနေဖြင့် မဲစာရင်းပါ မိမိ၏အမည်ဘေးတွင် လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး မဲလက်မှတ်ထုတ်ပေးသူသည် မဲဆန္ဒရှင်အား ဆန္ဒမဲလက်မှတ်စာအုပ်ပါ မဲလက်မှတ်အား ဖြတ်မပေးမီ လက်ခံဖြတ်ပိုင်းပေါ်ရှိ ဆန္ဒမဲလက်မှတ်တွင် လက်မှတ်ရေးထိုးရမည်ဖြစ်သည်။ အကယ်၍ လက်မှတ်မထိုးတတ်ပါက လက်ဝဲလက်မနှိပ်ရန် တောင်းဆိုနိုင်ပြီး ဆန္ဒမဲလက်မှတ်တွင် မဲရုံမှူးလက်မှတ် ပါ/မပါစစ်ဆေး၍ မပါရှိက ဆန္ဒမဲလက်မှတ်ထုတ်ပေးသူအား အသိပေးပြီး ဆန္ဒမဲလက်မှတ်အသစ်တစ်စောင်တောင်းယူနိုင်ကြောင်း သိရသည်။

မဲဆန္ဒရှင်သည် ဆန္ဒမဲပေးရန် လျှို့ဝှက်ဆန္ဒပြုခန်းသို့ သွားရောက်ရမည်ဖြစ်ပြီး ဆန္ဒပြုသည့် တံဆိပ်တုံးကိုယူ၍ ဆန္ဒမဲလက်မှတ်ပါ မိမိပေးလိုသည့် ကိုယ်စားလှယ်လောင်း၏အကွက်နေရာတွင် တံဆိပ်ရိုက်နှိပ်ပေးရမည်ဖြစ်သည်။ ထိုသို့ တံဆိပ်တုံးရိုက်နှိပ်ပြီးလျှင် မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ အစိမ်းရောင်အဖုံးနှင့် ပြည်သူ့လွှတ်တော်မဲပုံးတွင် ထည့်ရမည်ဖြစ်သည်။

ထို့အတူ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တို့ကိုလည်း မဲပေးရန်အတွက် မဲဆန္ဒရှင်သည် ပြည်သူ့လွှတ်တော်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်မှုတွင် မဲပေးခွင့်ရရှိသည့် မဲဆန္ဒရှင်များသည်လည်း ထိုသို့လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ လွှတ်တော်အလိုက် ဆန္ဒမဲပေးပြီးပါက မဲဆန္ဒရှင်သည် မင်တို့ပေးသူထံ သွားရောက်ပြီး လက်ဝဲဘက် လက်သန်းအား မင်အိုးထဲနှစ်၍ မင်တို့ရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့အဆင့်ဆင့် အမှားအယွင်းမရှိ အဆင်ပြေစွာလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံသားတိုင်း၏ ရပိုင်ခွင့်ဖြစ်သော အဖိုးထိုက်တန်သည့် အသည်းကြားက မဲတစ်ပြားအား မိမိတို့ရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းအတွက် ထိရောက်စွာမဲပေးနိုင်မည်ဖြစ်သည်။ **(နေသန်၊ အလင်းသစ်)**

### ❍ မြန်မာယူ-၂၀ မှ

မေသူကျော်၊ ဝင်းသိင်္ဂီထွန်း၊ လှယဉ်ဝင်း စသည့် အမာခံများ လူစုံပါဝင်ခဲ့သည်။ မြန်မာအသင်းမှာပထမပိုင်းတွင် ဂိုးသွင်းယူခဲ့နိုင်ခြင်းမရှိသော်လည်း ဒုတိယပိုင်းတွင် အနိုင်ဂိုးသုံးဂိုးစလုံးသွင်းယူခဲ့ခြင်းဖြစ်သည်။ ၅၀၊ ၅၁ မိနစ်တို့တွင် ဝင်းသိင်္ဂီထွန်းက နှစ်ဂိုးဆက်သွင်းယူခဲ့ပြီး တတိယဂိုးကို ၈၆မိနစ်တွင် ခင်မို့မို့ထွန်းက သွင်းယူပေးခဲ့သည်။

မြန်မာအသင်းသည် နှစ်ပွဲကစားနှစ်ပွဲနိုင် ခြောက်မှတ်ရရှိထားပြီး နောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၈ ရက်တွင် ဟိုချီမင်းစီးတီးအသင်းနှင့် ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှာ ပတ်လည်စနစ်ဖြင့် ကစားပြီး အမှတ်အများဆုံး အသင်းဗိုလ်စွဲမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**




### ❖ မြန်မာနိုင်ငံတစ်ဝန်းမှ

"ဒီပွဲကို MEP မှာ ပြုလုပ်တာ နှစ်ကြိမ်ရှိပါပြီ။ ဒီလောက်နေရာအကျယ်အဝန်းမှာ ပန်းချီကားအများကြီးကို ခုလိုတွေ့မြင်ရတာ၊ ဖော်ထုတ်ပြသခွင့်ရတာဟာ အနုပညာရှင်တွေအတွက်သာမက အများပြည်သူတွေအတွက်ပါ အကျိုးရှိပါတယ်။ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေကတော့ မြန်မာ့အငွေ့အသက်ပါတဲ့ မြန်မာ့ဟန်လေးတွေကို သဘောကျ စိတ်ဝင်စားကြသလို ပြည်တွင်းဝယ်ယူသူတွေက သဘာဝအတိုင်းတည်ရှိတဲ့ ပန်းချီကားတွေ၊ မော်ဒန်ပန်းချီတွေကို စိတ်ဝင်စားကြတယ်။ ဒါကြောင့် ဒီပွဲမှာ အနုပညာရှင်တစ်ဦးချင်းစီရဲ့ ပန်းချီလက်ရာတွေကို ဖော်ထုတ်ပြသထားတော့ လက်ရာအစုံကို ကြည့်ရှုလေ့လာနိုင်ခွင့်ရစေတယ်" ဟု မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံးမှ ဦးထွန်းဝင်းက ပြောသည်။

ထို့ကြောင့် ယင်းပြပွဲတွင် ပြသထားသောပန်းချီကားများစွာထဲမှ ပန်းချီပညာရှင်တချို့နှင့်တွေ့ဆုံ၍ သူတို့၏ လက်ရာ၊ စိတ်ကူးများအကြောင်းကို တွေ့ဆုံမေးမြန်းခဲ့သည်။

**ပန်းချီကျော်တင့်**

ကျွန်တော်ဒီပွဲမှာ ကက္ကူဘုရားနှင့်ပအိုဝ်းအမျိုးသမီးနှစ်ယောက် ဘုရားရှိခိုးနေပုံကို ရေဆေးပန်းချီရေးထားတာပါ။ ရေးဖြစ်ပုံကကျွန်တော်တို့ ပန်းချီ၊ ပန်းပု အစည်းအရုံးအဖွဲ့နဲ့ ရှမ်းပြည်အောက်ဒိုးခရီးသွားတဲ့အခါ ကက္ကူဘုရား ရင်ပြင်မှာ ဒီပအိုဝ်းအမျိုးသမီးနှစ်ယောက် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဘုရားရှိခိုးနေတဲ့ ကာရိုက်တာရယ်၊ တိုင်းရင်းသား ရိုးရာဝတ်စုံလေးတွေကို သဘောကျတာရယ်ကြောင့် ဒီပန်းချီကို ရေးဖြစ်သွားတာပါ။

**ဦးထွန်းဝင်း**

"ဆရာက မာလကာသီးတို့ ပန်းသီးတို့ အရေးများတယ်။ တချို့ဆိုရင် ရေးလွန်းလို့ ဆရာ့ကို မာလကာသီးလို့တောင် ခေါ်ကြတယ်။ အခုဒီပွဲမှာလည်း မြတ်စွာဘုရားရှင်လက်ဖဝါးပေါ်မှာ မာလကာသီးကို ဆွမ်းတော်ကပ်ထားတဲ့ပုံကို ၄ ပေ ၃ပေ ဆိုဒ်နဲ့ ရေးပြီး ပြသထားတယ်။

**ဦးမြင့်အိုတူး(ခ)မြတ်ကောင်း**

ဒီကားကို ရုပ်ပြ ပြပွဲမှာ ကျွန်တော်ပြဖူးတယ်။ ရုပ်ပြရဲ့အငွေ့အသက်ကို ဘယ်နည်းနဲ့ပြရမလဲဆိုရင် ရုပ်ပြမှာ စာမျက်နှာတစ်ခုလှန်လိုက်ရင် ကတ်တွေခွဲတယ်။ ကတ်တွေခွဲပြီးရေးတတ်တဲ့ အလေ့အထကို ပန်းချီကားမှာဆိုရင် ဘယ်သူမှမလုပ်သေးဘူးထင်တာပဲ။ ဒါကြောင့် ဒီဧရိယာတစ်ခုထဲမှာ ပန်းချီကားငါးကားကို ကတ်တွေခွဲပြီး ထည့်လိုက်တယ်။ ကျွန်တော်ဒီပန်းချီကားကို စတည်လိုက်တာက ဖန်ခွက်ကလေးတွေနဲ့ဖန်တွေကိုရေးပြချင်တာ။ ဖန်တွေမှာ အရောင်မရှိဘူးဆိုပေမယ့် ပတ်ဝန်းကျင်က အရောင်တွေ ရိုက်ခတ်နေတာကို ပြချင်တော့ ရေးချလိုက်တယ်။ အဆင်ပြေသွားတယ် နောက် ဒုတိယကတ်မှာ ငှက်ပျောသီးပုံ၊ ငှက်ပျောသီးကို ချစ်တယ်ဗျ။ သူက အလင်းရောင် အားကောင်းပြီးတော့ အဝါရောင်စူးစူးက လူတွေကို ဆွဲဆောင်နိုင်တယ်။ ငှက်ပျောသီးကို ငါးကားတိတိလောက် ဆက်တိုက်ရေးလိုက်တဲ့အချိန်မှာ ငှက်ပျောသီးကိုလည်း နားလည်သွားတယ်။ ဒါကြောင့် ငှက်ပျောသီးပုံ တစ်ကားထည့်ရေးလိုက်တယ်။ နောက် ပဒေါင်အမျိုးသမီးကြီးကို ရေးချင်တော့ သူ့မှာ အဓိကပြချင်တာက သူ့လည်ပင်းက ကွင်းတွေနဲ့ လက်က ကွင်းတွေရဲ့အရောင်တွေ၊ အဲဒါတွေက ချစ်ဖို့ကောင်းတယ်။ ဒါကြောင့် မျက်နှာကို ဖြတ်ထုတ်ပြီး ရေးလိုက်တယ်။ နောက်ဆုံးအောက်က နှစ်ကွက်မှာတော့ လူပုံတွေထည့်ရင် ကောင်းမယ်ဆိုပြီး နတ်ကန္နားစီးနေတဲ့ပုံရယ်၊ လူပုံတွေထည့်ရေးဖြစ်သွားတာပါပဲ။

ပန်းချီပန်းပု အနုပညာရပ်များသည် အလွန်ကျယ်ပြန့်နက်ရှိုင်းလှသော အနုသုခုမပညာရပ်များဖြစ်သည်။ ပန်းချီ၊ပန်းပု ဆရာတစ်ဦးချင်းစီ၏ ဖန်တီးနိုင်မှု အနုပညာရပ်များသည် မိမိနိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူစရာပင်ဖြစ်သည်။ ထို့ကြောင့် ဂုဏ်ယူစရာအနုသုခုမပညာရပ်များကို အဆိုပါပြပွဲမှ တစုတဝေးတည်း ကြည့်ရှုခံစားနိုင်သည့်အတွက် ဝမ်းသာမိကြောင်းနှင့် ယခုထက်ပိုမိုဖန်တီးပြသနိုင်ကြပြီး မြန်မာ့ပန်းချီကားများ နိုင်ငံတကာထိ ထိုးဖောက်နိုင်စေရန် ကြိုးစားကြစေလိုသည်ဟု ပြပွဲလာကြည့်သူတစ်ဦးက ဆိုသည်။

ယင်းပြပွဲတွင် ပန်းချီးကားတစ်ကားကို အနည်းဆုံး ၁သိန်းမှ သိန်း၂၀၊၃၀တန်ဖိုးထိ ဝယ်ယူရရှိနိုင်ပြီး ပြပွဲကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်ထိ ကျင်းပပေးသွားမည် ဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-သိမ့်ရွှေရည်**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ်(ရန်ကုန်)ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် Phyo Sithu Trading Ltd (Teak Plantation) & Eco Natural Resort မှအဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ သတ္တမပွဲစဉ် (ရန်ကုန်) ၏တတိယနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၅ ရက် နံနက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။



ပြိုင်ပွဲတတိယနေ့ (၁၈)ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ ဇော်ဇော်လတ် (HAN Golf Academy)က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၂ ချက်ဖြင့် ပထမ၊ သိန်းဇော်မြင့် (Mizuno) နှင့်အောင်ဆန်းဝင်း(Mizuno) တို့က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့်ဒုတိယ လိုက်နေကြပြီး ဝါသနာရှင်အဆင့်အမျိုးသားပြိုင်ပွဲတွင် စည်သူရဲရင့်က စုစုပေါင်း ရိုက်ချက် ၂၂၂ ချက် ဖြင့်ပထမ၊ ဟိန်းစည်သူက စုစုပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ဒုတိယ၊ မင်းနိုင်စိုးကစုစုပေါင်းရိုက် ချက် ၂၂၃ ချက်ဖြင့် တတိယရရှိကာ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲတွင် ယဉ်မေမျိုးက စုစုပေါင်းရိုက်ချက် ၁၄၃ ချက်ဖြင့် ပထမ၊ အေးအေးအောင်က စုစုပေါင်းရိုက်ချက် ၁၄၈ ချက်ဖြင့် ဒုတိယ၊ မေဦးခိုင်က စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် တတိယလိုက်နေကြသည်။

**ဖိုးသော်ဇင်**

## အဲကွန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၆၄)လမ်းနှင့် (၆၅)လမ်းကြား (က) ရပ်ကွက်တွင် နိုဝင်ဘာ ၆ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀က အဲကွန်း မီးအားထိန်းကိရိယာ အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ နံကပ် နှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၀ စီးနှင့် လူမှုကူညီရေးအသင်း အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃နာရီ ၃မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါမီးလောင်မှုဖြင့် နေအိမ်ပိုင်ရှင် မချိုမာဦးအား ပြည်ကြီးတံခွန် မြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



## အများပြည်သူဝန်ဆောင်မှုရုံးဖွင့်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) OSS ရုံးဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ OSS ရုံးဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်မိုးဦးက ဌာနဆိုင်ရာများ၏ လုပ်ငန်းများကို"ပြည်သူ့အတွက် OSS"ဟူသော ဆောင်ပုဒ်နှင့်အညီ ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

အဆိုပါရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပါဝင်ကြောင်း ပြည်သူများ၏လိုအပ်ချက်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ဝင်းမင်း)**

**ဖတ်စရာ/မှတ်စရာ**

# ကျောက်စိမ်းများဖြင့်တည်ထားသည့်ဝေရောစနစေတီတော်မြတ်သို့လာရောက်ဖူးမြော်သူများပြား

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေး အကောင်းဆုံး ကျောက်စိမ်းများထွက်ရှိရာ နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ကျောက်စိမ်းဆိုသည် မှာလည်း ရတနာကိုးပါးအနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ ယခုအခါ အမရပူရမြို့နယ်တွင် တန်ဖိုးကြီးမားသည့်ကျောက်စိမ်းများဖြင့် ဝေရောစန စေတီတော်မြတ်ကြီးအား တည်ထားကိုးကွယ်လျက်ရှိသည်။

အဆိုပါ စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညို အပန်းဖြေအနားယူကြသူများနှင့် စည်ကားလျက်ရှိသည်။

ဝေရောစန စေတီတော်မြတ်ကြီးသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမှူးကျေးရွာ အုပ်စု ကွင်းအမှတ် ၆၂၈၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ မိုင်တိုင် (၃၆၁) အနောက်ဘက်ပေ ၆၀၀ ခန့်နှင့် စစ်ကိုင်းမြစ်ငယ် ကားလမ်း၏ မိုင်တိုင် (၄/၇)တောင်ဘက် ပေ ၁၀၀၀ခန့်တွင် တည်ရှိသည်။

အဆိုပါ စေတီတော်မြတ်ကြီးသည် မုခ်ဦးလေးမုခ်အပါအဝင် လှေကားဘေးတက်၊ မကန်၊ သရက်ကင်းများ၊ စိန်တောင်များနှင့် စေတီတော်တစ်ဆူလုံးအား ကျောက်စိမ်း မြန်မာမှုလက်ရာများနှင့်အတူ ဖန်တီးပေါင်းစပ် တည်ထားခြင်းဖြစ်ကာ မြန်မာမှုလက်ရာပိုင်းအတွက် အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ ကျောက်စိမ်း မြန်မာမှုပညာရှင်များက တာဝန်ယူဆောင်ရွက်ထားခြင်းဖြစ်သည်။

စေတီတော်တွင် နှစ်လက်မပတ်လည်အရွယ်အစားရှိ ကျောက်စိမ်းဆင်းတုတော်ပေါင်း သုံးသောင်းကို ကပ်လှူပူဇော်ထားသည်။ ထို့အပြင် စေတီတော်မုခ်ဦး လေးမုခ်ရှိ တံကဲ ဥယျာဉ် ( ခေါ် ) ဥကင်းတော် ဥယျာဉ်တို့ရှိ ဒုရင်ဗိမာန်တွင် မြတ်ဗုဒ္ဓ၏ဖွားတော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦး ဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်း၊ ရုပ်ပုံတော်မြတ်များ စေတီတော်ပတ်လည်တွင် ပါရမီတော် (၁၀) ပါး ကျောက်စိမ်းစာလုံးများ၊ ပန်းတင်ခုံနံရံအထက်တွင် အောင်ခြင်း ရှစ်ပါးအောင်တော်မူခန်းများ၊ ဇာတ်တော်ကြီး(၁၀)ဘွဲ့ အစရှိသော ကျောက်စိမ်းပန်းချီကားတော်များကို ထည့်သွင်းပူဇော်ထားသည်ကို တွေ့ရသည်။

ထို့အတူ အရှေ့ဘက်အထက်ပစ္စယံတို့တွင် ကျောက်စိမ်းဆင်းတုတော် တစ်ဆူတို့ကိုလည်းကောင်း၊ ပထမပစ္စယံ၊ ဒုတိယပစ္စယံနှင့် တတိယပစ္စယံတို့တွင် ဗောဓိညောင်ပင်နှင့် ဘုမိဖဿဗုဒ္ဓရုပ်ပွားတော်၊ ဈာနမုဒြာဗုဒ္ဓရုပ်ပွားတော်၊ သန္တိမုဒြာဗုဒ္ဓရုပ်ပွားတော်၊ အဘယမုဒြာ ဗုဒ္ဓရုပ်ပွားတော်၊ စိဝရဟတ္ထဗုဒရုပ်ပွားတော်တို့ကိုလည်းကောင်း၊ မုခ်ဦးလေးမုခ် တံကဲဝဲယာတို့တွင် မဟာဗောဓိညောင်ပင်ပုံသဏ္ဌာန် ကျောက်စိမ်းရုပ်ပုံတို့ကို လည်းကောင်း



အသီးသီး ပုံဖော်ပူဇော်ထားလျက်ရှိသည်ကို တွေ့ရသည်။

ကမ္ဘာတည်သရွေ့ ကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ရှိနေရေးအတွက်ရည်ရွယ်ကာ ငလျင်ဒဏ် ရစ်ချ်တာစကေး ၆ ဒသမ ၅၉ နှင့် လေဒဏ်များကို ခံနိုင်ရည်ရှိစေရန် ကမ္ဘာ့နောက်ဆုံးပေါ် တည်ဆောက်ရေးစနစ်ဖြစ်သည့် ဘိုးပိုင်စနစ်နှင့်အတူ သံကူကွန်ကရစ် အဆင့်မြင့် သံမဏိစတီးများနှင့် အမာခံရယူ တည်ထားခြင်းဖြစ်ကြောင်းလေ့လာသိရှိရသည်။

အဆိုပါစေတီတော်မြတ်ကြီး တည်ထားမှုတွင် ကျောက်စိမ်းအရိုင်းတုံးများနှင့် အုတ်တစ်ချပ်မျှ ပါဝင်ခြင်းမရှိဘဲ အလှူရှင်ကိုယ်တိုင် နှစ်ပေါင်း ၂၅ နှစ်ကျော်တိုင်အောင် အမြတ်တနိုးစုဆောင်းထားရှိခဲ့ပြီး နိုင်ငံတကာ ကျောက်စိမ်းဈေးကွက်ဝင် အရည်အသွေးကောင်းမွန်သည့် အေဘီစီဒီ အဆင့်ရှိ ကျောက်စိမ်းပေါင်း စုစုပေါင်း တန်ချိန်တစ်ထောင်ကျော်ကို အသုံးပြုထားကြောင်းနှင့် ကျောက်စိမ်းအသား ကျောက်တန်ချိန် ၈၅၀ အား ဌာပနာထည့်သွင်းထားပြီး ငှက်ပျောဖူးတော်တွင် အေအဆင့်ရှိ အရည် ကျောက်စိမ်းများဖြင့် ပူဇော်ထားခြင်းအပြင် စိန်ဖူးတော်ကြီးများမှာလည်း ကျောက်စိမ်းဖြင့်သာပြုလုပ်ထားသည့် စိန်ဖူးတော်ဖြစ်သည်။

**စိုင်းလှူမင်း**

# မိခင်အိုပေးမယ့်မေတ္တာ"မဲ"(သို့)အဖြူရောင်"ဆန္ဒမဲ"

ကျွန်တော်ရဲ့အမေဟာ အသက် ၈၀ နားနီးပါးရှိပါပြီ။ အမေဟာ ရန်ကုန်မြို့မှာ ကျွန်တော် မိသားစုနဲ့ အတူနေဖို့ခေါ်ပေမယ့် မပျော်ဘူးဆိုပြီး ကျွန်တော်တို့ဇာတိမြို့ကလေးနဲ့ မနီးမဝေးက ရွာလေးတစ်ရွာမှာ မူလတန်းပြဆရာမ ညီမအငယ်ဆုံးနဲ့အတူ နေပါတယ်။ မကြာခင် မဲတွေပေးရတော့မယ် အချိန်မှာ ငယ်ငယ်က စာကောင်းကောင်း မသင်ရလို့ နာမည်လောက်သာရေးတတ် စာနည်းနည်းပဲတတ်အမေ့ကို သတိရနေမိပါတယ်။ ရွာက ညီမလေး ကျောင်းက ပြန်ရောက်တော့ ဖုန်းခေါ်ပြီး အမေနဲ့စကားပြောဖြစ်ပါတယ်။

"အမေမကြာခင်မှာ မဲတွေထည့်ရမှာ၊ အမေ မဲထည့်နည်းလည်း ညီမလေးကိုသင်ခိုင်းဦး" ကျွန်တော်ကဆိုတော့ အမေက "ညီမလေးကိုမေးပြီး သင်ထားပြီးပြီ။ တီဗွီမှာလည်းခဏခဏပြလို့ သိနေပြီလို့" ပြောပါတယ်။ တစ်ဆက်တည်းမှာပဲ အမေက ပြောပါတယ် "သားကြီးရယ် အမေတို့က ခေတ်အမျိုးမျိုးကိုဖြတ်သန်းခဲ့ပါပြီ။ အငိုလွယ်ပြီး အရှိုက်ခက်တာတွေလည်း တွေ့ကြုံခဲ့ပါပြီ။ အမေငယ်ငယ်က အကြောင်းတွေ သားကြီးကို ပြောဖူးပါတယ်။ အမေတို့မောင်နှမ ကိုးယောက်ရှိတဲ့ မိသားစုမှာ အမေက အငယ်ဆုံး၊ အမေ ၁၃ နှစ် အရွယ်မှာ အမေတို့ရွာမှာ မတည်မငြိမ်ဖြစ်၊ အဖွဲ့အစည်းအမျိုးမျိုး၊ ဝါဒအမျိုးမျိုး၊ သဘောထားကွဲကြ၊ နောက်ဆုံးအမေရဲ့ အဖေရွာသူကြီးကို မေးစရာရှိလို့ဆိုပြီးခေါ်လို့ သွားရ၊ တစ်ခါ အိမ်ပြန်ရောက်ပြန်တော့ နောက်တစ်အဖွဲ့က သတင်းပေးတယ်ဆိုပြီးနှိပ်စက်၊ နောက်ဆုံးတော့အဖေသေ၊ ရွာသူကြီးဖြစ်တဲ့ အဖေ သေတော့ အမေ့အစ်ကိုတွေက တောခိုသူကခို၊ တပ်ထဲဝင်တဲ့သူကဝင် နောက်ညီအစ်ကိုတွေ သတ်ကြ၊ ဖြတ်ကြ၊ သေကြနဲ့ မိသားစု ပြိုကွဲခဲ့တာပဲ။ ဒါနဲ့ အားကိုးရာမဲ့တဲ့ အမေဟာ အဒေါ်ဝမ်းကွဲတစ်ယောက်အိမ်မှာ ထမင်းစား ကျွန်ခံဘဝနဲ့ ကျောင်းစာ မသင်ရဘဲ ကြီးပြင်းခဲ့ရတာပါ။ ဒါကြောင့် နိုင်ငံရေးတွေတော့ အမေမသိပါဘူးကွယ်။ မြို့ပေါ်မှာ ကုမ္ပဏီအလုပ်လုပ်တဲ့ သားကြီးဖြစ်တဲ့မင်းရယ်၊ ခရီးဝေးကုန်ကားမောင်းတဲ့ မင်းညီလေးရယ်။ ဟိုဘက်ရွာမှာ ကျောင်းဆရာမလုပ်ပြီး အမေနဲ့ အတူနေတဲ့ မင်းညီမလေးရယ်။ မင်းတို့မောင်နှမ သုံးယောက် ဥပဒေဘောင်ထဲမှာ အေးအေးချမ်းချမ်း နေရအောင် တည်တည်ငြိမ်ငြိမ်နဲ့ လုပ်ကိုင်စားသောက်ပြီးကြီးပွားတိုးတက်အောင်လုပ်ပေးမယ့် သူကိုပဲ မဲထည့်မယ်" လို့အမေကပြန်ပြောပါတယ်။ နောက်အမေပြောတဲ့စကားတစ်ခွန်းက ကျွန်တော်ရင်ကိုထိခိုက်မိပါတယ်။ "အမေ မသေခင် အေးအေးချမ်းချမ်းနဲ့ ဆွမ်းလောင်းရင်း မင်းတို့မောင်နှမသုံးယောက်ကို နေ့စဉ်ဘုရားရှိခိုး မေတ္တာပို့ပေးနိုင်အောင် တာဝန်ယူနိုင်မယ့်သူ အမေလိုချင်တယ်တဲ့"။

ကျွန်တော်ရှက်မိတာရှိပါတယ်။ ကျွန်တော်တို့က နိုင်ငံခြားပြန်ဘွဲ့ရ ပညာတတ်တွေမို့၊ နိုင်ငံရေးဒဿနတွေ၊ ဘောဂဗေဒ သီအိုရီတွေ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာစံနှုန်းတွေနဲ့ စဉ်းစားပြီး၊ မဲပေးဖို့စဉ်းစားနေကြချိန်မှာ သေစာရှင်စာတောင် ကောင်းကောင်းမတတ်တဲ့ ကျွန်တော် အမေက ဆန္ဒမဲထည့်ဖို့ စဉ်းစားတွေးခေါ်နိုင်လိမ့်မယ်လို့ မထင်ခဲ့မိပါဘူး။ အမေအပေါ်လျှော့တွက်မိပါတယ်။ ခုတော့ အမေဆီက ကျွန်တော်ထင်မထားတဲ့ အဖြေနဲ့ အမေဖြတ်သန်းခဲ့တဲ့ ဘဝအတွေ့အကြုံတွေအပေါ် အခြေခံပြီး အခုလာမယ့်ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးတာတောင်၊ သားသမီးတွေဖြစ်တဲ့ ကျွန်တော်တို့ဘဝတွေ အေးအေးချမ်းချမ်းလုပ်ကိုင် စားသောက်နိုင်ဖို့၊ ကြီးပွားတိုးတက်ဖို့စဉ်းစားရင်းမဲထည့်မယ်လို့ ပြောတာကြားရတော့ ကျွန်တော်အမေအသက် ၈၀ အရွယ် အဘွား အိုရဲ့မဲဟာ ကျွန်တော်တို့အတွက် မေတ္တာ"မဲ" ပါပဲ။ တစ်နည်းအားဖြင့် စာတွေထဲမှာ ဖတ်ရှုမှတ်သားဖူးသလို မိခင်မေတ္တာကြောင့် မိခင်ရဲ့ သွေးသားတွေဟာ နို့အဖြစ် အဖြူရောင်ပြောင်းလဲသွားသလို၊ ကျွန်တော်တို့ မောင်နှမတွေရဲ့ အေးချမ်းသာယာတဲ့ အနာဂတ်အတွက် မိခင်မေတ္တာနဲ့ အမေထည့်မယ့်မဲတစ်မဲဟာ တည်ငြိမ်အေးချမ်းမှု အရောင်ပြောင်းလဲသွားမယ့် အဖြူရောင်မဲတစ်မဲ ဖြစ်ပါတယ်။ အနန္တကျေးဇူးရှင် ကျွန်တော်၏ မိခင်အိုကြီးနှင့်တကွ နိုင်ငံတစ်ဝန်းရှိ အမေကဲ့သို့ မိခင်အပေါင်းတို့အား ဦးညွှတ်ဂါရဝပြုရင်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးအား ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။

**ထွန်းနိုင်ဦး(စက်မှုတက္ကသိုလ်)**

# စေတနာ

စနေနေ့ရုံးပိတ်ရက်တစ်ရက်၌ သပြေကုန်းဈေးသို့ သွားရောက်၍ လိုအပ်သည်များ ဝယ်ခြမ်းစဉ် ကျွန်မစီးနင်းလိုက်ပါတဲ့ အငှားယာဉ်နှင့် တစ်ဖက်ယာဉ်ကြောမှ မော်တော်ဆိုင်ကယ် မတော်တဆ တိုက်မိပြီး သတိလစ်ကာ နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိ သွားခဲ့ပါတယ်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၌ တာဝန်ကျဆရာဝန်များက ဆေးထိုးခြင်း၊ ပုလင်းချိတ်ဆွဲခြင်းများ ဇယ်ဆက်သလို ဆောင်ရွက်နေစဉ် ကျွန်မအနား၌ "အန်တီသတိရပြီလား၊ သမီးအနား မှာရှိတယ်၊ ဘာမှစိတ်မပူနဲ့၊ ဂုဏ်တော်များများပွားနေ"ဆိုတဲ့ ကလေးမလေးရဲ့ တတွတ်တွတ်ပြောတဲ့ အသံအား နားထဲ၌ မပီဝိုးတဝါးကြားယောင်နေခဲ့မိပါတယ်။

မကြာမီသတိပြန်ရသည့် အချိန်၌ ဌာနဆိုင်ရာလူကြီးများ၊ လုပ်ဖော်ကိုင်ဖက်များ ရောက်ရှိ၍ သူတို့ရဲ့ နှစ်သိမ့်အားပေးစကားများမှာ ကျွန်မရောဂါတစ်ဝက်ပျောက်ကင်းသလိုခံစားရပြီး ကျွန်မကို စေတနာသန့်သန့်နှင့် ဆေးရုံကို ကူညီလိုက်ပို့တဲ့ ကလေးမလေးမှာ သပြေကုန်းဈေး အထည်ဆိုင်က ဖြစ်တယ်လို့ သူငယ်ချင်းက ပြောပြချက်အရ သိရပါတယ်။

ထို့နောက် ကျွန်မအား မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသဆောင်သို့ ခေါ်ဆောင်သွားပြီး အဆိုပါ အဆောင်၌ တက်ရောက်ကုသမှုခံယူနေစဉ် လိုအပ်သော ဆေးဝါးများ သယ်ဆောင်လာတဲ့ သူငယ်ချင်းအား ဆေးဖိုး ခေတ္တစိုက်ထုတ်ပေးရန်နှင့် နောက်မှ ပြန်ပေးမည်ဟုပြောသော အခါ သူငယ်ချင်းက ခေါင်းခါကာ ယူဆောင်လာသော ဆေးတွေအားလုံးမှာ ဆေးရုံမှ အလကား(အခမဲ့)ထုတ်ပေးပါတယ်လို့ ရှင်းပြရာ အံ့အားသင့်မိခဲ့ပါတယ်။

ကျွန်မ လူမှန်းသိတတ်စကာလကတည်းက ဆေးရုံဆိုသည်မှာ ပတ်တီး၊ ဂွမ်းလိပ်၊ အပ်က အစ ဝယ်ယူရသည်ဟု သိထားခဲ့ရာ ထိုခေတ် ထိုအခါက အခြေခံလူတန်းစားများသည် ဆေးရုံဆိုလျှင် ဝေးဝေးရှောင်ကြပါတယ်။ ရောဂါဖြစ်လို့မလွှဲမရှောင်သာ ဆေးရုံတက်ရောက်ကုသမည် ဆိုပါက ဝယ်ယူရမည့် ဆေးစာရွက်ကို ဖတ်ကြည့်ကာ ဆေးဖိုးမတတ်နိုင်လို့ ကြောက်လန့်ပြီး ဆေးရုံနောက်ပေါက်ကနေပြန်လှည့်ထွက်သွားကြသည့် လူနာများစွာ ရှိတတ်ကြောင်းကြားသိရပါတယ်။

အိမ်နှင့် ရုံး၌သာ အချိန်ကုန်လွန်ခဲ့တဲ့ ကျွန်မသည် မြန်မာပြည်ကြီး ငါးနှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုအား တွေ့မြင်ကြားသိရသော်လည်း မဆိုင်သလိုနေခဲ့မိ၏၊ ဆေးရုံ၌ ကိုယ်တွေ့ကြုံခံစားလာသောအခါ နိုင်ငံတော်၏ စေတနာကို အထူးကျေးဇူးတင်ခဲ့မိ၏။ နိုင်ငံတော်မှ ပြည်သူအတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ရန်ပုံငွေ တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ရလဒ်ကောင်းအနေဖြင့် လူနာများ၏ စိုက်ထုတ် ကုန်ကျငွေသည် ၂၀၁၁ ခုနှစ်တွင် ၈၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းအထိ လျှော့ချ၍ ယခုအခါ တဖြည်းဖြည်းလျှော့ချနိုင်ပြီဖြစ်ပါတယ်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီးတွင် ဆရာဝန်အဓိဌာန်ပြု ကတိသစ္စာ ခုနှစ်ချက်နှင့် သူနာပြုသစ္စာအဓိဌာန် ရှစ်ချက်များအနက် တူညီသည့်အချက်မှာ "လူသားအားလုံး၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေးအား ကျွန်ုပ်၏အရေးကဲ့သို့ ယူဆပါမည်" ဟု ဖော်ပြပါရှိခဲ့သည့်အတိုင်း ဆရာဝန်များ၏ နွေးထွေးသော စေတနာနှင့် သူနာပြုများ၏ နှလုံးသားမှ အပြုံးများကြောင့် ပြည်သူ့ဆေးရုံကြီးသည် ပြည်သူတွေက အားကိုးလာသည့် ဆေးရုံကြီးအဖြစ် တည်ရှိလာနိုင်ပါပြီ။

နိုင်ငံတော်မှ ပြည်သူလူထုအား ထိရောက်သောစေတနာဖြင့် အကျိုးပြုခဲ့လျှင် ပြည်သူဘက်ကလည်း နိုင်ငံတော်အတွက် မည်ကဲ့သို့ စေတနာဖြင့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည်ဟု စဉ်းစားမိလာပါတယ်။ ကျွန်မသည် ခုတင်ဘေးပတ်ဝန်းကျင်အား မျက်လုံးဝေ့ကြည့်သောအခါ ကျွန်မလိုဖြစ်စဉ်ခြင်း မတူသော်လည်း ရောဂါစုံ၊အရွယ်စုံ၊ လူမျိုးစုံ တက်ရောက်ကုသနေသော လူနာများအား ခုတင်အပြည့်၌ရှိနေပါတယ်။

ခုတင် ၁၀၀၀ ဆံ့ဆေးရုံတွင် လူနာတစ်ဦးလျှင် အနည်းဆုံး လူနာစောင့်တစ်ဦးနှုန်းနှင့် လူနာ ၁၀၀၀ လျှင် လူနာစောင့် ၁၀၀၀ အပါအဝင် စုစုပေါင်း လူဦးရေ ၂၀၀၀ ၏ နေ့စဉ်သုံးစွဲနေသော လျှပ်စစ်မီး၊ သောက်ရေ၊ သုံးရေ၊ ရေချိုးကန်၊ အိမ်သာ၊ အမှိုက်စသည်တို့ကို မိမိတို့၏ ဖြူစင်သန့်ရှင်းသော အသိစိတ်ဓာတ်ဖြင့် စည်းကမ်းတကျ ကိုင်တွယ်သုံးစွဲတတ်မည်ဆိုပါက နိုင်ငံတော်၏ ဘဏ္ဍာငွေများကို ထိန်းသိမ်းရာရောက်ပြီး နိုင်ငံတော်၏ စေတနာကို အသိအမှတ်ပြု တုံ့ပြန်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**ညို(လူမှုကယ်ဆယ်)**

## ပြည်တွင်းရေးရာ

# “ရှုံးတဲ့သူဖြစ်စေ၊နိုင်တဲ့သူဖြစ်စေ အရှိတရားကို လက်ခံပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲပြီးသွားစေချင်တယ်”

(စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်)

# “တိုင်းပြည်အကျိုး၊ ပြည်သူအကျိုး တကယ်ကြည့်တဲ့သူကိုပဲ ရစေချင်တယ်”

(မထက်ဝေဝေအောင်၊ရန်ကုန်စီးပွားရေးတက္ကသိုလ်)

*၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးအရ ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ရရှိထားသည့် မဲတစ်ပြားကို အဆုံးရှုံးမခံဘဲ နိုင်ငံ၊ မြို့ရွာ၊ ရပ်ကွက် အကျိုးဆောင်ပေးမည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများအား ဆန္ဒပြုရွေးချယ်နိုင်တော့မည့် အခွင့်အရေးကို ရရှိကြတော့မည်ဖြစ်သည်။အဆိုပါ ရွေးကောက်ပွဲနေ့နှင့် စပ်လျဉ်းပြီး ပြည်သူများ၏ လိုလားချက် စကားသံများကို စုစည်းရေးသားလိုက်ရပါသည်။*



စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်

မဲပေးရမယ့်နေ့မှာ သံဃာတော်တွေဆွမ်းလောင်းပြီးလို့ ၁၀ နာရီလောက်မှ သွားပေးဖြစ်မှာပါ။ ၁၉၅၄ တုန်းက ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးအတွက် တစ်ခါ မဲပေးဖူးတယ်။ နောက်တော့ ၁၉၇၄၊ ၁၉၉၀၊ ၂၀၁၀နဲ့ အခု ၂၀၁၅ ဆိုတော့ အသက် (၈၃) နှစ်တာကာလမှာ မဲပေးခဲ့တာအကြိမ်ကြိမ်ပါပဲ။ မဲပေးခွင့်ရတယ်ဆိုတာ အင်မတန်ဂုဏ်ယူတယ်။ နိုင်ငံသားဖြစ်လို့သာ မဲပေးခွင့်ရတာလေ။ ငယ်ငယ်တုန်းကတော့ ဘယ်သူ့ကိုပေးမယ်၊ ဘယ်ဝါ့ကိုပေးမယ် အဲလို အတ္တရှိတယ်။ အခုတော့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအကျိုးကို ကြည့်တဲ့သူ၊ တကယ်လုပ်ပေးမယ့်လူမျိုးတွေပဲ ရွေးပြီး မဲပေးမှာ။ ကိုယ့်ရဲ့ ဆန္ဒမဲတစ်ပြားကို မဆုံးရှုံးဖို့ ပယ်မဲဖြစ်မသွားအောင် ဂရုစိုက်ရမယ့်အပြင် မဲပေးရမယ့်နေ့မှာလည်း မဲရုံကိုသွားပြီး မဲပေးကြစေချင်ပါတယ်။ ရွေးကောက်ပွဲဝင်တဲ့ ပါတီတွေအနေနဲ့လည်း ရွေးကောက်ပွဲပြီးတဲ့အခါ ရှုံးတဲ့သူဖြစ်စေ၊နိုင်တဲ့သူဖြစ်စေ အရှိတရားကို လက်ခံပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲပြီးသွားစေချင်တယ်။



ဦးလေးမောင်[လှည်းကူးအထက -၁၊ကျောင်းအုပ်(ငြိမ်း)]

မဲပေးမယ့်နေ့မှာ မဲရုံက နံနက် ၆ နာရီစဖွင့်မှာဆိုတော့ လူရှင်းတဲ့အချိန် စောစောစီးစီး သွားပြီး မဲပေးမယ်။ အိမ်မှာမဲပေးမယ့်သူ ငါးယောက်ရှိတယ်။ နိုင်ငံသား တစ်ယောက်ရဲ့ အခွင့်အရေးတစ်ခုအနေနဲ့ သွားပေးမယ်။ ကိုယ့်ရဲ့ ဘာသာသာသနာကို မြတ်နိုးတဲ့သူ၊ ချစ်ခင်တဲ့သူကိုတော့ ဖြစ်စေချင်တာပါ။ မဲပေးတာ ၁၉၉၀ ခုနှစ်ကနေ အခုနဲ့ဆို သုံးကြိမ်ရှိပါပြီ။ ကိုယ့်မဲတစ်ပြားက ကိုယ်ပေးချင်တဲ့သူရအောင် အသည်းကြားက မဲတစ်ပြား မဆုံးရှုံးအောင် စည်းကမ်းလေးတွေ သိအောင်လုပ်ထားရပါတယ်။ ရွေးကောက်ပွဲကာလပြီးလည်း အေးအေးချမ်းချမ်း ဖြစ်သွားဖို့ အရေးကြီးတယ်။ ဘာပဲပြောပြော အေးချမ်းစွာပဲ နေထိုင်ချင်တယ်။



ဦးအောင်မိုး (ကုန်စုံဆိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်

မဲပေးရမယ့် မဲရုံကို သိပြီးပြီဆိုတော့ စောစောပဲ သွားပေးမယ်။ အခုတစ်ကြိမ် မဲထည့်ဖို့ တအားစိတ်အားထက်သန်နေတယ်။ ကိုယ့်တိုင်းပြည်၊ကိုယ့်မြို့နယ်ဖွံ့ဖြိုးအောင် လုပ်မယ့်သူကို မဲပေးမှာပါ။ မဲပေးမယ့်လူက အိမ်မှာ နှစ်ယောက်ရှိတယ်။ ပယ်မဲမဖြစ်အောင် ဘယ်လိုပေးရမယ်ဆိုတာ သတင်းစာထဲမှာလည်း ဖတ်ထားတော့ သိထားပါတယ်။

စိုးရိမ်တာက ညနေ ၄ နာရီနောက်ပိုင်း မဲရေတွက်လို့ အရှုံးအနိုင် အဖြေထွက်လာရင် အေးအေးချမ်းချမ်း ဖြစ်သွားမယ်ဆို ပိုကောင်းပါတယ်။ လက်ဝှေ့သမားတွေတောင်မှပဲ တစ်ယောက်နဲ့တစ်ယောက် ကြိုးဝိုင်းထဲမှာထိုးကြတာ ပွဲပြီးသွားလို့ အရှုံးအနိုင် ပေါ်လာရင် ရှုံးတဲ့သူကလည်း လက်ခံတယ်။ နိုင်တဲ့သူကလည်း လက်ခံတယ်။ ပြီးရင် ပခုံးဖက်ပြီး နိုင်တဲ့သူက ရှုံးတဲ့သူကို နှစ်သိမ့်ပေးတယ်။ ဘာပြဿနာမှ မရှိဘူး၊ ပြီးရင် စင်အောက်ကို ဆင်းသွားကြတယ်။ ဒီလိုပဲ ဖြစ်စေချင်တယ်။ တိုင်းပြည်ရုတ်ရုတ်သဲသဲဖြစ်ရင် ဘာလုပ်မှာလဲ၊ နောက်ထပ်လည်း ရွေးကောက်ပွဲတွေက ရှိနေမှာပဲ၊ ဒီတစ်ကြိမ်မရ နောက်တစ်ကြိမ်ပေ့ါ။ အခုရှုံးသွားတယ်၊ အဲဒီအရှုံးကို ဘာကြောင့်ရှုံးတယ် သုံးသပ်ပြီး ပြုပြင်ပြီးတော့ နောက်တစ်ကြိမ်မှာ ကောင်းအောင်လုပ်လို့ ရသေးတာပဲ။

ကိုလွင်မင်း( တက္ကစီ အငှားယာဉ်မောင်း)

ကျွန်တော်က ကားမောင်းနေရတာဆိုတော့ အလုပ်အားတဲ့အချိန်လေးမှာ သွားပေးမှာပါ။ ပြည်သူတစ်ယောက်အနေနဲ့ ပြည်သူလူထုအတွက် ကောင်းတဲ့သူကိုပဲ သမ္မတဖြစ်စေချင်တယ်။ ဘယ်သူရယ် ဘယ်ဝါရယ်လို့တော့မဟုတ်ဘူး၊ တက်လာတဲ့ သူကတော့ တိုင်းပြည်ကောင်းအောင် လုပ်သွားကြမှာပါပဲ။ မဲပေးတာနဲ့ ပတ်သက်လို့ သိထားပြီးပါပြီ။ တီဗွီမှာကြေညာတယ်။ ရေဒီယိုတွေကနေလည်း အသိပညာပေးတာတွေ ကားမောင်းရင်း နားထောင်နေတော့ နားရည်ဝနေပြီ။ မဲပေးပြီးလို့ မဲရေတွက်တဲ့အခါမှာလည်း အားလုံးအေးအေးချမ်းချမ်းနဲ့ပဲပြီးသွားစေချင်တယ်။ ကျွန်တော်တို့ ပြည်သူတွေဆိုတာက တိုင်းပြည်အေးချမ်းမှ ကောင်းကောင်းမွန်မွန် ရှာဖွေစားသောက်လို့ရမှာပါ။

မထက်ဝေဝေအောင်(ရန်ကုန်စီးပွားရေးတက္ကသိုလ်)

ပထမဆုံးမဲပေးခွင့်ရတာဆိုတော့ အလွန်ပဲစိတ်လှုပ်ရှားပါတယ်။သူငယ်ချင်းတွေကလည်း တအားတက်ကြွနေတာ မနက်စောစောသွားပေးကြမယ်။ တိုင်းပြည်အကျိုး၊ ပြည်သူအကျိုး တကယ်ကြည့်တဲ့သူကိုပဲ ရစေချင်တယ်။ တိုင်းဒေသကြီးမှာ မဲပေးဖို့ကျတော့ ကိုယ့်ရပ်ရွာကို တကယ်လုပ်ပေးနေတဲ့သူ၊ ရပ်ရွာထဲ တကယ်ဆင်းပြီး အလုပ်လုပ်နေတဲ့သူကို ပေးမှာပါ။ မဲပေးမယ့်နေ့မှာ မဲပေးရမယ့် ပရဝဏ်အတွင်းမှာ ဘယ်ပါတီကိုတော့ မဲပေးခဲ့ပါတယ်ဆိုတာမျိုးတို့၊ ပါတီတံဆိပ်၊ အလံတွေ မယူရဘူးဆိုတာမျိုးတော့ သိထားပါတယ်။

တွေ့ဆုံမေးမြန်း - သီသီမင်း/ဓာတ်ပုံမင်းသစ်

## လှိုင်ကော်မြို့နယ်မဲရုံများ၌ မဲရုံသရုပ်ပြဆောင်ရွက်

**လှိုင်ကော် နိုဝင်ဘာ ၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံသရုပ်ပြခြင်းကို လှိုင်ကော်မြို့နယ်ရပ်ကွက်(၄)ရပ်ကွက် ကျေးရွာအုပ်စု (၃)အုပ်စု အတွင်းရှိမဲရုံများတွင် နိုဝင်ဘာ ၅ ရက်က ကျင်းပသည်။

အဆိုပါ မဲရုံသရုပ်ပြသနေမှုကို မဲရုံတွင်တာဝန်ယူဆောင်ရွက်ရမည့် ဆရာ ဆရာမများ၊ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မဲဆန္ဒရှင်များပါဝင်ပြီး မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူများ တစ်ခုချင်းအလိုက် မဲပေးပုံပေးနည်း အဆင့်ဆင့် ဆောင်ရွက်ချက်များ၊ မဲစာရင်းရေတွက်ပုံ ရေတွက်နည်းတို့ကို သရုပ်ပြသ ဆောင်ရွက်လျက်ရှိရာ လှိုင်ကော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးသန့်၊ မြို့နယ်ရွေး ကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲရုံသရုပ်ပြသနေမှုအား လာရောက်ကြည့်ရှုကြသည်။

**ခရိုင်ပြန်/ဆက်**

## ကျောင်းကုန်းမြို့၌ ဌာနဆိုင်ရာများ ကြိုတင်မဲပေး

**ကျောင်းကုန်း နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်ဆန္ဒမဲပေးမှုကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

မဲရုံများတွင် တာဝန်ထမ်းဆောင်ရမည့် ပညာရေးဝန်ထမ်းများ၊ စီးပွားရေးဘဏ်ဝန်ထမ်းများ၊ ခရီးသွားမည့်ပြည်သူများ၊ ဌာနဆိုင်ရာများက လာရောက်ကြိုတင်မဲပေးခဲ့ကြသည်။ယင်းသို့ပေးရာတွင် မိမိအားတာဝန်ချထားပေးသည့်စာကို မိတ္တူဆွဲ၍ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲထံ ပေးကြရသည်။

ညနေ ၃နာရီတွင် ရပ်ကွက်အတွင်းရှိ ကျန်းမာရေးမကောင်းသော သက်ကြီးရွယ်အိုများအား ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## တာချီလိတ်၌ ဆန္ဒမဲပေးနည်း သရုပ်ပြရှင်းလင်း

**တာချီလိတ် နိုဝင်ဘာ ၆**

၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးခြင်းအား လွယ်ကူလျင်မြန် အဆင်ပြေစေရေး လက်တွေ့မဲပေးနည်း သရုပ်ပြရှင်းလင်းခြင်းကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဘုရင့်နောင်ဈေးရှိ မဲရုံ အမှတ်(၃)၌ ကျင်းပခဲ့ကြောင်းသိရသည်။

မဲပေးနည်းသရုပ်ပြဆောင်ရွက်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်ဝင်းမောင်၊ အတွင်းရေးမှူး ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင် နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထိန်မင်း၊ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူး ၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲစာရင်း စစ်ဆေးသူများ၊ မဲလက်မှတ်ထုတ်ပေးသူများ ဆောင်ရွက်မည့် ဆရာ ဆရာမများ၊ မဲရုံလုံခြုံရေးများနှင့် မဲဆန္ဒရှင်ပြည်သူများတက်ရောက်သည်။

ထို့အတူ ရန်အောင်မြေရပ်ကွက်ရှိ အမှတ်(၂) မဲရုံ၊ မိုင်းကိုးကျေးရွာအုပ်စုရှိ အလက-ပန်ဟတ် မဲရုံ၊ တာလေမြို့ရှိ တာလေ - အထက မဲရုံနှင့် ကျိုင်းလပ်မြို့ အထက-ဝမ်နတ်မဲရုံတို့တွင် မဲပေးနည်းသရုပ်ပြရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ဘိုင်ယန်ကို အာဆင်နယ်ဘာကြောင့် ဒီလောက်အထိဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာလဲ

ရှိုင်ယန်ဟောဒင်
ရေးသားသည်။

အာဆင်နယ်နဲ့ ဘိုင်ယန်တို့ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၄)မှာ အာဆင်နယ်အနေနဲ့ အခုလောက်အထိဘာကြောင့် ဆိုးဆိုးရွားရွား အရေးနိမ့်ခဲ့ရတာလည်းဆိုတာ စဉ်းစားကြည့်ရအောင်ပါ။ အာဆင်နယ်အနေနဲ့ ငါးဂိုးအသွင်းခံရပြီး သွင်းဂိုး တစ်ဂိုးသာ ပြန်လည်ချေပနိုင်တဲ့အနေအထားက ဥရောပရဲ့ စံမီတဲ့အသင်းဖြစ်ဖို့ အဝေးကြီးလိုသေးတယ်ဆိုတာ သက်သေပြရာလည်း ရောက်ခဲ့ပါတယ်။ ဒါဆို အိမ်ကွင်းမှာတုန်းကတော့ ဘိုင်ယန်ကို ဘာလို့နှစ်ဂိုး-ဂိုးမရှိနဲ့အနိုင်ကစားနိုင်ခဲ့သလဲ၊ အဖြေက ရှင်းရှင်းလေးပါ။ အာဆင်နယ်ရဲ့ ကစားသမားတွေက အိမ်ကွင်းမှာကစားတဲ့ စိတ်ဓာတ်ခွန်အားမျိုး အဝေးကွင်းမှာ ပျောက်ဆုံးနေပြီး သရေတစ်မှတ်အတွက်သာ ဦးတည်ကစားနေလို့ ဘိုင်ယန်တို့ပြုသမျှ လည်စင်းခံလိုက်ရတာပါ။

**(၁)ခံစစ်ချည်းသက်သက်ဖြင့်ကစားရန် ကြိုးပမ်းခဲ့ခြင်း**

နံပါတ်(၁)ကတော့ နည်းပြအာစင်ဝင်းဂါးနဲ့ အာဆင်နယ်ကစားသမားတွေက ပွဲကြိုမှာ ပရိသတ်ကိုပေးထားတဲ့ကတိအတိုင်း ကစားဖို့ ပျက်ကွက်ခဲ့ကြပြီး ခံစစ်ချည်းသက်သက်နဲ့ကစားဖို့ ကြိုးစားခဲ့တဲ့အတွက် ဘိုင်ယန်ရဲ့ စိတ်ကြိုက်ဖြစ်ခဲ့ပြီး အခုလောက်အထိ ဂိုးပြတ်အရေးနိမ့်ခဲ့တာပါ။ ဘိုင်ယန်မှာ လီဝမ်ဒေ့ါစကီး၊ မူလာတို့လို အင်မတန်လျင်မြန်တဲ့ တိုက်စစ်မှူးတွေ ရှိနေတာကို ဝင်းဂါးအနေနဲ့ မေ့လျော့နေတဲ့ပုံပါပဲ။ ခံစစ်ကို အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ ဂိုးပြန်သွင်းဖို့ ကြိုးစားတဲ့ ဝင်းဂါးရဲ့ ဗျူဟာက ပရီမီယာလိဂ်မှာပဲ အလုပ်ဖြစ်ပါလိမ့်မယ်။

ဘိုင်ယန်လို ရှေ့၊ နောက်၊ အလယ် အင်ပြည့်အားပြည့် အင်အားရှိတဲ့အသင်းကို ခံစစ်ချည်းပဲကစားနေရင် ပေးဂိုးတွေ များလာမယ်ဆိုတာ နည်းဗျူဟာချမှတ်တဲ့ နည်းပြက ကြိုတင်မှန်းဆနိုင်ရမှာပါ။ အခုတော့ ဝင်းဂါးက ၂၀၁၁-၂၀၁၂ ဘောလုံးရာသီက ချန်ပီယံလိဂ်မှာ ချယ်လ်ဆီးဗိုလ်စွဲတုန်းက ဒီမက်တီယိုကျင့်သုံးခဲ့တဲ့ ပုံစံနဲ့ ဘိုင်ယန်ကို ကစားဖို့ကြိုးစားခဲ့တာကြောင့် အာဆင်နယ်ပရိသတ်တွေ အသည်းကွဲခဲ့ရတာပါ။အဲဒီတုန်းက ဘိုင်ယန်နည်းပြနဲ့ အခုဘိုင်ယန်နည်းပြက နည်းဗျူဟာ ချဉ်းကပ်မှုအပိုင်း မတူသလို ကစားသမားတွေလည်းအများကြီး အပြောင်းအလဲလုပ်ထားတယ်ဆိုတာ ဝင်းဂါးအနေနဲ့ သတိမူရမှာပါ။

**(၂)ဒဏ်ရာရကစားသမားများနေရာတွင် အစားထိုးရန် လုံလောက်သည့် ကစားသမားအင်အားမရှိခြင်း**

အခုလို ပွဲဆက်များနေတဲ့အချိန်မှာ အာဆင်နယ်မှာ ဒဏ်ရာရကစားသမားတွေ များပြားနေပြီး သူတို့တွေရဲ့နေရာကို အရန်သင့် အစားထိုးနိုင်မယ့် ကစားသမား အင်အားမျိုး မရှိတာ ကလည်း အသင်းရဲ့ ရလဒ်ဆိုးတွေကို ဆောင်ကြဉ်းလာသလိုပါပဲ။ ဒီအတွက် အာဆင်နယ်ပရိသတ်တွေအနေနဲ့ အပြစ်တင်မယ်ဆို နည်းပြဝင်းဂါးကိုပဲ အပြစ်တင်ရမှာပါ။ အပြောင်းအရွှေ့ကို စီးပွားရေးဆန်ဆန် အမြဲတွက်ချက်ပြီး ကစားသမားသစ်ခေါ်ယူဖို့ တွန့်ဆုတ်ခဲ့တာကြောင့် အသင်းမှာ လုံလောက်တဲ့ အရန်အင်အားမရှိတာ ဖြစ်ပါတယ်။ ဒဏ်ရာရကစားသမားစာရင်းမှာ ရိုဆက်စကီး၊ အတီတာ၊ ဝီရှိုင်းယား၊ ဝဲလ်ဘတ်၊ ချိန်ဘာလိန်၊ ဝဲလ်ကော့၊ ရမ်ဆေး၊ ဘယ်လာရင်၊ ကိုစီရယ်နီနဲ့အော်စပီနာတို့ ပါဝင်နေကြပါတယ်။ တစ်သင်းစာလောက် ဒဏ်ရာရကစားသမားများနေပြီး အစားထိုးဖို့လူအင်အားမရှိချိန်မှာ ဘိုင်ယန်လိုအသင်းမျိုးနဲ့ ကစားခဲ့ရတာ အာဆင်နယ်အတွက် ကံဆိုးခဲ့ပါတယ်။

**(၃) ဥရောပမှာအကောင်းဆုံးအသင်းဆိုတဲ့ ဘိုင်ယန်**

ဝင်းဂါးနဲ့ အာဆင်နယ်ကစားသမားတွေအနေနဲ့ လက်ရှိဥရောပရဲ့ အကောင်းဆုံးအသင်းတွေထဲမှာ ဘိုင်ယန်က ထိပ်ဆုံးကပါတယ်ဆိုတာကို လျစ်လျူရှုခဲ့တဲ့အချက်ပါ။ အာဆင်နယ်အနေနဲ့ မန်ယူကိုသုံးဂိုးပြတ်နဲ့ အနိုင်ယူနိုင်ခဲ့တယ်ဆိုတာက ဗန်ဟားလ်လက်ထက်မှာ မန်ယူက အခုမှ တည်ဆောက်ဆဲအဆင့်မှာပဲရှိနေပါသေးတယ်။ လွန်ခဲ့တဲ့ ငါးနှစ်က ချန်ပီယံလိဂ်ရလဒ်တွေကိုပြန်ကြည့်ရင် ဘိုင်ယန်က ဥရောပရဲ့ ခြေစွမ်းအတည်ငြိမ်ဆုံးနဲ့ အကောင်းဆုံးအသင်းတစ်သင်းဖြစ်တယ်ဆိုတာ အထင်အရှားတွေ့ကြရမှာပါ။ ဘိုင်ယန်လိုအသင်းမျိုးနဲ့ ရင်ဆိုင်ရချိန်မှာ အိုဇေးလ်၊ ကာဇိုလာ၊ ကိုကွာလင်၊ ဆန်းချက်ဇ်တို့လို တစ်ဦးချင်းစွမ်းရည်ကောင်းတဲ့ ကစားသမားတွေရဲ့ အင်အားကို ညှစ်ထုတ်ဖို့ မကြိုးစားဘဲ ခံစစ်ဦးစားပေးပုံစံနဲ့ပြင်ဆင်လာခဲ့တဲ့ ဝင်းဂါးရဲ့ နည်းဗျူဟာပိုင်းက မေးခွန်းထုတ်စရာပါ။

ဒီအချက်သုံးချက်ကို လိုက်နာဖို့မေ့လျော့နေခဲ့တဲ့ ဝင်းဂါးနဲ့ အမြောက်တပ်သားတွေက အခုတော့ ကိုယ့်ကံကြမ္မာကိုယ်မဖန်တီးနိုင်ဘဲ ဘိုင်ယန်နဲ့ အိုလံပီယာကော့စ်ရဲ့ ရလဒ်ကို စောင့်စားရင်းနဲ့ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ကို တက်ရောက်ဖို့ ဝေဝါးနေပြီဆိုတာ. . . . ။



# ဗာဒီ အား သတိပေးစကား ပြောကြားလိုက်သည့် ရှိုင်းဟော့ဆန်

မေလွဲ့သင်း

အင်္ဂလန်နည်းပြရှိုင်းဟော့ဆန်က လက်စတာ တိုက်စစ်မှူး ဗာဒီအနေဖြင့် ကလပ်အသင်းဖော်များ၏ အကြံဉာဏ်ပေးသည့်နေရာတွင် ကစားခွင့်ရရှိမည်မဟုတ်ဘဲ ၎င်းကစားခိုင်းသည့် နေရာတွင်သာ ကစားရမည်ဖြစ်ကြောင်း သတိပေးစကားပါးခဲ့သည်။

ဗာဒီ၏ လက်စတာတွင် ပြသနေသောခြေစွမ်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရပြီး ပွဲစဉ်လေးပွဲဝင်ရောက်ကစားခွင့်ရရှိခဲ့သည်။ ဗာဒီမှာ လက်စတာအတွက် ပွဲစဉ် (၁၁)ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး ၁၁ ဂိုးအထိ သွင်းယူထားနိုင်သူဖြစ်သည်။

ဗာဒီအား လက်စတာအသင်းကစားဖော် ကပ်စပါရှမိုက်ကယ်က အင်္ဂလန်တွင်ကစားနေရသော တောင်ပံတိုက်စစ်မှူးနေရာထက် ဗဟိုတိုက်စစ်မှူးအဖြစ်ကစားပါက ပိုမိုခြေစွမ်းပြနိုင်မည်ဖြစ်ကြောင်း အကြံပြုခဲ့ရာ ရှိုင်းဟော့ဆန်က ယခုကဲ့သို့ ပြန်လည်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

“ခင်ဗျားအနေနဲ့ လက်ရွေးစင်အသင်းမှာ သုံးလေးပွဲကစားရရုံနဲ့ ဟိုနေရာမှာကစားချင်တယ်၊ ဟိုအတိုင်းနည်းဗျူဟာချရင် ပိုကောင်းတယ်ဆိုတဲ့ အကြံပြုချက်မျိုး နည်းပြတစ်ယောက်ကိုပြောလို့ရတဲ့ အနေအထားမရှိသေးပါဘူး။ ခင်ဗျားအနေနဲ့ ခံယူထားရမှာက နိုင်ငံ့လက်ရွေးစင်အသင်းအတွက် ကျရာနေရာကနေ အကောင်းဆုံးပေးဆပ်ကစားချင်တယ်ဆိုတဲ့ စိတ်ဓာတ်မျိုးမွေးမြူထားရပါမယ်။ ကျွန်တော်ကတော့ ဂျေမီ(ဗာဒီ)က ရှေ့တန်းနေရာသုံးနေရာစလုံးမှာ ကစားနိုင်တယ်လို့ ယူဆပါတယ်။ သူက အခုမှ အင်္ဂလန်အတွက် နှစ်ပွဲပဲ ကစားခွင့်ရသေးတော့ ဘယ်နေရာမှာ အံကျမလဲဆိုတာ ကျွန်တော်စမ်းသပ်ကစားခိုင်းဆဲအဆင့်မှာပဲရှိနေပါသေးတယ်။

ကလပ်အသင်းဖော်တွေက ကောင်းတဲ့အကြံပေးတယ်ဆိုပေမယ့် နိုင်ငံ့လက်ရွေးစင်အသင်းမှာတော့ နည်းပြတစ်ယောက်က ချမှတ်ထားတဲ့ ဗျူဟာအတိုင်း လိုက်ပါကစားဖို့ လိုအပ်ပါတယ်” ဟု ရှိုင်းဟော့ဆန်က ဆိုခဲ့သည်။

# ကျောနံပါတ်(၁၀)နှင့် ထိုက်တန်ကြောင်း သက်သေပြဖို့လိုအပ်နေတဲ့ ပေါ့ဘာ


ဂျူဗီ၏ကျောနံပါတ်(၁၀)ပိုင်ရှင်သစ် ပေါလ်ပေါ့ဘာအနေဖြင့် ယခုထက်ခြေစွမ်းပိုမိုတိုးတက်ရန် အချိန်တစ်ခုလိုအပ်နေသေးကြောင်း ဂျူဗင်တပ်အသင်းခေါင်းဆောင်ဟောင်း ဒယ်ပီယာရိုက ပြောကြားလိုက်သည်။

ပေါ့ဘာသည် တိုက်စစ်မှူးတီဗက်ဇ်ထွက်ခွာသွားသဖြင့် ဂျူဗီ၏ကျောနံပါတ်(၁၀)ဝတ်ဆင်ခွင့်ရရှိခဲ့သူဖြစ်သည်။သို့သော် အဆိုပါပြင်သစ်ကွင်းလယ်ကြယ်ပွင့်ကစားသမားမှာ ယခုနှစ်ဘောလုံးရာသီတွင် ပုံမှန်ခြေစွမ်းအောက်ရောက်ရှိနေပြီး ဂျူဗင်တပ်မှာလည်း နှစ်ပေါင်း(၃၀)အတွင်း အဆိုးရွားဆုံးရာသီအစဖြင့် ရလဒ်ဆိုးများထဲမှာ ရုန်းမထွက်နိုင်သေးပေ။

ဂျူဗင်တပ်နှင့် မိုချန်ဂလာဘတ်အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်၌ ပေါ့ဘာ၏ခြေစွမ်းအပေါ် နည်းပြအယ်လီဂရီက ချီးကျူးခဲ့သော်လည်း ဒယ်လ်ပီယာရိုကမူ ပေါ့ဘာမှာ ခြေစွမ်းပိုင်းတိုးတက်အောင် များစွာကြိုးပမ်းရမည်ဖြစ်ကြောင်း တိုက်တွန်းခဲ့သည်။

ဒယ်လ်ပီယာရိုက ပေါ့ဘာမှာ ငယ်ရွယ်ပြီးခြေစွမ်းထက်မြက်သည့်ကစားသမားဖြစ်သောကြောင့် ကျောနံပါတ်(၁၀)ကို ဝတ်ဆင်ခွင့်ရရှိသူဖြစ်ကြောင်း၊ သူ၏ခြေစွမ်းနှင့်အလားအလာကောင်းများကြောင့်လည်း ဥရောပရှိ ကလပ်အသင်းတစ်ဝက်လောက်က သူ့အားအလိုရှိခြင်းဖြစ်ကြောင်း၊ သို့သော် အများများထဲမှသင်ခန်းစာယူကာ ယခုထက်ပိုမိုကောင်းမွန်သော ခြေစွမ်းကို ပိုင်ဆိုင်ခွင့်ရရန် အချိန်တစ်ခုလိုအပ်နေဆဲဖြစ်ကြောင်း ဒယ်လ်ပီယာရိုက အကြံပြုပြောကြားခဲ့သည်။

[မေလွဲ့သင်း]



# စီရိုနယ်လ်ဒို ထုတ်နုတ်ပြတဲ့ နောက်မျိုးဆက်ကြယ်ပွင့်ကစားသမားများ



ရီးယဲလ်တောင်ပံတိုက်စစ်မှူး စီရိုနယ်လ်ဒိုက နောင်လာမယ့် ဘောလုံးမျိုးဆက်မှာ ကြယ်ပွင့်ကစားသမားဖြစ်နိုင်မယ့် ကစားသမားငါးဦးရဲ့ အမည်စာရင်းကို ထုတ်နုတ်ပြခဲ့ပါတယ်။ သူရွေးချယ်ခဲ့တဲ့ကစားသမားငါးဦးကတော့ ရီးယဲလ်လူငယ်တိုက်စစ်မှူးအော်ဒီဂတ်၊ ချယ်လ်ဆီးကွင်းလယ်ကစားသမားအေဒင်ဟာဇက်၊ မန်ယူကျောနံပါတ်(၇)ပိုင်ရှင်သစ် မန်းဖစ်ဒီပေး၊ ဂျူဗင်တပ်ကွင်းလယ်လူပေါ့ဘာနှင့် ဘာစီလိုနာတိုက်စစ်မှူးနေမာတို့ ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုဟာ ဆယ်ကျော်သက်အရွယ် ၂၀၀၃ခုနှစ်မှာ ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းနဲ့ မန်ယူကို ရောက်ရှိလာချိန်မှာ စီနီယာကစားသမားကြီးတွေက သူ့ကိုနောက်မျိုးဆက်ကြယ်ပွင့်ကစားသမားဖြစ်လာနိုင်တယ်လို့ ထင်ကြေးပေးခဲ့မှုကို ရရှိခဲ့သူပါ။ သူက ရီးယဲလ်ကိုမပြောင်းရွှေ့မီ မန်ယူနဲ့အတူ ပရီမီယာလိဂ်ဖလားသုံးကြိမ်နဲ့ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီး ရီးယဲလ်မှာလည်း ထာဝရသွင်းဂိုးအများဆုံးစံချိန်ကို ချိုးဖျက်နိုင်ခဲ့တဲ့အထိ ခြေစွမ်းတောက်ပြောင်သူဖြစ်ပါတယ်။

"အခုလက်ရှိဘောလုံးလောကမှာ ခြေစွမ်းတက်ရိပ်ရှိနေတဲ့ ကစားသမားတွေကတော့ အများကြီးပါ။ ဥပမာအားဖြင့် မက်ဒရစ်ရဲ့ မာတင်အော်ဒီဂတ်ဆိုရင် အခုမှအသက်က(၁၆)နှစ်ပဲရှိသေးပေမယ့် သူ့ရဲ့ခြေစွမ်းကတော်တော်ကောင်းနေပြီ။ ပြီးတော့ ဟာဇက်၊ မန်ယူရဲ့ကျောနံပါတ်(၇)ပိုင်ရှင်သစ် ဒီပေး၊ ပေါ့ဘာနဲ့ နေမာတို့ပါ။ သူတို့ ငါးဦးကတော့ ကျွန်တော်တို့ မျိုးဆက်ပြီးနောက်တစ်ဆက်မှာ ကြယ်ပွင့်ကစားသမားတွေဖြစ်လာနိုင်မယ့်သူတွေလို့ ယူဆပါတယ်" လို့ စီရိုနယ်လ်ဒိုက ထုတ်နုတ်ပြခဲ့ပါတယ်။

[မေလဲ့သင်း]

# ဒဏ်ရာပြဿနာများနေသော အာဆင်နယ်၏ လေ့ကျင့်ရေး အစီအစဉ်ကို ဝင်းဂါးကာကွယ်



အာဆင်နယ်၏လေ့ကျင့်ရေး အစီအစဉ်ပုံစံကြောင့် ကစားသမားများအနေဖြင့် ဒဏ်ရာပြဿနာ များပြားနေရခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့သော ဒက်ချ်လူမျိုးကြံ့ခိုင်ရေးကျွမ်းကျင်ပညာရှင် ရေမွန်ဗာဟီဂျန်၏ အဆိုကို နည်းပြဝင်းဂါးက လက်မခံဘဲ ပယ်ချခဲ့သည်။ ချိန်ဘာလိန်နှင့် ဝဲလ်ကော့တို့နှစ်ဦး သုံးပတ်တာအနားယူရမည့် ဒဏ်ရာရရှိခဲ့ပြီးနောက် အာဆင်နယ်၏ လေ့ကျင့်ရေးအစီအစဉ်အပေါ် ဝေဖန်မှုများ ဆက်တိုက်ကြုံတွေ့လာရခြင်းဖြစ်သည်။

အာဆင်နယ်တွင် ဒဏ်ရာရကစားသမားအရေအတွက် တိုးပွားနေပြီး ဝဲလ်ကော့၊ ချိန်ဘာလိန်တို့အပြင် ကိုစီရယ်နီ၊ ရိုဆက်စကီးနှင့် ရမ်ဆေးတို့အပါအဝင် ဒဏ်ရာရကစားသမားအရေအတွက်မှာ စုစုပေါင်းကိုးဦးအထိရှိနေပြီဖြစ်သည်။

အာစင်ဝင်းဂါး၏ ခေတ်နောက်ကျနေသော လေ့ကျင့်ရေး အစီအစဉ်ကြောင့် အဆိုပါ အင်္ဂလန်တိုက်စစ်မှူးနှစ်ဦးမှာ မလိုအပ်ဘဲ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု ဗာဟီဂျန်က စွပ်စွဲခဲ့သည်။ ချိန်ဘာလိန်နှင့် ဝဲလ်ကော့ တို့နှစ်ဦးစလုံးသည် အာဆင်နယ်က ရှက်ဖီးလ်အား သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော ကပ်ပီတယ်ဝမ်းဖလားပွဲစဉ်၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

"သူ(ဗာဟီဂျန်)က အသင်းက ဆရာဝန်တွေ အခြားကြံ့ခိုင်ရေးမှူးတွေထက် အာဆင်နယ်ကစားသမားတွေရဲ့ အခြေအနေတွေကို ပိုပြီး သိနေတယ်ဆိုတာကို ကျွန်တော် အံ့ဩမိပါတယ်။ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတွေနဲ့ ကျွန်တော့်ရဲ့ နည်းပြအဖွဲ့ဝင်တွေက လေ့ကျင့်ရေး ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး အကောင်းဆုံးပံ့ပိုးပေးမယ်ဆိုတာ ကျွန်တော် ယုံကြည်ပြီးသားပါ။ ဒီအချိန်မှာ ဖျားနာမယ်၊ နေမကောင်းဖြစ်မယ်ဆိုတာ သဘာဝပါ။ ဒါကို ဘာလို့ လေ့ကျင့်ရေးအစီအစဉ်ကြောင့်လို့ ယိုးမယ်ဖွဲ့တာလည်းဆိုတာကို ကျွန်တော်အဖြေရှာမရပါဘူး"ဟု ဝင်းဂါးက သူ၏လေ့ကျင့်ရေးအစီအစဉ်နှင့် ပတ်သက်၍ ကာကွယ်ပြောကြားခဲ့သည်။

[မေလဲ့သင်း]

## နိုဝင်ဘာ ၇ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၂** | | |
| ဘုန်းမောက် - နယူးကာဆယ် | ည-၇း၁၅ | |
| ဝက်စ်ဟမ်း - အဲဗာတန် | ည-၉း၃၀ | |
| ဆန်းဒါးလန်း - ဆောက်သမ်တန် | ည-၉း၃၀ | |
| နော့ဝှစ်ချ် - ဆွမ်ဆီး | ည-၉း၃၀ | |
| လက်စတာ - ဝက်ဖို့ဒ် | ည-၉း၃၀ | |
| မန်ယူ - ဝက်စ်ဘရွန်း | ည-၉း၃၀ | |
| စတုတ်စီးတီး - ချယ်လ်ဆီး | ည-၁၂း၀၀ | |
| **စပိန်လာလီဂါ ပွဲစဉ် - ၁၁** | | |
| ဆယ်လ်တာဗီဂို - ဗလန်စီယာ | ည-၉း၃၀ | |
| လီဗန်တေး - ဒီပို့တီဗို | ည-၁၁း၄၅ | |
| အီဘာ - ဂီတာဖေး | နံနက်-၂း၀၀ | |
| ဗယ်လက်ကာနို - ဂရန်နာဒါ | နံနက်-၂း၀၀ | |
| မာလာဂါ - ဘက်တစ် | နံနက်-၃း၃၅ | |
| **စီးရီးအေ ပွဲစဉ် - ၁၂** | | |
| ဗီရိုနာ - ဘိုလော့နာ | ည-၁၁း၃၀ | |
| အေစီမီလန် - အတ္တလန္တာ | နံနက်-၂း၁၅ | |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၂** | | |
| ဘိုင်ယန်မြူးနစ် - စတုဂတ် | ည-၉း၀၀ | |
| လေဗာကူဆင် - ကိုလုံး | ည-၉း၀၀ | |
| မိုချင်ဂလက်ဘတ်- အင်ဂေါ့စတက် | ည-၉း၀၀ | |
| ဟော့ဖန်ဟိမ်း - ဖရန့်ဖတ် | ည-၉း၀၀ | |
| မိန့်ဇ် - ဝုဖ်ဘတ် | ည-၉း၀၀ | |
| ဒမ်စတက် - ဟမ်းဘတ် | ည-၁၂း၀၀ | |

## နိုဝင်ဘာ ၆ ရက် ယူရိုပါလိဂ် အုပ်စုပွဲစဉ် -၄ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| ဆဲလ်တစ် | ၁ | - | ၂ | မိုလ်ဒီ |
| အေဂျက် | ၀ | - | ၀ | ဖီနာဘာချီ |
| ရှုဘင်ကာဇန် | ၀ | - | ၁ | လီဗာပူး |
| ဆီယွန် | ၁ | - | ၁ | ဘော်ဒိုး |
| ခရက်စ်နိုဒါ | ၂ | - | ၁ | PAOK |
| ဒွေ့ါမွန် | ၄ | - | ၀ | ကာဘာလာ |
| ဘရူဂျက် | ၁ | - | ၀ | လီဂီယာဝါဆော |
| နာပိုလီ | ၅ | - | ၀ | မစ်ဂျေးလန်း |
| ဒိုင်နမိုမင့်ခ် | ၁ | - | ၂ | ဗီလာရီးယဲလ် |
| ပယ်လ်ဇန် | ၁ | - | ၂ | ရက်ပစ်ဝီယန် |
| မာဆေး | ၁ | - | ၀ | ဘာရာဂါ |
| ဂရိုနင်ဂျန် | ၀ | - | ၁ | ဆလိုဗန် |
| ရိုဆင်ဘော့ | ၀ | - | ၂ | လာဇီယို |
| စိန့်အက်တီယန် | ၃ | - | ၀ | ဒီနီပရို |
| ဘက်ဆစ်တပ်စ် | ၁ | - | ၁ | မော်စကို |
| စကန်ဒါဗျူ | ၃ | - | ၀ | စပို့တင်းလစ္စဘွန်း |
| ဘယ်လန်နက်ဆီ | ၀ | - | ၂ | ဘေဆဲလ် |
| လက်ချ်ပေါ့ဇ်နန် | ၀ | - | ၂ | ဖီအိုရင်တီးနား |
| ကာရာဘတ် | ၁ | - | ၁ | မိုနာကို |
| စပါး | ၂ | - | ၁ | အန်ဒါလက်ချ် |
| စပါတာပရပ် | ၁ | - | ၁ | ရှော်ကေး |
| ထရီပိုလစ် | ၂ | - | ၀ | အေပိုးလ် |
| အော့စ်ဘတ် | ၄ | - | ၁ | အဲလ်ခမာ |
| ဘီဘာအို | ၅ | - | ၁ | ပါတီဇန် |

မောင်မောင်ဇော်

# ချယ်လ်ဆီးအသင်း၏ ပြဿနာအား မော်ရင်ဟို ဖြေရှင်းမည်



ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် လက်ရှိအသင်းတွင် ဖြေရှင်းရန်ရှိနေသည့် ပြဿနာရပ်များကို ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း မော်ရင်ဟို၏ ကိုယ်စားလှယ်ဖြစ်သူက ပြောကြားခဲ့သည်။

ပရီမီယာလိဂ်လက်ရှိ ချန်ပီယံချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၁၁) ကစားပြီးချိန်တွင် ခြောက်ပွဲအထိရှုံးပွဲကြုံထားပြီး အဆင့်(၁၅) နေရာတွင် ရပ်တည်လျက်ရှိသည့်အသင်းဖြစ်သည်။

ထို့ပြင် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုအနေဖြင့် ၎င်းအနေဖြင့် ချယ်လ်ဆီးအသင်း၏ ပြဿနာကို ဖြေရှင်းရန် ဘာလုပ်ရမည်ဆိုသည်ကို သိရှိကြောင်း၊ ချယ်လ်ဆီးအသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ရန်နှင့် နုတ်ထွက်သွားရန်မရှိကြောင်း၊ ချယ်လ်ဆီးအသင်း၏ ပြဿနာကို ဖြေရှင်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုဝင်ဘာ ၅ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွင် ဒိုင်နမိုကိဗ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းသည်လည်း မော်ရင်ဟိုအပေါ် ထားရှိခဲ့သည့် ဖိအားပေးမှုများလည်း လျှော့ချပေးခဲ့ကြောင်း သိရသည်။

မော်ရင်ဟိုသည် ပြီးခဲ့သည့်လက ဝက်စ်ဟမ်းအသင်းအား ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်အား ပြစ်တင်ပြောဆိုသည့်အနေအထားရှိခဲ့ခြင်းကြောင့် ပွဲကိုင်တွယ်ခွင့်တစ်ပွဲ တားမြစ်ခံထားခဲ့ပြီး စတုတ်စီးတီးအသင်းနှင့် ပွဲစဉ်တွင် ကိုင်တွယ်ခွင့်ရမည်မဟုတ်ပေ။

မော်ရင်ဟိုသည် ပေါ်တိုအသင်းတွင် ပြည်တွင်းလိဂ်ပြိုင်ပွဲအပါအဝင် ယူရိုပါလိဂ်နှင့် ချန်ပီယံလိဂ်တို့တွင်လည်း ဆုဖလားများရယူပေးနိုင်ခဲ့သည့်အပြင် ချယ်လ်ဆီးအသင်းကိုလည်း အကောင်းဆုံးကိုင်တွယ်နိုင်ခဲ့ခြင်းကြောင့် လက်ရှိ ချယ်လ်ဆီးအသင်းကြုံတွေ့နေရသည့် ပြဿနာရပ်များကိုလည်း အောင်မြင်အောင်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

[ငွေကြယ်]

# ရုပ်မြင်သံကြားအစီအစဉ်များ

[၇ - ၁၁ -၂၀၁၅ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး ၏ ပရိတ်တရားတော် |
| ၆း၂၀ | ကျန်းမာဖို့အတူကစားစို့ |
| ၆း၄၀ | လေးဆူဓာတ်ပျော်ရွှေစံတော် |
| ၈း၁၅ | သမ္မတကြီး၏ မိန့်ခွန်း |
| ၈း၃၅ | တစ်နိုင်ငံလုံးတွင် ပါဝင်ယှဉ်ပြိုင်မှုဇယား (နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ် လောင်းဦးရေ) |
| ၈း၄၀ | The Farmer |
| ၁၁း၁၅ | ဖွံ့ဖြိုးစည်ပင် ဒေသတစ်ခွင် (ပင်လောင်းမြို့နယ်) |
| ၁း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၂၀) |
| ၂း၃၅ | "အဖိုးမဖြတ်မဲတစ်ကတ်" |
| ၄း၃၅ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ) |
| ၅း၁၅ | စိုက်ပျိုးမွေးမြူဖေးမကူလယ်ယာ သားငါးပြည့်စီးပွား |
| ၅း၃၅ | "အမျိုးသားရေးတာဝန်ကျေပွန်ဖို့ ဆန္ဒမဲတွေပေးကြစို့" |
| ၇း၁၅ | ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲအတွက်မဲပေးခြင်း |
| ၇း၃၅ | "ပန်းပျိုးလက်တို့၏ သမာဓိနှလုံးသားများ" (ဇာတ်သိမ်း) -ဂီတတံခါးလေးဖွင့်ပါဦး -ပြည်သူ့နီတိ တစ်ကောင်ကြွက် |

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၉း၃၅ | Drive It |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | Health Life (ပန်းလှိုင်စီလုံဆေးရုံကြီး၏ အလှအပနှင့် အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှု) |
| ၁၁း၁၀ | Star တို့ရဲ့လက်ရာ |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၃၃+၃၄) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး"[စိတ်ဆိုသည်မှာ (အပိုင်း-၃)] |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၃) |
| ၃း၃၅ | Fashion Week(Thwin Su Htwe) |
| ၄း၃၅ | New York Public Library |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၄) |
| ၇း၂၅ | Let's Talk |
| ၈း၀၀ | Music Diary "အောင်ထက်နှင့် ပြိုင်ပွဲဝင်သီချင်းများ" [Music Documentary (အပိုင်း-၃)] |
| ၈း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၂၈) |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ငြိမ်းချမ်းခြင်းတေးသွား" (အပိုင်း-၃၅+၃၆) |
| ၀၀း၀၅ | Forever Music Tribute Jazz (အပိုင်း-၁) |
| ၁း၀၅ | World of Knowledge (Witness:Japan Disaster) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၀ | မေတ္တာပို့ |
| ၆း၁၆ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၆း၃၅ | မျိုးချစ်တပ်မတော် |
| ၆း၄၀ | မှတ်တမ်း |
| ၆း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၂၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၈း၅၅ | မြဝတီနေ့စဉ်သတင်း |
| ၁၁း၃၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင်-တို့ဖေဖေ ကျော်ရဲအောင်၊စိုးမြတ်သူဇာနှင့် သရုပ်ဆောင်များ (ဒါရိုက်တာ-ဇော်မျိုး) |
| ၁၂း | ၅၀ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာသချေ်အပိုင်း(၆) |
| ၁၄း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၄း၁၃ | ကျန်းမာကြံ့ခိုင်တို့နိုင်ငံ |
| ၄း၂၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၅ | ကျန်းမာသုတ |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂါလီမာ အပိုင်း(၇၅ ) |
| ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂျောင်းဒိုဂွန်း အပိုင်း(၄၅) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း လူ့ရှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၁၅) |

## mitv

| | |
|---|---|
| 07:03 | Am News |
| 07:26 | "Great Shwedagon: The Ten Traditional Arts & Crafts |
| 07:47 | "Moving Meditation: Aikido |
| 08:03 | "News |
| 08:26 | "The Long-Lasting Royal Tradition |
| 08:52 | "Sagaing: Gold Leaf |
| 09:26 | "Welcome To Naga Land |
| 10:26 | "Cruising To Precious Islands (Part-1) |
| 07:25 | "Moyingyi Wildlife Sanctuary |
| 07:43 | "Human Right Human Dignity International Film Festival |
| 07:49 | "Today Myanmar "Technology in Election" |
| 08:26 | "The Stories Of The Great Souls (U Pyae Son) |

# ပေါင်၁၇၀ရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် မြင်တွေ့ရမယ့် ရှင်မင်အာ



တောင်ကိုရီးယားမင်းသမီးချော ရှင်မင်အာဟာ KBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသသွားမယ့် ရုပ်ရှင်သစ် " Oh My Venus" မှာ ပေါင်ချိန် ၁၇၀ ခန့်ရှိတဲ့ ခပ်ဝဝအမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ ရှင်မင်အာဟာ မင်းသားဆိုဂျီဆပ်နဲ့အတူ တွဲဖက်သရုပ်ဆောင်ခဲ့တာဖြစ်ပြီး ရုပ်ရှင်မှာပါဝင်တဲ့ ဇာတ်ဝင်ခန်းအချို့ကို ထုန်လွှင့်ပြသခဲ့စဉ်က တွေ့မြင်ခဲ့ရတဲ့ ပုံရိပ်များအရ မင်းသမီးဟာ ခပ်ဝဝပုံစံလေးနဲ့တောင် ကြည့်ကောင်းနေပါတယ်။

ယင်းရုပ်ရှင်ရဲ့ရိုက်ကူးရေးလုပ်ငန်းတွေကို အောက်တိုဘာ ၂၃ ရက်က စတင်ခဲ့တာဖြစ်ပြီး မင်းသမီးကို ဇာတ်ကောင်စရိုက်နှင့်လိုက်ဖက်စေရန် မျက်နှာတွင် စီလီကွန်ထည့်သွင်းခြင်း၊ ခန္ဓာကိုယ်အတွက် ပြင်ဆင်ခြင်းစတာတွေကို ရိုက်ကူးရေးမစတင်မီ သုံးနာရီခန့်အလိုကတည်းက ကြိုတင်ပြင်ဆင်ရိုက်ကူးခဲ့ရပါတယ်။

" Oh My Venus "ဟာ မိသားစုကိုထောက်ပံ့ရန်ကြိုးပမ်းရင်း အချိန်များကုန်ဆုံးခဲ့ရသော ဆွဲဆောင်မှု နည်းသည့် ခပ်ဝဝရှေ့နေတစ်ဦးအဖြစ်ပါဝင်သရုပ်ဆောင်ထားတဲ့ ရှင်မင်အနဲ့ ကလေးဘဝကနာကြည်း စရာအတိတ်ရှိခဲ့သော အားကစားဆရာတစ်ဦးအဖြစ်သရုပ်ဆောင်ထားတဲ့ မင်းသားဆိုဂျီဆပ်တို့ရဲ့ အချစ်ဇာတ်လမ်းကို ပုံဖော်ထားတဲ့ မေတ္တာဖွဲ့ရုပ်ရှင်အမျိုးအစားဖြစ်ပါတယ်။ ၎င်းရုပ်ရှင်ကို တောင်ကိုရီးယားမှာ နိုဝင်ဘာ ၁၆ရက်တွင် စမ်းသပ်ထုတ်လွှင့်ပြသသွားမှာဖြစ်ပါတယ်။



အေး ပြည့် ရေး သား သည်

# ဝင်ငွေအကောင်းဆုံးအဆိုတော်ဖြစ်လာတဲ့ ကတ်တီပါရီ

အမေရိကန်ပေါ့ပ်အဆိုတော် ကတ်တီပါရီဟာ ယခုနှစ်အစပိုင်းက ဝင်ငွေအကောင်းဆုံးသော အဆိုတော်နေရာမှာ ရပ်တည်နေတဲ့ တေလာဆွစ်ရဲ့ဝင်ငွေထက် ကျော်လွန်တဲ့ဝင်ငွေတစ်ရပ်ရရှိခဲ့ပြီး လတ်တလောမှာ အမေရိကရဲ့တေးဂီတလောကမှာ ဝင်ငွေအကောင်းဆုံးသော အဆိုတော်ဖြစ်လာခဲ့ပါတယ်လို့ ရိုက်တာဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။



အသက်(၃၁) နှစ်အရွယ် အဆိုတော်ကတ်တီပါရီဟာ လွန်ခဲ့တဲ့ ၁၂လအတွင်းမှာ အမေရိကန်ဒေါ်လာ ၁၃၅သန်းရရှိခဲ့ပါတယ်။ ယင်းဝင်ငွေတွေကို သူ့ရဲ့"Prism" တေးစီးရီးအတွက် နယ်လှည့်ဖျော်ဖြေပွဲနဲ့ အလှအပရေးရာကုမ္ပဏီတွေဖြစ်တဲ့ "Coty "နဲ့ " CoverGirl "တို့နဲ့ ချုပ်ဆိုထားတဲ့စာချုပ်တွေကနေ အဓိကရရှိခဲ့တာဖြစ်ကြောင်း ဖော်ဘီဒေ့ါကွန်းက ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ ထုတ်ပြန်ခဲ့တဲ့ သတင်းအချက်အလက်တွေအရ သိရပါတယ်။

ကတ်တီပါရီရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ "Prism" တေးအယ်လ်ဘမ်ဟာ ကမ္ဘာတစ်ဝန်းမှာ တေးအယ်လ်ဘမ်ပေါင်း လေးသန်းကျော်ရောင်းချခဲ့ရပြီးဖြစ်ကာ "Roar" တေးသီချင်းရဲ့ အဆိုတော် ကတ်တီဟာ ပြီးခဲ့တဲ့တစ်နှစ်လုံးလိုလို နယ်လှည့်ဖျော်ဖြေပွဲတွေလုပ်ရင်း အချိန်ကုန်ခဲ့ပါတယ်။

ဒုတိယဝင်ငွေ အများဆုံးနေရာမှာ ရပ်တည်နေတဲ့ အဆိုတော် တေလာဆွစ်ကတော့ တစ်နှစ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၈၀ ကျော်သာ ရရှိခဲ့ပါတယ်။ တတိယနေရာမှာတော့ ဗြိတိန်-အမေရိကန် ရော့ခ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " Fleetwood Mac "က ဝင်ငွေ ၅၉ ဒသမ ၅ သန်းနဲ့ ရပ်တည်နေပြီး စတုတ္ထနေရာမှာတော့ ဝင်ငွေ ၅၉ သန်းရရှိခဲ့တဲ့ အဆိုတော် လေဒီဂါဂါက နေရာယူထားပါတယ်။ ယခင်နှစ်က ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ဘီယွန်းစေးက ယခုနှစ်မှာ ဝင်ငွေ ၅၄ ဒသမ ၅ သန်း ရရှိထားပြီး ပဉ္စမနေရာမှာ ရပ်တည်နေပါတယ်။

ဖော်ဘီဒေ့ါကွန်းက အနုပညာရှင်အသီးသီးရဲ့ ၂၀၁၄ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ် ဇွန်လအတွင်း နယ်လှည့်ဖျော်ဖြေပွဲများ၊ တေးအယ်လ်ဘမ်ရောင်းရငွေများ၊ အခြားစီးပွားရေးအရချုပ်ဆိုသော စာချုပ်များမှ ရရှိခဲ့သောဝင်ငွေများကို စာရင်းပြုစုထားကာ ယခုကဲ့သို့ အဆိုတော်များ၏ ဝင်ငွေစာရင်းကို ပြန်လည်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။

# လင်းနို့ကားတီထွင်သူ ဂျော့ဂ်ျဘာရစ် ကွယ်လွန်



ကမ္ဘာကျော်လင်းနို့လူသား(Batman) ရုပ်ရှင်၏ ရုပ်ရှင်မိတ်ဆက်ပွဲ အခမ်းအနားတွင် မင်းသား အဒမ်ဝက်စ်ထိစီးခဲ့သော လင်းနို့ကားကို တီထွင်ခဲ့သူ ဂျော့ဂ်ျဘာရစ်သည် ပြီးခဲ့သည့်ကြာသပတေးနေ့က ကွယ်လွန်သွားခဲ့ကြောင်း တီအမ်ဇက်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ဂျော့ဂ်ျသည် ဦးနှောက်အမြေးရောင်ရောဂါကို ခံစားခဲ့ရပြီးနောက် ယင်းရောဂါဖြင့်ပင်ကွယ်လွန်ခဲ့သည်။ သူကွယ်လွန်ချိန်တွင် အသက်(၉၀)အရွယ်ရှိပြီဖြစ်သည်။

ဂျော့ဂ်ျဘာရစ်သည် ၁၉၆၆ခုနှစ်ကထုတ်လုပ်ခဲ့သော အဆိုပါ လင်းနို့ကားအပါအဝင် အခြားသောကားအမျိုးအစားများစွာကိုလည်း တီထွင်ခဲ့သူဖြစ်သည်။ သူ၏တီထွင်မှုများအနက်မှ ထင်ရှားဆုံးသော တီထွင်မှုဖြစ်သည့် လင်းနို့ကားကို ၂၀၁၃ခုနှစ်က အမေရိကန် ဒေါ်လာ ၄ ဒသမ ၆၂ သန်းဖြင့်ရောင်းချခဲ့သည်။



# သိမ်းဆည်းရမိသည့် စားသုံးရန်မသင့်သော ကုန်ပစ္စည်းများနှင့် ကန့်သတ်ကုန်ပစ္စည်းများ အကောက်ခွန်ဌာနသို့ လွှဲပြောင်းပေးအပ်

**မန္တလေး နိုဝင်ဘာ ၆**

တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ပူးပေါင်းအဖွဲ့ (မန္တလေး)မှ မန္တလေးမြို့တွင်းသိမ်းဆည်းရမိသည့် စားသုံးရန်မသင့်သော ကုန်ပစ္စည်းများအား နိုဝင်ဘာ ၄ ရက်တွင် မန္တလေးမြို့အကောက်ခွန်ဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပစ္စည်းများကို တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးပူးပေါင်းအဖွဲ့(မန္တလေး)မှ ခေတ္တအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် အများပြည်သူစားသုံးရန်မသင့်သည့်တစ်ဖက်နိုင်ငံထုတ် စာသောက်ကုန်ပစ္စည်းများအား မြို့တွင်းသို့ ပို့ဆောင်ရန် (ANTET) ခြောက်ဘီးခေါက်တို ယာဉ်ပေါ်သို့တင်ဆောင်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ (၇၁) လမ်း X (၃၃) လမ်းနှင့် (၃၄)လမ်းကြားတွင် တွေ့ရှိသဖြင့် ကုန်သွယ်ရေးဦးစီးဌာန မန္တလေးရုံးဝင်းအတွင်းသို့ခေါ်ယူစစ်ဆေးခဲ့သည်။ ယာဉ်ပေါ်၌ စားသုံးရန်မသင့်သော တစ်ဖက်နိုင်ငံထုတ် စားသောက်ကုန်ပစ္စည်းများ၊ ကန့်သတ်ကုန်ပစ္စည်းများနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများအား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသော ကုန်ပစ္စည်းများအနေဖြင့် တရုတ်ဆေးမျိုးစုံ နှစ်ဖာ၊ ဆပ်ပြာစီ ဖာ ၂၀၊ တရုတ် အမွှေးတိုင်ထုပ်ကြီး လေးဖာ၊ Greem Tea ဖာ ၃၁၊ Gonggu တံဆိပ် ဝိုင်ပုလင်း ဖာ ၄၀၊ Dal Beer သံဘူး ဖာ ၅၀၊ Rlo တံဆိပ် Cook Tail ဖာ ၄၀၊ Black Label ရှစ်ဖာ၊ ကြက်အူချောင်း ၄၂ ဖာ၊ ဆီတို့ဟူးပုလင်း ၁၈ ဖာ၊ Pingbao ဂလူးကိုစ်မုန့်ထုပ် ၁၀ ဖာနှင့် ကြက်သွန်ဖြူချဉ် ၅၀ ကီလိုပလတ်စတစ်ပုံးကြီး နှစ်ပုံး အပါအဝင် လေးလက်မ တံခါး ပတ္တာ ဖာ ၅၀ တို့ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# တမလန်းသစ်များသယ်ဆောင်လာသူအား အရေးယူထား

**နေပြည်တော် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ကံတလူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင်/မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့နယ် ကံတလူတိုးဂိတ်အနီး စစ်ကိုင်း-ရွှေဘို-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂၁/၅-၆) ကြားတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရွှေဘိုဘက်မှ ရွှေဘိုမြို့ အမှတ်(၅) ဆင်ယုံရပ်ကွက်နေ မောင်ဦး(၃၂)နှစ် မောင်းနှင်လာသော 6A/---- ဒိုင်နာခဲ ယာဉ်အား ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် တမလန်းခားရှေတုံး ၂၆ တုံး (သုည ဒသမ ၆၂၄၈) တန် တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် မောင်ဦးအား စစ်ကိုင်းမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်ကြီးတံခွန်မြို့နယ်တွင် တွဲယာဉ်နှင့်ဆိုင်ကယ်တိုက်၊ နှစ်ဦးသေဆုံး

**ပြည်ကြီးတံခွန် နိုဝင်ဘာ ၆**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (၆၂)လမ်းနှင့် စံပြလမ်းဆုံတွင် တွဲယာဉ်နှင့် ဆိုင်ကယ်တိုက်မိမှု နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ (၆၂)လမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ရှေ့နောက်နံပါတ်မပါ တွဲယာဉ်နှင့် စံပြလမ်းအတိုင်း အနောက်မှအရှေ့သို့ ကျော်နိုင်ဦး(၃၅)နှစ် (ဇ)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူ မောင်းနှင်ပြီး မဝေမာလာထွန်း (၃၈)နှစ် လိုက်ပါသည့် လော့ဂျား-110 ဆိုင်ကယ်တို့ တိုက်မိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ကျော်နိုင်ဦးနှင့် မဝေမာလာထွန်းတို့တွင် ဒဏ်ရာများရရှိပြီး မန္တလေးဆေးရုံကြီးသို့ တင်ပို့စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



ခွန်ကြည်နှင့် ဦးဘုတ်တို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၈ ရက်က ဟိုပုံးမြို့ တောင်ရပ်ကွက် နယ်မြေ(၁)နေ ခွန်ကြည်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဦးဘုတ်အား တွေ့ရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၅၅ ပြားနှင့် ဘိန်းစိမ်း သုည ဒသမ ၀၀၈ ကီလို သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၂၉ ရက်က ကွတ်ခိုင်မှ ကျောက်မဲသို့ မာဂန်နှင့် ခါးလီတို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၃ ကီလိုကိုလည်းကောင်း၊ နိုဝင်ဘာ ၄ ရက်က မြဝတီမြို့ ရပ်ကွက်(၄) အလိုတော်ပြည့်ဘုရားလမ်းနေ တင်ဌေး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**


# နှစ်(၈၀)ပြည့် မွေးနေ့ဆုမွန်လွှာ

ဦးခင်မောင်အေး(ဥက္ကဋ္ဌ-CB Bank)-ဒေါ်ဝင့်ရည်အေး၊ ဦးကျော်သူရ(ဒါရိုက်တာ-CB Bank)-ဒေါ်ခင်လှလှ(ဒုတိယဥက္ကဋ္ဌ-CB Bank)တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်ထွေး၏ အသက်(၈၀)ပြည့် မွေးနေ့ရက်မြတ်မှသည် မွေးနေ့နှစ်ပေါင်း(၁၀၀)ကျော်သည့်တိုင် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ

**CB Bank**



# မြန်မာနိုင်ငံသားများဘဏ်လီမိတက်

## အစုရှယ်ယာရှင်များအား ဖိတ်ကြားခြင်း

ငွေချေးသက်သေခံလက်မှတ်အား အခြေပြု၍ ဤဘဏ်အနေဖြင့် ရန်ကုန် စတော့အိပ်ချိန်းတွင် စာရင်းတင်သွင်းခြင်းဆိုင်ရာ အထူးအထွေထွေ အစည်းအဝေးတစ်ရပ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။ (အသေးစိတ်ကို အစုရှယ်ယာရှင်များထံ ဖိတ်ကြားစာ၌ ဖော်ပြထားပါသည်။)

ကျင်းပမည့်အချိန် - ၂၅-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)

ကျင်းပမည့်နေ့ရက် - နံနက်(၁၀း၀၀)နာရီ

ကျင်းပမည့်နေရာ - မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ကျောက်တံတားဘဏ်(ရုံးချုပ်) အမှတ်(၃၈၃)၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒါရိုက်တာအဖွဲ့

ဖုန်းနံပါတ်-၀၁-၂၄၅၉၃၂၊ ၀၁-၃၇၇၄၆၃၊ ၀၁-၃၉၁၄၅၄


# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်ကြီးရဲဝင်း(ငြိမ်း)၊ [အထွေထွေမန်နေဂျာ(ငြိမ်း)၊ ပြန်ကြားရေးဝန်ကြီးဌာန]- ဒေါ်ရီရီအေးတို့၏သားကြီး

ဗိုလ်မှူးသန်းဇော်ဝင်း(ငြိမ်း)

**B.Sc(D.S.A)M.E(Automation & Control)**

ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာန

နှင့်

မန္တလေးမြို့နေ(ဦးညွန့်စိန်)-ဒေါ်မာလာခိုင်(ရတနာရွှေခြည်ထိုးလုပ်ငန်း)တို့၏ တစ်ဦးတည်းသောသမီး

မသွယ်သွယ်တိုး

**B.A(Myanmar)**

တို့၏ ၂၉-၁၀-၂၀၁၅ရက်တွင် လှိုင်မြို့နယ်၊ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတွင် ပြုလုပ်သော မင်္ဂလာဦး ဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်ဆွေမျိုး မိတ်သင်္ဂဟများ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်၊ ၃၁-၁၀-၂၀၁၅ရက် ရန်ကုန်မြို့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ CB Bank ဥက္ကဋ္ဌဦးခင်မောင်အေးနှင့် ဒုတိယဥက္ကဋ္ဌများ၊ သမဝါယမဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ရုပ်ရှင်ဂီတထုတ်လုပ်သူများ၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၉)နှင့် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၁)မှ သူငယ်ချင်းများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့် ဇနီးဒေါ်ခင်စန္ဒာထွန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်နှင့် ဇနီးဒေါ်ခင်ဌေးမြင့်၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ Panda Restaurantတွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက် ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ၃-၁၁-၂၀၁၅ရက် စစ်ကိုင်းမြို့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မျက်မမြင်ကျောင်းလှူဒါန်းပွဲသို့ ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ မန္တလေးမြို့၊ ကန်တော်ကြီး Smart Graden တွင် ကျင်းပပြုလုပ်သော ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် စစ်ဘက်နယ်ဘက်မှ မိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ မင်္ဂလာဧည့်ခံပွဲကို စီစဉ်ပေးပါသော နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အရာထမ်း၊ အမှုထမ်းများ၊ Panda Restaurant နှင့် Smart Garden မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ စစ်ကိုင်းမြို့၊ မျက်မမြင်ကျောင်းမှ ဒုတိယကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ မိတ်ကပ်ဆံပင်အလှပြင်ပေးပါသော မေဦးမောင်နှင့်အဖွဲ့၊ ပန်းအလှပြင်ဆင်ပေးပါသော နီနီ(ပွင့်)၊ ဓာတ်ပုံဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ တရုတ်ကြီး(MRTV နှင့်အဖွဲ့)၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော Dragon ပုံနှိပ်တိုက်နှင့် ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်မှူးသန်းဇော်ဝင်း(ငြိမ်း)-မသွယ်သွယ်တိုး**

သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ် ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် “ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး” ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

**ဝေါဟာရရဲ့ မူလဘူတ**

တလောက အမှတ်မထင် ကြားလိုက်တဲ့ စကားတစ်ခုရှိတယ်။ အစိုးရဝန်ထမ်းနဲ့ ပြည်သူ့ဝန်ထမ်း ဆိုတဲ့ စကားကို သတ္တုချလိုက်တဲ့ စကားတစ်ခွန်းပါ။

အမှန်တော့ မြန်မာမှာ မရှိခဲ့ဖူးတဲ့ ဝေါဟာရတွေကို အင်္ဂလိပ်ဘာသာမှ ပြန်ဆိုသုံးစွဲရာက အဲဒီ ဝေါဟာရတွေ ပေါ်ပေါက်လာတယ်လို့ ဆိုနိုင်မယ် ထင်ပါတယ်။

ပဒေသရာဇ်ခေတ် မြန်မာ့သမိုင်းမှာတော့ မင်းမှုထမ်းဆိုတာ ရှိခဲ့ဖူးပါတယ်။ မင်းမည်သော ရှင်ဘုရင့် အမှုထမ်း၊ အရာထမ်းတွေပေါ့ ခင်ဗျာ။ ရှင်ဘုရင်က ခန့်အပ်သော နယ်စား၊ မြို့စား၊ ရွာစားတွေလည်း ပါသပေါ့။

အစိုးရဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းဆိုတာတွေက ကိုလိုနီ လက်အောက်ကို မြန်မာပြည်ရောက်သွားပြီး အနောက်တိုင်း စနစ်နဲ့ စီမံအုပ်ချုပ်ချိန်ကျမှ ပေါ်ပေါက်လာတာ ဖြစ်ပါလိမ့်မယ်။

**သူတို့အခေါ်အဝေါ်**

သူတို့အခေါ်အဝေါ်ကတော့ အရပ်ဘက်တာဝန် (civil service) ပါပဲ။ အဲတော့ ဝန်ထမ်းတွေ ဆိုတာလည်း အရပ်ဘက် တာဝန်ထမ်းဆောင်သူတွေ (ဝါ) အရပ်ဘက် ဝန်ထမ်းတွေပဲပေါ့။ စစ်ဘက်နဲ့ ကွဲပြားအောင် ခေါ်ဝေါ်တဲ့ သဘော ဖြစ်မယ် ထင်ပါတယ်။ စစ်ဘက်ကိုကျတော့ စစ်ဘက်တာဝန် (military service) လို့ ခေါ်တာကိုး။

အဲဒီကမှ အရပ်ဘက် ဝန်ထမ်း၊ စစ်ဘက်ဝန်ထမ်းဆိုတဲ့ ဝေါဟာရတွေ စတင်ပေါ်ပေါက်လာပုံပါပဲ။ (စစ်ဘက်နယ်ဘက်လို့ တွဲသုံးတာလည်း ရှိခဲ့တဲ့အတွက် အရပ်ဘက်ဝန်ထမ်းအစား နယ်ဘက်ဝန်ထမ်း လို့လည်း သုံးလေ့သုံးထ ရှိခဲ့ဖူးပါတယ်။) အဲဒီမှာ လူထုရေးရာတာဝန် (public service) ဆိုတာလည်း ရှိပြန်တယ်။ အဲဒီ တာဝန် ထမ်းနေသူများ ကိုကျတော့ ပြည်သူ့ဝန်ထမ်းပေါ့။

ဒါပေသည့် ကျွန်တော် နားလည်သလောက်၊ အဘိဓာန်အသီးသီးက ဖွင့်ဆိုသလောက်နဲ့ ပြောရ မယ်ဆိုရင်တော့ လူထုရေးရာ တာဝန်ဆိုတာ ဟင်းချက်ဖို့ သုံးတဲ့ ဓာတ်ငွေ့လို၊ လျှပ်စစ်ဓာတ်အားလို လူထုအတွက် မရှိမဖြစ်လိုအပ်တဲ့ လူသုံးကုန်ပစ္စည်းတွေ ထုတ်လုပ်ဖြန့်ဖြူးတာ၊ လမ်းတံတားဆောက်တာ၊ ဆည်တမံဆောက်တာလို လူထုအတွက် မရှိမဖြစ်တဲ့ ဝန်ဆောင်မှု (ဝါ) အလုပ်တွေ လုပ်ကိုင်ဆောင်ရွက်တာဟာ လူထုရေးရာတာဝန်ပါ။ တစ်ချိန်က ဆောက်လုပ်ရေးနဲ့ ဆည်မြောင်းဌာနနှစ်ခုတွဲကို လူထုလုပ်ငန်းဌာန (Public Works Division) လို့ ခေါ်ခဲ့ဖူးတာ မှတ်မိနေပါသေးတယ်။

ဒါပေသည့် အဲဒါက ရှေးတုန်းကပါ။ အခုတော့ လူဝင်မှုကြီးကြပ်ရေးပဲဖြစ်ဖြစ်၊ အကောက်ခွန်ပဲ ဖြစ်ဖြစ်၊ စာပို့လုပ်ငန်းပဲဖြစ်ဖြစ်၊ ဘယ်အစိုးရဌာနမဆိုမှာ ရှိနေတဲ့ အရပ်ဘက်ဝန်ထမ်းအားလုံးကို လူထုဝန်ထမ်းလို့ပဲခေါ်ဆို သုံးစွဲနေကြတာလည်း အတွေ့ရအမြင်ရများလာပါပြီ။

အဲဒီ စစ်ဘက်၊ နယ်ဘက်၊ လူထုရေးရာ အားလုံးကို တာဝန်ယူဆောင်ရွက်ရတဲ့ သူတွေကို သိမ်းကြုံးပြောမယ်ဆိုရင်တော့ အစိုးရဝန်ထမ်း (government servants) လို့ ခေါ်လေ့ ရှိကြပါတယ်။

**အစိုးရက သတ်သတ်၊ အစိုးရဌာနက သတ်သတ်**

သည်အခါ အစိုးရဆိုတာ ဘာလဲလို့ မေးစရာ ရှိလာပါတော့မယ်။ အစိုးရဆိုတာ နိုင်ငံရေးအရအုပ်ချုပ်စီမံခန့်ခွဲတဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းကို ဆိုလိုပါတယ်။ တစ်နည်းပြောရရင် ဘယ်နိုင်ငံမှာမဆို အစိုးရအဖွဲ့လို့ခေါ်တဲ့ ဝန်ကြီးအဖွဲ့ရယ်၊ လွှတ်တော်ရယ်တို့ကို ယေဘုယျအားဖြင့် အစိုးရလို့ ပေါင်းရုံးခေါ်ဆိုပါတယ်။

အစိုးရရဲ့အလုပ်က ဘာလဲဆိုရင်တော့ မူဝါဒတွေ ချမှတ်ပေးရတာပါ။ ဘယ်လို မူဝါဒနဲ့အုပ်ချုပ်သွားမယ်၊ စီမံခန့်ခွဲသွားမယ်၊ ကိုင်တွယ်ဆောင်ရွက်သွားမယ်ဆိုတာ ဆုံးဖြတ်သတ်မှတ်ရတာ အစိုးရရဲ့ အဓိက လုပ်ငန်းတာဝန် ဖြစ်ပါတယ်။

Government departments ပဲခေါ်ခေါ်၊ government agencies ပဲ ခေါ်ခေါ်၊ မြန်မာလိုဝန်ကြီးဌာနပဲခေါ်ခေါ်၊ ဌာနဆိုင်ရာပဲခေါ်ခေါ် အစိုးရဌာနမှန်သမျှဟာ အစိုးရကချမှတ်တဲ့ မူဝါဒတွေကို လက်တွေ့အကောင်အထည်ဖော်ရတဲ့ ဌာနတွေဖြစ်ပါတယ်။ ဆိုလိုတာက အစိုးရဟာ ဦးခေါင်းဖြစ်တယ်ဆိုရင် အစိုးရဌာနတွေက ခြေတွေ၊ လက်တွေ ဖြစ်ပါလိမ့်မယ်။

သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်မှာတော့ အဲဒီ ခေါင်းနဲ့ကိုယ်အင်္ဂါတွေနဲ့က အမြဲတမ်း တွဲလျက်ရှိပါတယ်။ သည်အခါမှာ မင်းပြောင်းတာနဲ့ မင်းမှုထမ်းတွေလည်း ပြောင်းချင်ပြောင်းသွားနိုင်ပါတယ်။ ခေတ်ပြောင်းလာတဲ့အခါမှာတော့ ခေါင်းနဲ့ကိုယ်အင်္ဂါတွေနဲ့က အိုးစားကွဲသွားပါပြီ။ သက်ဦးဆံပိုင်ခေတ်မဟုတ်တော့တာမို့ မင်းမှုထမ်းတွေလည်း မဟုတ်ကြတော့ဘဲ အစိုးရဝန်ထမ်း (ဝါ) အရပ်ဘက်ဝန်ထမ်း (ဝါ) လူထုဝန်ထမ်းတွေ ဖြစ်လာပါတော့တယ်။




> အကျင့်ဟောင်းတွေက ပြင်ရအလွန်ခက်ပါတယ်။ မပြင်ရင် ဘာဖြစ်မလဲ၊ မူဝါဒပိုင်းအရ ဘယ်လောက်ကောင်းအောင် ပြောင်းပြောင်း၊ အဲဒီမူဝါဒကို အကောင်အထည်ဖော်သူတွေ တရွတ်ဆွဲနေတဲ့အခါ ခရီးမတွင်ဖြစ်ရ . . .

ဒီမိုကရေစီနိုင်ငံတွေမှာကျတော့ အစိုးရဆိုတာ အနိစ္စသဘောကို ဆောင်ပါတယ်။ ၄ နှစ်၊ ၅ နှစ်၊ ၆ နှစ်စသဖြင့် သတ်မှတ်ထားတဲ့ အချိန်တစ်ချိန်မှာ အစိုးရဟောင်းက နားသွားပြီး အစိုးရသစ်ကပေါ်ပေါက်လာစမြဲပါပဲ။ မင်းမှုထမ်းတွေလို အစိုးရပြောင်းတိုင်း အစိုးရဝန်ထမ်းတွေပါ လိုက်ပြောင်းနေရလို့ကတော့ လူထုအတွက် အရာရာ ကမောက်ကမဖြစ်နေတော့မှာပါ။ ဒါ့ကြောင့် ဝန်ထမ်းအဖွဲ့အစည်းတွေ၊ ထုံးဓလေ့အစဉ်အလာတွေ အခိုင်အမာရှိနေဖို့ မလွဲမသွေ လိုအပ်လာပါတော့တယ်။

အဲဒီအခါမှာ အစိုးရသည် သတ်သတ်၊ အစိုးရဌာနများရဲ့ လုပ်ငန်းပိုင်းက သတ်သတ်ရယ်လို့ ဖြစ်လာပါတော့တယ်။

မြင်သာအောင် ပြောရရင် ဗြိတိသျှကိုလိုနီ နယ်ချဲ့တို့က မြန်မာပြည်ကို သူတို့လက်အောက်ခံအဖြစ် သွတ်သွင်းပြီး အုပ်ချုပ်ခဲ့တာ ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း ၁၀၀ ကျော် ကြာမြင့်ခဲ့ပါတယ်။ အဲဒီကာလအတွင်းမှာ ဗြိတိသျှအစိုးရတွေကတော့ အမျိုးစုံပြောင်းလဲသွားခဲ့ပါတယ်။ နိုင်ငံရေးပါတီအနေနဲ့လည်း ပါတီငါးခုလောက်က အဲဒီသက်တမ်းအတွင်းမှာ အနိုင်ရပါတီတွေ ဖြစ်ခဲ့သလို နှစ်ပါတီ ညွန့်ပေါင်းအစိုးရ၊ ပါတီစုံညွန့်ပေါင်းအစိုးရတွေလည်း အလီလီ ရှိခဲ့ပါတယ်။

အစဉ်အဆက်ကို အသာထားဦး၊ မြန်မာ့ လွတ်လပ်ရေးကြိုးပမ်းမှု ရှစ်နှစ်တာကာလ (၁၉၄၀-၁၉၄၈) အတွင်းမှာကို အစိုးရက နှစ်ဆက် ဖြစ်ပါတယ်။ ချာချီလို့ ခေါ်ကြတဲ့ ချာချစ်လ်အစိုးရအဖွဲ့နဲ့ အက်တလီ အစိုးရအဖွဲ့တို့ပါပဲ။

အစိုးရတွေ ဘယ်လို ပြောင်းသွားသွား မြန်မာနိုင်ငံအပါအဝင် ကိုလိုနီတွေအပေါ်မှာ အုပ်ချုပ်စိုးမိုးသွားတဲ့ ပုံစံကတော့ တစ်သမတ်တည်းဖြစ်နေတာဟာ အစိုးရက သတ်သတ်၊ အစိုးရဌာနတွေက သတ်သတ်ဆိုတဲ့ အခြေခံသဘောတရားကို ရှင်းရှင်းလင်းလင်း ထင်ဟပ်နေပါတယ်။

**ရောနေတဲ့ အနေအထား**

ကျွန်တော်တို့ မြန်မာပြည်မှာတော့ အဲဒီကိုလိုနီခတ်ရယ်၊ လွတ်လပ်ရေးရပြီးစ ၁၄ နှစ်တာကာလ အထိရယ်မှာ အဲလိုအစိုးရ သတ်သတ်၊ အစိုးရဌာန သတ်သတ် ရှိခဲ့ဖူးပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ တဖြည်းဖြည်းနဲ့ အကုန်လုံးလုံးထွေးကုန်ရာက တစ်ပါတီစနစ်ကိုလည်း ကျင့်သုံးလိုက်ရော ဒွေးရောယှက်တင်ဇာတ်လမ်းက မပြတ်တော့ပါဘူး။ ပါတီက ပုဂ္ဂိုလ်တွေက အစိုးရဌာနတွေထဲ ရောက်လာ၊ ပါတီကလာတဲ့သူပီပီ သူ့ကိုယ်သူ အစိုးရဝန်ထမ်းလို့ မမြင်တော့ဘဲ အစိုးရလို့ပဲ မှတ်နေတဲ့အဖြစ်တွေကို ကနေ့ အသက် ၄၀ ကျော် ၅၀ တန်း ရောက်နေသူတွေ ကောင်းကောင်း သိမီလိုက်ကြမှာပါ။

အကျိုးဆက်အနေနဲ့ လူထုကလည်း အစိုးရဌာနတွေအပေါ် အမြင်မကြည်တော့ပါဘူး။ ဝန်ထမ်းအပေါင်းကို ထိတ်လန့်ကြောက်ရွံ့ကြသလို စက်ဆုပ်မုန်းတီးလာကြပါတော့တယ်။ လူထုရဲ့ အမြင်မှာလည်း အစိုးရနဲ့အစိုးရဌာနကို ခွဲပြီးမမြင်နိုင်ကြတော့ဘူးကိုး။

**အမှန်တကယ် ထမ်းကြရမယ့် ဝန်**

အကျင့် သိပ်ပါသွားရင် အင်မတန်ပြင်ရခက်ပါတယ်။ ဒါလူ့သဘာဝပါ။ တပ်မတော်အစိုးရလက်ထက်မှာ ဝန်ထမ်းတွေ ပါတီနိုင်ငံရေး ကင်းရှင်းရမယ်လို့ သတ်မှတ်ခဲ့ပေမယ့် အဲဒီအချိန်မှာ အုပ်ချုပ်နေတာ ပါတီအစိုးရ မဟုတ်တော့လည်း ခက်သားလား။

အခုလို ဒီမိုကရေစီ လမ်းကြောင်းပေါ် လျှောက်လှမ်းဖို့ ကြိုးစားနေချိန်မှာတော့ ဝန်ထမ်းတွေ ပါတီနိုင်ငံရေးကင်းရှင်းဖို့က အသက်တမျှအရေးကြီးလာပါပြီ။ အစိုးရဆိုတာ အနိစ္စသဘောဆောင်တယ်၊ ငါးနှစ် တစ်ခါ ပြောင်းနေမှာ၊ လူထုအတွက် လိုအပ်တာတွေ ဖြည့်ဆည်းပေးရမယ့် တာဝန်ကသာ တို့တစ်တွေရဲ့ အဓိက တာဝန်ရယ်လို့ ဝန်ထမ်းများမြင်ကြဖို့ အလိုအပ်ဆုံးအချိန်ပါပဲ။

သည်လိုဆိုတဲ့အတွက် ဝန်ထမ်းတွေ ဘယ်ပါတီကို မထောက်ခံရဘူး၊ ထောက်ခံရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ လူတစ်ယောက်အနေနဲ့ ကြိုက်ခြင်းမကြိုက်ခြင်းက ရှိနေမှာ မလွဲပါဘူး။ ဒူးရင်းသီးကြိုက်တဲ့ ဝန်ထမ်း၊ ငါးပိရည်ကြိုက်တဲ့ ဝန်ထမ်းကို အဲဒါတွေ မစားရဘူးလို့ ကန့်သတ်တာမျိုးမဟုတ်ပါဘူး။ သို့သော် ရုံးကိုဒူးရင်းသီးသယ်လာ၊ ရုံးမှာ ငါးပိရည်ကျိုလို့ တခြားသူတွေ အနှောင့်အယှက်မဖြစ်အောင် ထိန်းသိမ်းကြရမှာမျိုးသာ ဖြစ်ပါတယ်။

တစ်နည်းပြောရရင် တက်လာတဲ့ အစိုးရမှန်သမျှကို ဝန်ထမ်းတိုင်း နှစ်သက်ချင်မှ နှစ်သက် ပါလိမ့်မယ်။ ဒါပေမယ့် ကိုယ်မနှစ်သက်တဲ့ အစိုးရလက်ထက်မို့ အလုပ်ကို ခိုကပ်နေမယ်ဆိုရင် အခက်ကြုံရမှာက လူထုသာဖြစ်ပါတယ်။ ဒါကို မြော်မြင်ပြီး ကိုယ့်တာဝန် ကိုယ်ကျေအောင် ဆောင်ရွက်နိုင်ကြမှ လူထုဝန်ထမ်း (ဝါ) အစိုးရဝန်ထမ်း (ဝါ) အရပ်ဘက် ဝန်ထမ်းပီသလာကြလိမ့်မယ်လို့ မြင်မိပါတယ်။

**ခေတ်နဲ့ လျော်ညီတဲ့ ဝန်**

အစိုးရဝန်ထမ်းများ မမေ့သင့်တဲ့အချက်က ကျွန်တော်တို့ ဘယ်ခေတ်ကို ဖြတ်သန်းနေကြတာလဲ ဆိုတာပါပဲ။

သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ် မဟုတ်တော့တာကို အထူးပြောစရာ မလိုတော့ပါဘူး။ သို့သော် ကိုယ့်မှာ မင်းမှုထမ်းဆိုတဲ့ စိတ်ကြီးစွဲနေသေးတယ်ဆိုရင်တော့ အဲဒီ အစွဲကိုမဖြစ်ဖြစ်အောင် ချွတ်ရတော့မှာပါ။ မိမိရဲ့ ကျွမ်းကျင် တတ်မြောက်မှု၊ အသိပညာ၊ အတွေ့အကြုံများနဲ့ လူထုရဲ့ လိုအပ်ချက်တွေကို အစွမ်းကုန်ဖြည့်ဆည်းပေးနေသူများအဖြစ် ကိုယ့်တာဝန် ကိုယ်သိအောင် လုပ်ကြဖို့ လိုအပ်ပါလိမ့်မယ်။

ဒါပေမယ့် ပြောခဲ့သလိုပါပဲ။ အကျင့်ဟောင်းတွေက ပြင်ရ အလွန်ခက်ပါတယ်။ မပြင်ရင် ဘာဖြစ်မလဲ၊ မူဝါဒပိုင်းအရ ဘယ်လောက်ကောင်းအောင် ပြောင်းပြောင်း၊ အဲဒီမူဝါဒကို အကောင်အထည်ဖော်သူတွေ တရွတ်ဆွဲနေတဲ့အခါ ခရီးမတွင် ဖြစ်ရတဲ့အပြင် ကျဆုံးသွားရတဲ့ သာဓကလည်း အများကြီးရှိပါတယ်။ ဝေးဝေး မကြည့်ပါနဲ့။ ဖြတ်သန်းခဲ့ဖူးတဲ့ တစ်ပါတီစနစ်ကာလကိုပဲ ကြည့်ရင် မြင်သာပါတယ်။ တစ်ပါတီစနစ်က ချမှတ်ခဲ့တဲ့ စာရွက်ပေါ်က မူဝါဒတွေ အားလုံးဟာ မစားရဝခမန်း အပုံစားအကောင်းစားတွေချည်းပါပဲ။ သို့သော် အကောင်အထည်ဖော်တဲ့ အစိုးရဝန်ထမ်းများနဲ့ ဖွဲ့စည်းရာ ယန္တယားကြီး တရွတ်တိုက်သွားခဲ့တဲ့အတွက် အဲဒီစနစ်ကြီး ပြိုလဲသွားခဲ့ရတာ အားလုံး အသိပါပဲ။

အဲတော့ ဘာပြင်ရမလဲလို့ မေးလာရင် ပါဝင်ပတ်သက်ကပြု အသုံးတော်ခံနေသူ အားလုံးရဲ့ အကျင့်တွေ ပြင်ကြပါလို့ သိပ်ကို ပြောချင်လှပေမယ့် ပြောလည်း မပြောရဲတဲ့ကြားကပဲ သည်တစ်ပတ်လည်း ဇွတ်မှိတ်ပြောလိုက်ရပြန်ပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်စုံတစ်ရာတော့ ရသွားလိမ့်မယ်လို့ မျှော်လင့်မိကြောင်းပါ ခင်ဗျား။

စိတ်ညစ်ပယ်ချိုး
စိတ်မဆိုး နနွင်း
ဝမ်းပျက်၊ အစာအိမ်၊ ဝေယျာသန့်
သဘော်ရွက်
အဆုတ်၊ အသည်း၊ ကင်ဆာကြိုတင်ကာကွယ်ရန်
01-8500355 (ဒီလစ်ဒိမ်ရာ)

EL DORADO TRAVEL (အယ်ဒိုရာဒို)
09 972447645,09 799652510,09 259256647
တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ Nov 25 (4N/5D) 190000/
ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ Nov 25 (4N/5D) 190000/
မန္တလေး-မင်းကွန်း-စစ်ကိုင်း-ပြင်ဦးလွင် Nov 25 (4N/5D) 170000/
"3star***Hotel(နှစ်ယောက်တစ်ခန်း) E Lite မှ Scania Car များ"
**** နေ့ချင်းပြန်စားရိတ်ငြိမ်းခရီးစဉ်များ ****
ဝင်းစိန်-ကျိုက်သုံးကျိုက်- စက်စဲ Nov 9,14,21,25 35000/-
ဘားအံ-ကျုံထော်ရေတံခွန် Nov 9,14,21,25 35000/-
ပြည်(ထုံးဘို)-အကောက်တောင် Nov 14,21,25 35000/-
"10ယောက်1ယောက်အခမဲ့/လက်မှတ်ပို့/Latest Model Tour Grade ကား"

အာရှနဂါး
Asia Dragon
Ph: 703790, 09-861-9008
707062, 09-861-7770

ကား မျိုးစုံ
(Alphard/Crown/MarkII/
Ph: 09795549249, 095418126

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ရောင်းပေးဝယ်ပေးသည်။
09-6809893
09-6819020

# မုံရွာအကျဉ်းထောင်တွင် အကျဉ်းသူများအား အလှပြုပြင်ရေး သင်တန်းဖွင့်လှစ်၍သင်ကြားပေးနေ

**မုံရွာ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်မှ အကျဉ်းသူများအား အသက်မွေးဝမ်းကျောင်း ပညာရပ်များ တတ်မြောက်စေရန် ရည်ရွယ်ပြီး မိတ်ကပ်နှင့် ဆံပင်ပြုပြင်ရေး သင်တန်းအား မုံရွာအကျဉ်းထောင်တွင် နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်လှစ်မှုနှင့် ပတ်သက်ပြီး မုံရွာအကျဉ်းထောင် တာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းလွင်က "အကျဉ်းသား၊ အကျဉ်းသူတွေကို အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သင်ကြားပေးရန်ဆိုတဲ့ ဌာနရည်မှန်းချက်နဲ့အညီ သူတို့လေးတွေကို အသက်မွေးဝမ်းကျောင်း ပညာရပ်တွေဖြစ်တဲ့ အခုလို သင်တန်းမျိုးတွေကို ဒီကနေအပြစ်ဒဏ်ကျခံပြီး အပြင်ကို လွတ်မြောက်သွားတာနဲ့ သူတို့ဘဝလေးတွေ ရပ်တည်နိုင်အောင် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါတယ်။ အခြေခံမိတ်ကပ်လိမ်းနည်းကနေ သတို့သမီး ဆံထုံးငါးမျိုးအထိ အဆင့်ဆင့်ကို အသေးစိတ် အတတ်သင်ကြားပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းအားအလှပြင်ကျွမ်းကျင် အကျဉ်းသူ တစ်ဦးမှ တစ်ရက်လျှင် အချိန် ၂ နာရီနှုန်းဖြင့် လေးလကြာသင်ကြားပို့ချပေးမည်ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

# မိုင်းတုံ–တာဆန်းလမ်းအပိုင်း ၃၃ မိုင်ကို အဆင့်မြှင့်တင်ခြင်းဆောင်ရွက်၍ ကတ္တရာခင်းကျင်း



**မိုင်းဆတ် နိုဝင်ဘာ ၆**

ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်မှ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေချထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် မိုင်းတုံ-တာဆန်း-မိုင်းပန်လမ်းမှ လမ်းအထူးအဖွဲ့(၃)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မိုင်းတုံ-တာဆန်းလမ်းအပိုင်း ၃၃ မိုင်ကို အဆင့်မြှင့်တင်ခြင်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား နိုဝင်ဘာ ၅ ရက်က မိုင်းဆတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ၊ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး ထွန်းမြတ်ကျော်နှင့် ခရိုင်အင်ဂျင်နီယာမှူး ဦးအောင်ညိုတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းအထူးအဖွဲ့(၃)မှလက်ထောက်အင်ဂျင်နီယာ ဦးအောင်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဌေးတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ခင်ဦးမြို့နယ်တရားရုံးမှ သက်သေခံအင်ဂျင်စက်များ လေလံတင်ရောင်းချမည်

**ခင်ဦး နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှုများမှ သက်သေခံအင်ဂျင်စက် ခြောက်လုံးကို နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်တရားရုံး၌ လေလံစည်းကမ်းချက်များနှင့်ကိုက်ညီသူ မည်သူကိုမဆို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

လေလံတင်ရောင်းချမည့်နေ့တွင် စပေါ်ငွေကျပ် ငါးသောင်းကိုတင်သွင်းရမှာဖြစ်ပြီး လေလံဆွဲဝယ်ယူမရရှိပါက စပေါ်ငွေများကို ယင်းနေ့တွင်ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ လေလံဆွဲဝယ်ယူရရှိသူသည် ငွေအပြေအကျေ ပေးသွင်းရမည်။

ငွေပေးသွင်းခြင်းမရှိပါက စပေါ်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီး နောက်ထပ်အသစ်တစ်ဖန် လေလံတင် ရောင်းချမည်ဖြစ်ကာ လေလံဆွဲဝယ်ယူရန်လျှောက်ထားသူသည် လေလံတင်ရောင်းချမည့်နေရာသို့ အချိန်မီမရောက်ရှိပါက လေလံတင်ရောင်းချရေးအဖွဲ့မှ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ရမည်းသင်းမြို့နယ် မကျီးကုန်းကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး ဖွင့်လှစ်ပွဲများကျင်းပ

**ရမည်းသင်း နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မကျီးကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီခွဲက မြောက်ရွာ ထိပ် ထရန်စဖော်မာအနီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဦးကျော်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ပြီး ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ ဆန်းစစ်သုံးသပ်ရေးကော်မရှင် ဦးကိုကိုနိုင်၊ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်း၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးတို့က ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သော ကျေးရွာလျှပ်စစ်မီးကို မကျီးကုန်းမြောက်ရွာမှ အိမ်ခြေ ၉၅ အိမ်နှင့် တောင်ရွာမှ အိမ်ခြေ ၁၀၆ အိမ် လျှပ်စစ်မီး သုံးစွဲနိုင်ပြီးဖြစ်ကြောင်း သိရသည်။

မကျီးကုန်း မြောက်ရွာမှ တောင်သူဦးမြင့်နိုင်ဦးက "ကျွန်တော်တို့ရွာက ရမည်းသင်းမြို့နဲ့ သုံးမိုင်ခန့်သာ ကွာဝေးပြီး မြို့ကသာ လျှပ်စစ်မီးများ ထိန်လင်းပေမယ့် ကျွန်တော်တို့ရွာမှာ ဖယောင်းတိုင်မီးသာ သုံးစွဲနေရပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကလည်း ညအချိန်တွေမှာ စာကျက်ရတာ အခက်အခဲတွေရှိပါတယ်။ နိုင်ငံတော်အစိုးရသစ် လက်ထက်မှာ ကျေးလက်နဲ့ မြို့ပြမခွဲခြားဘဲ ဒေသဖွံ့ဖြိုးရေးကို အလေးထား ဆောင်ရွက်တာတွေ ရှိပါတယ်။

"ကျေးလက်တောင်သူများရဲ့ စိုက်ပျိုးရာသီအချိန်တွေမှာလည်း စိုက်ပျိုးစရိတ်ကို တိုးမြှင့်ချေးပေးနေသလို ကျေးလက်လူမှုဘဝ မြှင့်တင်နိုင်ဖို့အတွက် အခုလို ကျေးရွာမီးလင်းရေးကိုနေရာအနှံ့မှာ ဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးတဲ့အတွက် အထူးပင်ဝမ်းသာပါတယ်"ဟု ပြောသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

## ခေါ့ခပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူလမ်း၊ အိမ်အမှတ်(၁၆၀)နေ ဗိုလ်ကြီးရဲစိုး(ငြိမ်း) [ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန]-ဗိုလ်မှူးဒေါ်တင်တင်ဝင်း(ငြိမ်း)တို့၏သား

ဗိုလ်ကြီးဟိန်းအောင်(ခ)ဝင်းလင်းထက်

**B.E (Material Science & Metallurgy)**

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း၊ အိမ်အမှတ်(၁၁၀/၁၁၂)နေ ဦးမျိုးသန့်-ဒေါက်တာရီရီဝင်း [ဆေးရုံအုပ်ကြီး(ငြိမ်း)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)]တို့၏သမီး

ဒေါက်တာ ဆွေဇင်စိမ့်

**M.B.B.S (Ygn) Medical Officer (Asia Royal Hospital)**

တို့သည် ၃၁-၁၀-၂၀၁၅ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်၌ ခေါ့ခပ်ကြောင်း လမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**ဗိုလ်ကြီးဟိန်းအောင်(ခ)ဝင်းလင်းထက်-ဒေါက်တာဆွေဇင်စိမ့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၃၆၆)၊ မြေကွက်တည်နေရာအမှတ်(၃၆၆)၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်(ဦးညွန့်သိန်း)အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးညွန့်သိန်း [၁၂/လမန(နိုင်)၀၁၁၄၉၈]ကိုယ်တိုင်မှ ပါမစ်မူရင်းတွင် မိသားစု ဓာတ်ပုံမပါရှိသော ပါမစ်မူရင်းတင်ပြ၍ ပါမစ်မပြည့်စုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မီး သတိပြု

## မွေးနေ့ဆုတောင်း

၇-၁၁-၂၀၁၅ နေ့တွင် ကျရောက်သော

ဦးဝင်းဖော် (နေပြည်တော်)

**B.Sc(Maths),MBA,DMA, D.C.S.C,**

မွေးနေ့မှသည်နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာပျော်ရွှင်စွာဖြင့် မိသားစုနှင့်အတူ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း။

**အခွင့်အလမ်းဂျာနယ်မိသားစု**
Two-Four DMA Media Group
EMBA 3rd Batch နှင့် 2002-2004 DMA
**သင်တန်းမှ သူငယ်ချင်းများ**

## Great International Co.,Ltd.

### ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဘွဲ့ရရှိထားသည့် ဝန်ထမ်းများ အလိုရှိသည်။

| စဉ် | ပညာအရည်အချင်း | လုပ်သက် ၅ နှစ်အောက် | လုပ်သက် ၅ နှစ်အထက် | လုပ်သက် ၁၀နှစ်အထက် |
|---|---|---|---|---|
| ၁။ | CPA | ၅ ယောက် | ၂ယောက် | ၁ယောက် |
| ၂။ | ACCA III | | ၁ယောက် | |
| ၃။ | ACCA II | ၃ ယောက် | | |
| ၄။ | ACCA I | ၅ ယောက် | | |
| ၅။ | B.Com | ၅ ယောက် | | ၅ ယောက် |
| ၆။ | LCCI III | ၁၀ယောက် | | |
| ၇။ | LCCI II | ၁၀ ယောက် | | |

(နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း နိုဝင်ဘာ (၁၆) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ရှိပါက မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ ကိုရေးရာဇဝင်၊ ဘွဲ့လက်မှတ်မိတ္တူ၊ သင်တန်းဆင်းလက်မှတ်၊ မိမိနှစ်သက်ရာ မြန်မာစာ (၁)ပုဒ်၊ အင်္ဂလိပ်စာ (၁)ပုဒ်၊ ကိုယ်တိုင်ရေး၍ မျှော်မှန်းလစာနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။ ကုမ္ပဏီတွင် အနည်းဆုံး(၂) နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။)

လိပ်စာ- အမှတ်(၁၆၈)၊ မဟာဗန္ဓုလလမ်းနှင့် ၅၃လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။



ပရဟိတသမားတို့ လျှောက်လှမ်းရာ
'ပန်းဒေါင်းတို့၏ လမ်းကြောင်း'အတိုင်း
ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခဲ့သူ စာရေးသူ၏
အတွေ့အကြုံများနှင့်အတူ ဒုတိယအကြိမ် ထွက်ပါပြီ

**ပန်းဒေါင်း**

လက်ကရည်ကျော်

နှင်းဒေဝီစာပေ အမှတ်-၂၀၀(ပထပ်)၊ ၃၆လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း - (၀၁)၃၈၃၀၂၅၊ ၃၉၁၆၃၃

# ပဲခူးမြို့မင်္ဂလာဒီပခေါင်းဆေးကျွန်းရှိ သာသနာ့သမိုင်းဝင်အမွေအနှစ်ကိုတူးဖော်

**à စိန်လှိုင်ဗိုလ်(ပဲခူး)**



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မင်္ဂလာဒီပခေါင်းဆေးကျွန်းကန်တော်ကြီးသည် ဟံသာဝတီပြည့်ရှင် ဘုရင်မကြီး ရှင်စောပုသားမက်တော် ဓမ္မစေတီမင်းကြီး၏ ကောင်းမှုဖြစ်သည်။ မိဖုရား၊ သားတော်၊ သမီးတော်များခြံရံလျက်ခမ်းနားကြီးကျယ်စွာဖြင့် ဦးခေါင်းဆေးမင်္ဂလာပြုသည်ကို အစွဲပြု၍ မင်္ဂလာဒီပခေါင်းဆေးကန်ဟု ခေါ်တွင်ခဲ့သည်။ မျက်မှောက်ကာလတွင် ခေါင်းဆေးကျွန်းဟုအမည်တွင် ရှိနေသည်။ သာသနာပြုဓမ္မစေတီမင်းကြီးသည် ခေါင်းဆေးမင်္ဂလာပြုသည့်အခါတိုင်း ကြည်ညိုပူဇော်ရန် သီဟဋ္ဌစေတီတစ်ဆူကို ပူဇော်ထားခဲ့သည်။ ထိုစေတီနှင့် ရုပ်ပွားဆင်းတုတစ်ဆူတည်ထားကိုးကွယ်ခဲ့ကြသည်။ ရွှေဘုန်းပွင့်ဘုရားဟု ဘွဲ့အမည်တွင်သည်။ ပဲခူး၊ ရန်ကုန်ကား လမ်းမကြီးပေါ်တွင် တည်ရှိသည်။ သီဟိုဠ်ကျွန်းမှ ကြွရောက်လာသော သံဃာတော်များ သီတင်းသုံးရန် ထိုစေတီ၏ ကုန်းခြေရင်းတွင် ကျောင်းတစ်ဆောင်လှူဒါန်းထားခဲ့သည်။ ခေါင်းဆေးကျွန်းသည် ၅၅၈ နှစ်ခန့် ကြာမြင့်ခဲ့ပါပြီ။

သာသနာတော်သက္ကရာဇ် ၂၀၀၀ ပြည့် ကောဇာသက္ကရာဇ်၈၁၈ ခုနှစ် ဟံသာဝတီပြည့်ရှင် ဘုရင်မကြီး ရှင်စောပု နှင့် ရာမာဓိပတိမဟာရာဇာဓိရာဇ်ဘွဲ့ခံသားမက်တော် ဓမ္မစေတီမင်းတို့၏ မင်္ဂလာဒီပခေါင်းဆေးကျွန်းတွင် သာသနာ အဆောက်အအုံစေတီကျောင်းများပြီးစီးအောင်မြင်ကြောင်း ကမ္ပည်းကျောက်စာကို မွန်ဘာသာဖြင့် ရေးထိုးထားခဲ့သည့် ကျောက်စာကို လက်ရှိနဝမမြောက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တ အရှင်ကုန္ဒစာရကထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

ရာဇာဓိပတိဓမ္မစေတီမင်းကြီး၏ ကုသိုလ်တော်ဖြစ်သော သီဟိုဠ်ကျွန်းပုံသဏ္ဍာန်အလား တူးဖော်စီမံထားအပ်သော မင်္ဂလာဒီပခေါင်းဆေးကျွန်းကန်အလယ်ရှိ အောင်မြင်ကျွန်းကုန်းတော်သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ယနေ့တိုင်ပင်ရှိနေသည်။ ယင်းကျောင်းတော်တွင် "ရထားမတိုက်၊ ကျားမကိုက်၊ ဆင်မလဲ၊ ကျွဲမခတ်" စသော ဂုဏ်ထူးဝိသေသထူးတို့ဖြင့် ထင်ရှားသော ရဟန္တာအရှင်မြတ်ကြီး ဦးသီလ၏ တပည့်ရင်းဘုန်းတော်ကြီး ဉူးဂုဏဓဇ သီတင်း သုံးနေထိုင်တော်မူစဉ်က ပဲခူးမြို့မှ ကျောင်းဒါယကာတိုက်သူကြီးမင်း ဦးတွတ်၊ ဇရပ်၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရဟန်း၊ ဘုရားအစ်မမင်းကတော်ကြီး ဒေါ်မမေ၊ မင်းကတော် ဒေါ်မသင်၊ ပဲခူးမြို့မသူကြီး ဦးပွင့်၊ ကျောင်းအုပ်ဆရာကြီး ဦးဖူး(ဆရာဖူး)၊ မင်းတိုင်ပင်အမတ်ဦးကြီးမြင့်၊ ဘုရား၊ တန်ဆောင်းဒါယကာ ဦးညွှင်းစသောဒါယကာများက ဆရာတော်ကြီး၏ ပါရမီကိုကူညီဖြည့်ဆည်းကြသည်။ သို့ဖြစ်ရာ သာသနာတော်သက္ကရာဇ် ၂၄၄၃ ခုနှစ် ကောဇာသက္ကရာဇ် ၁၂၆၁ ခုနှစ် အခါကောင်းသော တပေါင်းလပြည့်နေ့ ခရစ်သက္ကရာဇ် ၁၉၀၀ ပြည့်နှစ် မတ်လ ၁၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီအချိန် သဗ္ဗညုတဘုရားရှင်၏ ကိုယ်စားဖြစ်တော်မူသော လက်ဝဲအောက်ခံတံ၊ ဗုဒ္ဓဓာတ်နှင့် စွယ်တော်ဓာတ် မြတ်ရတနာတို့သည် နှစ်ကာလသက်တမ်းအားဖြင့် တစ်ရာ့တစ်ဆယ်ငါးနှစ်ကြာ ထိန်းသိမ်းခဲ့ကြသည်။

ယင်းသို့ မင်္ဂလာဒီပခေါင်းဆေးကျွန်းကျောင်းတွင် သီတင်းသုံးလျက်ရှိတော်မူသည့် ဗုဒ္ဓမြတ်စွယ်တော်မြတ်၏ ပဲခူးမြို့သို့ရောက်ရှိသည့် သမိုင်းသည် သက္ကရာဇ် ၁၂၆၁ ခုနှစ်တွင် လင်္ကာဒီပ သီဟိုဠ်ကျွန်းမှ သီဟိုဠ် ဘုန်းတော်ကြီး ဉူးသီလာရတနတိဿမထေရ်မြတ်နှင့် ဉူးဝိမလဓိရတိသာမထေရ် အရှင်သူမြတ်နှစ်ပါးတို့က အကြီးအမှူးပြု၍ သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓစွယ်တော်ပွားကို သင်္ဘောဖြင့် ပင့်ဆောင်လာခဲ့သည်။ ၁၂၆၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက် ခရစ်နှစ် ၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၂ ရက် စနေနေ့တွင် ရန်ကုန် ဆိပ်ကမ်းသို့ ဆိုက်ရောက်တော်မူခဲ့သည်။

ပထမဦးစွာ ဆူးလေဘုရားကုန်းတော်ပေါ်တွင် ရဟန်းရှင်လူ ပြည်သူအများတို့၏ အပူဇော်ကိုခံယူလျက် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်သို့ လည်းကောင်း၊ ပုဇွန်တောင် မဟာဝိဟာရကျောင်းကြီး တိုက်ကြီးအတွင်း၌လည်းကောင်း၊ ရန်ကုန်မြို့တွင် သုံးနေရာ၌ အပူဇော်ခံပြီး ၁၂၆၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် ခရစ်နှစ် ၁၉၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၁ ရက် ဗုဒ္ဓဟူးနေ့ နေ့လယ် ၁ နာရီတွင် ပဲခူးမြို့သို့ပင့်ဆောင် ရာ ရဟန်းရှင်လူတို့သည် ပူဇော်ကန်တော့ရန် ရွှေမော်ဓောဘုရားအနီး ဓမ္မာရုံကြီးတွင် အပူဇော်ခံရောက်ရှိ ရပ်နားတော်မူပြီး မင်္ဂလာဒီပ ခေါင်းဆေးကျွန်းသို့ ပင့်ဆောင်ထားရှိခြင်းဖြစ်သည်။

ထိုသို့ ပဲခူးမြို့နယ်၌ ကိန်းအောင်းစံပယ်တော်မူသော စွယ်တော်မြတ်သည် မိုးတွင်းအခါ မြစ်ရေလျှံသော နေရာ၌ တည်ရှိနေသည်။ ယခုအခါ မိုးရာသီတွင် ပဲခူးမြစ်ရေကြီးလျှံမှုမရှိစေရန် ရေလှောင်တမံများတူးဖော်ခြင်း၊ ရေစီးဆင်းမှုအဟန့်အတားဖြစ်စေသော သဲသောင်ခုံများကို ဆည်မြောင်းဦးစီးဌာနမှ တူးဖော်ဆောင်ရွက်ပေးခြင်းကြောင့် ပဲခူးမြစ်ရေစီးဆင်းမှု အဟန့်အတားအချို့ကို ဖယ်ရှားနိုင်ခဲ့သော်လည်း ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်ကို မကျော်လွှားနိုင်ခဲ့သေးပေ။ ပဲခူးမြို့တွင် ဖြတ်သန်းစီးဆင်းနေသော ခေါင်းဆေးကျွန်းချောင်းနှင့် မဇင်းချောင်းရေများ လျှံလျက် ရေနုတ်မကောင်းတော့ပါ။ ချောင်းဟုပင်ဆိုငြားလည်း ရေမြောင်းအဆင့် သာသာဖြစ်နေသည်။

ပဲခူးမြို့နယ်တစ်ဝိုက်တွင် ဘုရား၊ ကျောင်း၊ ကန်၊ သိမ် စသည်ဖြင့် ပေါများပါသည်။ မေ့မှိန်ပျောက်ကွယ်လုနီးပါး ငုပ်လျှိုးနေခဲ့သည်များလည်းရှိပါသည်။ ဆည်မြောင်းဦးစီးဌာန၏ ကြိုးပမ်းအားထုတ်မှုဖြင့် သစ်လွင်တောက်ပစွာ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ မင်္ဂလာဒီပခေါင်းဆေးကျွန်းကန်တွင် ရေကန်သာ ကြာတိုင်းမွှေးတော့မည်။ ရေနှင့်ကြာပန်းသင့်ပါတော့သည်။

ယင်းစွယ်တော်မြတ်ကိန်းဝပ်ပြီးနောက် အနှစ် ၈၀ ကြာသောအခါတွင် ပထမအကြိမ် ပူဇော်ပွဲပြုလုပ်သည့် ၈၃ နှစ်ပြည့်မြောက်နှစ်တွင် ဒုတိယအကြိမ်ပူဇော်ပွဲပြုလုပ်သည်။ ၈၇ နှစ် ပြည့်မြောက်သောနှစ်တွင် တတိယအကြိမ်ပူဇော်ပွဲကိုလည်း ၁၉၉၀ ပြည့်နှစ် မတ်လ ၂၆ ရက် အနှစ် ၉၀ ပြည့်တွင် စတုတ္ထအကြိမ်ပူဇော်ပွဲကိုလည်းကောင်း အနှစ် ၁၀၀ ပြည့်သည့် ၂၀၀၀ ပြည့်နှစ်က ပဉ္စမအကြိမ် ပူဇော်ပွဲတို့ကို ကျင်းပခဲ့ပြီးနောက် ပူဇော်ပွဲအစဉ်အလာအရ မကျင်းပခဲ့သည်မှာ ၁၅ နှစ်တိုင်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဥပသကာ ဂေါပကအဖွဲ့၊ သာသနာရေးအဖွဲ့အစည်းစသည်တို့က ဦးဆောင်၍ နှစ်စဉ်ပူဇော်ပွဲကျင်းပသင့်သည်။ သာသနာထွန်းပြောင်၍ ကုသိုလ်တရားရစေမည်ဖြစ်သည်။

မင်္ဂလာဒီပခေါင်းဆေးကျွန်းရှိ ဗုဒ္ဓမြတ်စွယ်တော် ပမာဏအတိုင်းအထွာနှင့် အလေးချိန်မှာ "အရင်းထိပ်ဝ ၈ ပဲ ၁/၂ လက်မ၊ အဖျားထိပ်ဦး ၅ ဒသမ ၅/၁၆ ပဲလက်မ၊ အလျား ၁ လက်မ(၁၅ ပဲ ၁ ၁၅/၁၆)လက်မ အဝန်းလုံးပတ် ၁ လက်မ(၈ ပဲ ၁ ၁/၂ လက်မ)၊ အလေးချိန် ၉ ပဲ ၂ ရွေးလေး" ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

သာသနာ့သမိုင်းဝင်မင်္ဂလာဒီပခေါင်းဆေးကျွန်းတွင် မြတ်ဘုရားရှင်၏ လက်ဝဲအောက်ခံတံစွယ်တော်မြတ်ကိန်း ဝပ်တည်ရှိနေကြောင်းကို ထင်ထင်ရှားရှားထည်ထည်ဝါဝါ ပေါ်ထွန်းလာစေရန်အတွက် သာသနာပြုခဲ့သော ဆည်မြောင်းဦးစီးဌာနအား ပဲခူးမြို့သူမြို့သားများက မှတ်မှတ်ထင်ထင်ကျေးဇူးတင်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုစွယ်တော်မြတ်အား ရပ်ဝေးရပ်နီးမှ ကြွရောက်ပူဇော်နိုင်ကြောင်းကို သိရှိရပေသည်။ ။

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးမြို့တွင် (၆၀×၃၀×၁၂)ပေ၊ သွပ်မိုး၊ အုပ်ညှပ်(၁)ထပ်နှင့် ဆမီးမြို့တွင် (၆၀×၂၆×၁၂)ပေ၊ သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး(၂)ရုံး ဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံနှင့်စည်းကမ်းချက်များ စတင်ရောင်းချမည့်ရက် | - ၆-၁၁-၂၀၁၅ရက် |
| ၃။ | တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက် | - ၂၀-၁၁-၂၀၁၅ရက် |
| ၄။ | တင်ဒါဖွင့်မည့်ရက် | - ၂၃-၁၁-၂၀၁၅ရက် |
| ၅။ | တင်ဒါဖွင့်မည့်နေရာ | - ချင်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနရုံး၊ ဟားခါးမြို့ |

၆။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး၊ ဖုန်း ၀၇၀-၂၁၁၁၂၊ ၂၁၀၄၆သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၂၂၉)နေ အဖ ဦးမြဦး[၁၂/ဒပန(နိုင်)၀၃၃၄၇၀]၊ အမိ ဒေါ်ခင်မာမြင့်[၁၂/ဒပန(နိုင်)၀၀၀၄၇၁]တို့၏သားဖြစ်သူ မောင်ပြည့်ဖြိုး(ခ)ပြည့်ဖြိုး[၁၂/ဒပန(နိုင်)၀၄၉၈၉၂]သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးမြဦး၊ ဒေါ်ခင်မာမြင့်**






# ညောင်တုန်းတွင်ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် လျှပ်စစ်မီးလိုင်းပြုပြင်

**ညောင်တုန်း နိုဝင်ဘာ ၆**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ညောင်တုန်းမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် ညောင်တုန်းမြို့နယ် မဲဇလီဒေသအပါအဝင် ငှက်ပျောကျွန်းကွန်းဦး-ခတ္တိယအထိ ၁၀မိုင်၊ အရွှဲအမြောင်းမှ ညောင်ဝိုင်းကြီးအထိ ၇ မိုင်အား နိုဝင်ဘာ ၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဦးစီးကာ ခရိုင်လျှပ်စစ် အင်ဂျင်နီယာမှကြီးကြပ်ပြီး ညောင်တုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်မီးရရှိရေးနှင့် လှိုင်သာယာ-ညောင်တုန်းလမ်း တစ်လျှောက်ရှိ လျှပ်စစ်မီးတိုင်များ တည့်မတ်ခြင်း၊ ကြွေသီးများ စစ်ဆေးခြင်းနှင့် လျှပ်စစ်မီးလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ကိုင်း၊ သစ်ပင်ခုတ်ရှင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းပြင် ကျေးရွာနေ ဒေသခံပြည်သူများ၏ လူမှုစီးပွားမြှင့်တင်နိုင်ရေးအတွက် အလေးထားပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ကျေးလက်ဒေသများ အမြန်လျှပ်စစ်မီးလင်းနိုင်ရေး၊ ပြီးစီးနိုင်ရေးတို့အတွက် လျှပ်စစ်ဝန်ထမ်းများက အဖွဲ့များဖွဲ့ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်။ **ထွန်းကျော်(ညောင်တုန်း)**

# နိုဝင်ဘာ ၇ ရက်မှ ၉ ရက်နေ့အထိ အရက်၊ ဘီယာများ ရောင်းချခွင့်မပြု

**ပခုက္ကူ နိုဝင်ဘာ ၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပခုက္ကူမြို့နယ်၌ အရက်၊ ဘီယာများ ရောင်းချခြင်းကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ တားမြစ်ထားကြောင်း သိရသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရေး၊ မဲဆန္ဒရှင်ပြည်သူများ မဲပေးသွားရာတွင် စိတ်အနှောက်အယှက်ဖြစ်စေမည့် ဆူညံသံများ၊ မူးယစ်သောက်စားရမ်းကားမှုများ မဖြစ်စေရန်အတွက် ပခုက္ကူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ကာရာအိုကေနှင့် စင်တင်တေးဂီတဆိုင်များ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်များတွင် အရက်၊ ဘီယာများရောင်းချခြင်းကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ လုံးဝရောင်းချခွင့်မပြုကြောင်း သိရသည်။

ဤတားမြစ်ချက် ဒေသန္တရ အမိန့်ကိုလိုက်နာခြင်း မရှိသော စျေးဆိုင်များအား စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။ **ညဏ်တိုး(မြန်/ဆက်)**

# လမ်းပေါ်၌စပါးလှမ်းခြင်းကြောင့်လမ်းသွားလမ်းလာများအခက်အခဲဖြစ်



**ကျောက်တံခါး နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း လမ်းမပေါ်နှင့် ကျေးရွာချင်းဆက် ကုန်ထုတ်လမ်းများပေါ်၌ တောင်သူနှင့် ကုန်သည်များမှ စပါးများတက်လှမ်းနေခြင်းကြောင့် ယာဉ်များမောင်းနှင်သွားလာရာ၌ရပ်တံ့ရှောင်တိမ်းနေရခြင်းနှင့် အချိန်ကြန့်ကြာမှုများဖြစ်ပေါ်နေသည့်အတွက် စည်းကမ်းမဲ့ လမ်းမပေါ်တက်၍ စပါးလှမ်းသူများအားတားမြစ်နိုင်ရေးကူညီဆောင်ရွက်ပေးစေလိုကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယခုကောက်ဦးစပါးများပေါ်နေချိန်၌ ကုန်သည်များက စပါးတင်း ၁၀၀ လျှင် ငါးသိန်းခွဲဈေးနှုန်းပေး၍ ဝယ်ယူလျက်ရှိရာ ဒေသခံတောင်သူများမှ စပါးဈေးကောင်းရ၍ စပါးများ ရိတ်သိမ်းရောင်းချရာတွင် လယ်ထွက်စပါးအစိုများကို လယ်ကွက်တွင် နေရာမရှိ၍ လမ်းမပေါ်သို့တက်၍ စပါးများလှမ်းနေခြင်းကြောင့် အဆိုပါလမ်းပိုင်းများပေါ်၌ အများပြည်သူသွားလာမှု ခက်ခဲနေကြောင်း ဒေသခံများက ပြောသည်။

ယင်းလမ်းမများပေါ်တွင် သွားလာနေသော ယာဉ်ကြီး၊ ယာဉ်ငယ်၊ စက်ဘီး၊ ဆိုင်ကယ်များမှာ ရှောင်တိမ်းမောင်းနှင်နေရခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်နိုင်ခြင်းနှင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေခြင်းတို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက အလေးထား ကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

# ကယားပြည်နယ်ရဲတပ်ဖွဲ့ဝင်မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**လွိုင်ကော် နိုဝင်ဘာ ၆**

ကယားပြည်နယ်ရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ ခမ္မာရုံတွင် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ဝန်ထမ်း မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ကယား ပြည်နယ်ရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်စန်းစန်းလှက အဖွင့်အမှာစကားပြောကြားပြီး ရဲတပ်ဖွဲ့ မိသားစု ၈၇ စုတို့အား ထောက်ပံ့ပစ္စည်းများ အသီးသီးပေးအပ်၍ ရဲတပ်ဖွဲ့ မိသားစုဝင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**

# ယာဉ်စည်းကမ်းလမ်းစည်းကမ်းဟောပြော


**ကသာ နိုဝင်ဘာ ၆**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ဒုရဲမှူး ရန်နိုင်(တပ်ဖွဲ့စုမှူး)က ဆိုင်ကယ်စီးလျှင်ဦးထုပ်ဆောင်းပါ။ မေးသိုင်းကြိုးတပ်ပါ။ စတစ်ကာများဖြန့်ဝေခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများပြုလုပ်ခဲ့သည်။ ၂၀၁၅ခုနှစ် မော်တော်ယာဉ်ဥပဒေပြစ်မှုပြစ်ဒဏ်များအား ချပြရှင်းလင်းကာ၊ ဖမ်းဆီးရာတွင် ပြည်သူ၊ ဝန်ထမ်းမခွဲခြားဘဲ ဖမ်းဆီးအရေးယူသွားမည်ဟု တာဝန်ရှိသူများက ဟောပြောခဲ့သည်။ **ရဲကို(ကသာ)**











# ပခုက္ကူခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဥရောပသမဂ္ဂရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများတွေ့ဆုံ

**ပခုက္ကူ နိုဝင်ဘာ ၆**

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် ကမ္ဘာက သိရှိနိုင်ရေး နိုင်ငံတကာနှင့် ပြည်တွင်းလေ့လာစောင့်ကြည့်သူများ၊ အဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲကော်မရှင်အဆင့်အသီးသီးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပခုက္ကူခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဥရောပသမဂ္ဂအဖွဲ့မှ လေ့လာစောင့်ကြည့်သူများသည် နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က ခရိုင်ရုံးခန်း၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ယင်းသို့တွေ့ဆုံရာတွင် ဥရောပသမဂ္ဂအဖွဲ့မှ ဘယ်လ်ဂျီယံနိုင်ငံသူ Anne Bourlond နှင့် ရိုမေးနီးယားနိုင်ငံသား Caius Mihai Suveti တို့က ကြိုတင်မဲနှင့်ပတ်သက်၍ လက်ရှိမဲပေးနေမှု၊ လုံခြုံစွာထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ခရိုင်အတွင်းရှိ မြို့နယ်များသို့ သွားရောက်လေ့လာနိုင်မည့် အခြေအနေများ မေးမြန်းရာ ခရိုင်ဥက္ကဋ္ဌ ဦးရွှေကျော့နှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အဆိုပါအဖွဲ့သည် ပခုက္ကူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဆက်လက်တွေ့ဆုံရာတွင် ရှေ့တန်းရောက် တပ်မတော်သားများ၊ အကျဉ်းကျသူများ၊ နိုင်ငံခြားရောက် မဲဆန္ဒရှင်များ၊ ပြည်တွင်း မဲဆန္ဒရှင်များ၏ ကြိုတင်ဆန္ဒမဲပေးမှု၊ ကြိုတင်မဲ လွတ်လပ်စွာပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် မည်ကဲ့သို့ သိမ်းဆည်းထားရှိကြောင်း မေးမြန်းရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ ဥရောပသမဂ္ဂ လေ့လာစောင့်ကြည့်ရေးအဖွဲ့သည် နိုဝင်ဘာ ၆ ရက်တွင် ရေစကြိုမြို့နယ်နှင့် မြိုင်မြို့များသို့ ဆက်လက်လေ့လာခဲ့ကြောင်းသိရသည်။ ယခုအခါ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် အောက်တိုဘာ ၂၉ ရက်မှစ၍ ကြိုတင်မဲများစတင်ခွင့်ပြုပေးလျက်ရှိသည်။ **ခရိုင်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို ငွေလိမ်လည်သည့် ပွဲစားများအား ဖမ်းဆီးအရေးယူ

**ဗန်ကောက် နိုဝင်ဘာ ၆**

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို အလုပ်သမားကတ်နှင့် ပတ်စပို့စ်အတုများလုပ်ပေးပြီး ငွေလိမ်လည်မှု ကျူးလွန်သူ ပွဲစားနှစ်ဦးအား ထိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း နိုဝင်ဘာ ၄ ရက်က ထိုင်းနိုင်ငံတွင် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

ဖမ်းဆီးရမိသူများမှာ ဗန်ကောက်မြို့ ကျတူးကျတ်နယ်မြေတွင် နေထိုင်သူ အဖိန်းယာ မီးဆုမ်မတ် (အသက် ၆၂ နှစ်)နှင့် ပထုန်ဌာနီခရိုင် လမ်လုတ်ကာမြို့တွင် နေထိုင်သူ နိုင်းအားကွန်း ကလိုင်းလိုတ် (အသက် ၅၂ နှစ်) တို့ နှစ်ဦးဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့များက ၎င်းတို့နှစ်ဦးထံမှ မြန်မာအလုပ်သမားဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ သိမ်းဆည်းရမိပြီး နိုင်းအားကွန်းဆိုသူထံမှ ပစ္စတို သုံးလက်၊ သေနတ်ပြောင်းရှည် သုံးလက်နှင့် ကျည်ဆန် ၆၈၀ တောင့်ကိုပါ ဖမ်းမိခဲ့သည်ဟု သတင်းစာ ရှင်းလင်းပွဲတွင် တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်းသိရသည်။

ဖမ်းဆီးခံရသူ နိုင်းအားကွန်းဆိုသူက သူ့ကိုယ်သူ ထိုင်းနိုင်ငံဆိုင်ရာမြန်မာသံရုံးက ခန့်ထားသည့် ကိုယ်စားလှယ်ဖြစ်ကြောင်းပြောဆိုပြီး လေးနှစ်ဗီဇာကုန် မြန်မာအလုပ်သမားများ၊ နှစ်နှစ်တစ်ကြိမ် သက်တမ်းတိုးရန် လိုအပ်သည့် အလုပ်သမားများအား ဗီဇာတိုးပေးရေး၊ အလုပ်သမားကတ်သက်တမ်း တိုးရေးလုပ်ငန်း ကြားခံပို့ဆောင်ပေးခြင်းဖြင့် လိမ်လည်မှုကျူးလွန်ခဲ့သည်မှာ လေးနှစ်ခန့်ရှိပြီဖြစ်ကြောင်း ထိုင်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ထုတ်ဖော်ပြောဆိုခဲ့သည်။ **ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# ကင်းတပ်ကျေးရွာ မူလမြေ ၂၁ ဧကရှိ အိမ်ခြေ ၇၄ အိမ်အတွက် မြေငှားဂရန်များပေးအပ်

**မော်လိုက် နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာတွင် မူလရွာမြေ ၂၁ ဧကမှာ ပါဝင်သည့် အိမ်ခြေ ၇၄ အိမ်အား ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီတွင် ကင်းတပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဆောင်အဟောင်း၌ ကျင်းပရာ အခမ်းအနားသို့ မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား ဦးစီးအရာရှိ ဒေါ်မြမြဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌတို့က ကျေးရွာမြေငှားဂရန်များအား ကင်းတပ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌထံသို့ အသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက် ကင်းတပ်ကျေးရွာပြည်သူများ၏ ကိုယ်စား ဦးညိုဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကျေးလက်လူနေမှုဘဝ အဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပြီး မိမိတို့နေထိုင်သည့် အိမ်ခြံမြေများကို မြေယာဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရအောင် ခရိုင်လုပ်ငန်းအထူးအဖွဲ့နှင့် မြို့နယ်/ကျေးရွာ လုပ်ငန်းအထူးအဖွဲ့များ ဖွဲ့စည်းပြီး မော်လိုက် မြို့နယ်အတွင်း ကင်းတပ်ကျေးရွာကို ပထမဦးဆုံးရွေးချယ်ပြီး မြေဂရန်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ရာ ကင်းတပ်ကျေးရွာ မူလရွာမြေ ၂၁ ဧကမှာ ပါဝင်သည့် အိမ်ခြေ ၇၄ အိမ်အား မြေဂရန်များ ထုတ်ပေးနိုင်ခဲ့ကြောင်း၊ မြေဂရန် လက်ဝယ်ရရှိခြင်းဖြင့် ကျေးရွာရှိ အိမ်မြေကွက် တန်ဖိုးမှာ ယခုထက် ပိုမိုမြင့်မားလာပြီး၊ မြေယာပိုင်ဆိုင်မှု ခိုင်မာသည့်အတွက် မြေငှားစာချုပ်ဖြင့် ချေးငွေများထုတ်ချေးနိုင်ကြောင်း ပြောကြားခဲ့သည်။

**မော်လိုက်သားလေး**





ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

တောင်မြေကြီးရောင်းရန်ရှိသည်
မှော်ဘီတိုးဂိတ်အနီး
Ph: 09-796993153, 09-786246702

မြို့ရွာတစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်




## ဝန်ထမ်းအလိုရှိသည်

Indonesia နိုင်ငံအခြေစိုက် PT.Millennium Penata Future Company၏ မြန်မာပြည်ရုံးခွဲဖြစ်သည့် MPF Myanmar Companyတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

(1) Assistant Manager Male/Female(2)Posts
(2) Marketing Executive Male/Female(10)Posts
(3) Business Advisor Male/Female(10)Posts

အထက်ဖော်ပြပါ ရာထူးအားလုံးအတွက် မိမိကိုယ်ကိုယုံကြည်မှုရှိ၍ ရိုးသားကြိုးစားပြီး တိုးတက်လိုစိတ်ရှိရမည်။ မိမိကိုယ်ပိုင် အလုပ်ကဲ့သို့ ဝင်ငွေများကို တစ်လထက်တစ်လ ပိုမိုရှာဖွေလိုသူဖြစ်ရမည်။ စကားပြောပြေပြစ်၍ ဆက်ဆံရေးချောမွေ့သူ၊ အသင်းအဖွဲ့စိတ်ဓာတ်ရှိသူဖြစ်ရမည်။ (အချိန်ပိုင်းအလုပ်လုပ်လိုသူ၊ အတွေ့အကြုံမရှိသူများနှင့် သင်ယူလိုစိတ်ရှိသူများလည်း လျှောက်ထားနိုင်ပါသည်။)

အထက်ပါရာထူးအားလုံးအတွက် (အခြေခံလစာ၊ Commision, Target Bonus, Over sea Trip များခံစားခွင့်ရှိမည်။) CV Form အပြည့်အစုံ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ လေဘာမိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်တကွ လူကိုယ်တိုင်ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။ အပတ်စဉ် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တွင် အင်တာဗျူးရှိပါသည်။

အမှတ်(၂၃၂)၊ Sea Green Tower၊ အခန်း(7c)၊ ၆-လွှာ၊ ဗိုလ်အောင်ကျော်လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**Ph: 09-30002100, 093268888, 09-799993214**
**Email:mpf.humanresource@gmail.com**


## လူပျောက်ကြေညာခြင်း



ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၅၅)၊ ၆-လွှာ(ဘီ)နေ ကိုအီဆက်(MDW-250320)၏ဇနီး ဓာတ်ပုံရှင် မတင်တင်ထွေး[၁၂/မဂတ(နိုင်)၀၈၁၂၈၅] အသက်(၃၃)နှစ်သည် ၁၆-၉-၂၀၁၅ရက် ညနေ ၇း၁၅နာရီတွင် နေအိမ်မှ ဈေးဝယ်ရန် ဆင်းသွားရာမှ ယနေ့အထိ ပြန်ရောက်လာခြင်း မရှိသေးပါ။ မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းတွင်လည်း လူပျောက်အမှတ်စဉ် (၉/၁၅)ဖြင့် ၁၇-၉-၂၀၁၅ရက်တွင် တိုင်တန်းထားပါသည်။ မတင်တင်ထွေးမှာ စိတ်ရောဂါ ဝေဒနာရှင်တစ်ဦးဖြစ်သဖြင့် ၎င်းအားတွေ့ရှိသူများက သတင်းပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိသူများကိုလည်း ကျေးဇူး ဆပ်မည်ဖြစ်ပြီး၊ သွေးဆောင်ဖြားယောင်း လက်ခံထားသူများကိုလည်း အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုအီဆက် ဖုန်း-၀၉ ၄၂၀၀၃၄၇၇၁

ကြော်ငြာ

## မြစ်ကြီးနားမြို့ သက်တော်ရှည်ဝန်းသိုကျောင်းဆရာတော်ကြီး၏ သက်တော်(၉၀)ပြည့် နဝရတ်ရတု မွေးနေ့ပူဇော်ပွဲ

နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဇမဟာရဋ္ဌဂုရု၊ ကချင်ပြည်နယ် အဓိပတိ မဟာနာယက မြစ်ကြီးနားမြို့၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဦးစီးပဓာန မဟာနာယက၊ သက်တော်ရှည် ဘဒ္ဒန္တသီလဝံသ ဆရာတော်ကြီး၏ သက်တော်(၉၀)ပြည့် နဝရတ်ရတု မွေးနေ့ပူဇော်ပွဲကို (၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်) ၁၂-၁၁-၂၀၁၅ ရက်တွင် မြစ်ကြီးနားမြို့၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့ သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန လက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်မှစတင်၍ အောက်ဖော်ပြပါ အင်ဂျင်နီယာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/Water Resources Engg)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) ဈူကလီးယားအင်ဂျင်နီယာ
(ဈ) ဇီဝနည်းပညာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၂)နှစ် စုစုပေါင်း(၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း(Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့်မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာအင်ဂျင်နီယာဘွဲ့(M.E)နှင့် မဟာသိပ္ပံဘွဲ့ ဇီဝနည်းပညာ(M.S) သို့မဟုတ် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း) တင်ပြနိုင်သူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာနှင့် မဟာသိပ္ပံဘွဲ့(ဇီဝနည်းပညာ)ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)တို့ကို တင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၁၁-၂၀၁၅ ရက်မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀-၁၁-၂၀၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက ၂၃-၁၁-၂၀၁၅ ရက်တွင် စိစစ်ပြီးမှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

| နေ့ရက် | ဖြေဆိုမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၂၄-၁၁-၂၀၁၅(အင်္ဂါနေ့) | အင်္ဂလိပ်စာ | ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ |
| ၂၅-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ |

၇။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၃၀-၁၁-၂၀၁၅ ရက်တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၁-၁၂-၂၀၁၅ ရက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၂-၁၂-၂၀၁၅ ရက်တွင် ထုတ်ပြန်ကြေညာမည်။

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ်၊ ဖုန်းနံပါတ်-၀၂-၅၇၃၆၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ဒေါက်တာနီနီဝင်း)**
**ဌာနမှူး၊ သင်တန်းရေးရာ**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၂၆-လမ်း၊ အမှတ်(၄၃)နေ ဦးမိုဟာမက်(ခ)ဦးဇင်လင်းဆွေ [၁၂/ပဘတ(နိုင်)၀၃၁၇၆၆]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးမိုဟာမက်(ခ)ဦးဇင်လင်းဆွေသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

**တံဆိပ်အမည်အမှတ်အသားများ**

**မှတ်ပုံတင်အမှတ်-၄/၁၁၅၁၂/၂၀၁၅** **မှတ်ပုံတင်အမှတ်-၄/၁၁၅၁၃/၂၀၁၅**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို "Mobile ဖုန်းနှင့် Mobile ဖုန်းဆက်စပ်အပိုပစ္စည်းအမျိုးမျိုး"တို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်း၊ ကုန်ပစ္စည်းထုပ်ပိုးပြုပြင်ရေးနှင့် ဖြန့်ချိရေးလုပ်ငန်းတို့တွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိုဟာမက်(ခ)ဦးဇင်လင်းဆွေ၏ မူပိုင်အဖြစ် အသုံးပြုသော အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၃၆)**
**ရုံး-အမှတ်(၅၅)၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်-အမှတ်-၄၅၊ ၂၆-လမ်း၊ (၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၈၉၆၈၅၊ ၀၉-၅၁၉၄၉၉၈၊ ၀၉-၇၉၅၁၉၄၉၉၈**

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇စီ၊ မြေကွက်အမှတ်-၁၇၄၊ မြေကွက်တည်နေရာအမှတ်-၁၃၊ ဦးစံငြိမ်းလမ်း၊ စမ်းချောင်းမြို့နယ် (ဦးအုန်းမောင်-ဒေါ်စိုး) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၁၂၇/၁၄(၃၀-၃-၁၄)အရ ဒေါ်ညွန့်ရီမှ ပိုင်ဆိုင်ပြီးနောက် အပိုင်ပေးစာချုပ်အမှတ် ၁၂၄၄/၁၅(၁၉-၂-၁၅)အရ ဒေါ်အိအိမေ[၁၂/စခန(နိုင်)၀၀၆၄၄၄]မှ ပိုင်ဆိုင်ပြီး ဂရန်ခြစားပျက်စီးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်နှင့် ၂-၄-၁၅ ရက်စွဲပါ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၁၄၇၈)၊ မြေကွက်တည်နေရာအမှတ်(၁၄၇၈)၊ ၉၀-ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဦးတင်ဝင်း)အမည်ပေါက် ပါမစ်မြေအား ဦးဝင်းတင်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ထယ်ယူသူ ဒေါ်မြတ်သန္တာထွေး [၁၄/ကလန(နိုင်)၀၇၈၅၆၄]မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

တိုက်အမှတ်(၂၆၀)၊ အခန်းအမှတ်(၂၃)၊ အရှေ့ရန်ကင်း၊ (၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ ဒေါ်မိုးမိုးမင်းသူ(ခ)Michelle Cardozo (PP No.MA 651113) ကိုင်ဆောင်သူသည် ကျွန်တော်၏မိတ်ဆွေ NATHAN ANDERSON KO (PP NO. 421041719)ကိုင်ဆောင်သူ၏ လက်ရှိတရားဝင်ဇနီးဖြစ်ပါသည်။ ဒေါ်မိုးမိုးမင်းသူ(ခ) Michelle Cardozo နှင့် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ဥပဒေအရ ထိုက်ရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**NATHAN ANDERSON KO ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချန်ထွန်း B.A.,B.L**
**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်(စဉ်-၁၄၈၅)**
**အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၉၂၆၇**

## သတိပေးကြေညာချက်

Les Laboratories Servier Industries, France မှ ထုတ်လုပ်ပြီး လက်အောက်ခံကုမ္ပဏီခွဲဖြစ်သည့် Biofarma ကုမ္ပဏီမှ မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်နှင့် ဆေးဝါးမှတ်ပုံတင် ရရှိထားသော အောက်ပါအမှတ်တံဆိပ်များပါ ဆေးဝါးများကို SERVIER (S) Pte.Ltd.,(Myanmar Branch)မှ တရားဝင် ပရိုမိုးရှင်းပြုလုပ်၍ Mega Life Sciences Co.,Ltd မှ တရားဝင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

1/Diamicron MR, Tablet
2/Vastarel MR, Tablet
3/Daflon 500mg, Tablet
4/Coversyl, Tablet
5/ Coversyl Plus, Tablet တို့ ဖြစ်ပါသည်။

သို့ရာတွင် ယခုအခါ အချို့နေရာများ၌ အထက်ပါ ဆေးဝါးများအား အတုအပများ ပြုလုပ်မှု၊ တင်သွင်းမှုများ ပြုလုပ်ကြလျက် မြန်မာနိုင်ငံဈေးကွက်အတွင်းတွင် ဖြန့်ချိရောင်းချလျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါ အတုအပဆေးဝါးများ ရောင်းချဖြန့်ဖြူးနေမှုအပေါ် ကွင်းဆင်းစစ်ဆေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးရှိ ကျန်းမာရေးဦးစီးဌာနများသို့ ညွှန်ကြားထားလျက်ရှိပါသည်။ (ဆေးဝါးအစစ်များတွင် မြန်မာနိုင်ငံ၏ ဆေးဝါးမှတ်ပုံတင်အမှတ်များ ဖော်ပြပါရှိပါသည်။)

သို့ပါ၍ အထက်ဖော်ပြပါ ဆေးဝါးများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ တစ်ခုလုံးကိုသော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းမှအစ တစ်စုံတစ်ရာကိုမျှ ဆောင်ရွက်လုပ်ကိုင်ခြင်း မပြုပါရန်နှင့် အကယ်၍ ဖောက်ဖျက်မှု တစ်စုံတစ်ရာတွေ့ရှိပါ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ငြိမ်းကျော်**
**(စဉ်-၁၉၉၈) (တရားလွှတ်တော်ရှေ့နေ)**
**အခန်းအမှတ်(၀၀၇)၊ အင်းယားလိပ်ဟိုတယ်**
**၃၇၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။**

## ယာဉ်မောင်းအလိုရှိသည်

ယာဉ်မောင်းကျွမ်းကျင် အလိုရှိသည်။
မြို့တွင်းမြို့ပြင် မောင်းနှင်နိုင်ရမည်။
(လစာ - ၂၀၀၀၀၀ နှင့်အထက်)
**ဆက်သွယ်ရန်**-အမှတ်(၁၉၅)၊ ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၉၂၀၂၀၁၆၊ ၀၉-၉၆၇၇၂၄၆၀၀

## ယာဉ်မောင်းကျွမ်းကျင်(၁)ဦး အလိုရှိသည်

အင်္ဂလိပ်စာအနည်းငယ်၊ မြောက်ဥက္ကလာတွင်နေထိုင်သူဦးစားပေးမည်။
**Ph:01-379790, 392620**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၁)၊ မြေကွက်တည်နေရာအမှတ်(၄၀)၊ စေတနာသုခလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ (မြေပိုင်မြေ)အမည်ပေါက် ဒေါ်ရွှေတင်မြေအား အပိုင်ရောင်းစာချုပ်-၁၇၉၁/၁၉၆၁(၂၈-၁၂-၁၉၆၁)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးလျန်နီကောက်(ခ)ဦးနီကောက်[၁၂/ကမရ(နိုင်)၀၅၆၇၁၄]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၅၄၁၃/၂၀၁၅(၇-၅-၂၀၁၅)ဖြင့် SP ရသူ ဒေါ်နန်းသီတာ[၁၂/လမတ(နိုင်)၀၁၇၃၁၄]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေကွက်အမှတ်(၁)အတွင်းမှ ဧရိယာ(၇. ၅၄၉)ဧက၏ တရားဝင်မခွဲစိတ်ရသေးသည့် အစိတ်အပိုင်းဧရိယာ(၀. ၀၂၈)ဧကကို အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**oifo;ziftoufu,f**

Sunny Paradise Resort
ngwesaung beach
Ocean Paradise
NGWE SAUNG BEACH
BEACH GLOW PARTY
WITH SURPRISE LUCKY DRAW ...
GAME FIRE | SAND DANCE | WATER PARTY
MISS ASIA MYANMAR 2015 FINAL CONTEST
Value of 200,000Ks
Just only 120,000Ks
(2 Nights)
DJ ICE Z · DJ Wine · DJ Paka
Hot-Line: 09 5200591 / 09 5200594 / 09 250186988
Email: sunnyparadiseresort.sales@gmail.com
Visit: www.facebook.com/SunnyParadiseResort

PUN HLAING SILOAM HOSPITALS
သီတင်းကျွတ်အထူးအစီအစဉ်
October 15th to 30th November
သီတင်းကျွတ်အခါသမယတွင် မိမိတို့ချစ်ခင်လေးစားတန်ဖိုးထားရသောမိဘ၊ ဘိုးဘွားများနှင့် ဆရာသမားများကို ကျန်းမာခြင်းလက်ဆောင်နဲ့ ကန်တော့ကြပါစို့...
သီတင်းကျွတ် အထူးအစီအစဉ်အနေဖြင့် ပန်းလှိုင်စီလုံဆေးရုံကြီးနှင့် ပန်းလှိုင်ဆေးခန်းတို့ မှကျန်းမာရေးစစ်ဆေးခြင်းအစီအစဉ်များကို
အထူးလျှော့ဈေး ဖြင့်ပြုလုပ်ပေးနေပြီဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
Like us on facebook Pun Hlaing Siloam Hospitals
www.bdd.phsh@spa-mm.com
Call Us - 01 68 44 33

WEBS
IELTS,
4 Skills,
Business English
> သင်တန်းတစ်ခုပြီးတိုင်း Cambridge တက္ကသိုလ်ကအောင်လက်မှတ် ရရှိမည်။
သင်ကြားသည့်ဆရာ-ဆရာနီးခင်းနိုင်သည်
> အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open University, Cambridge, Business Schools များတွင် သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာနေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့် ယဉ်ကျေးမှုကို ကိုယ်တိုင်ထိတွေ့ခွင့်ရခဲ့။
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။

ပျောက်ဆုံးကြောင်း
ကျွန်မ မေသဇင်ကျော်[၁၂/အစန(နိုင်)၁၈၆၂၂၁]၏ PP No(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း ၀၉-၂၅၀၂၀၈၄၀၃

သင့်သွေးဖြင့် အသက်ကယ်ပါ

ဝန်ထမ်းအလိုရှိသည်
စော်ဘွားကြီးကုန်းတွင် လုပ်ရန်၊ အသက် ၄၀ နှစ်မှ ၅၅ နှစ်အတွင်း၊ ဘွဲ့ရ အမျိုးသား၊ ကျန်းမာရေးကောင်းရမည်။ အဝိုရဝန်ထမ်းဟောင်း ဦးစားပေးမည်။ လစာကျပ်၂သိန်း၊ စာရွက်စာတမ်းအပြည့်အစုံနှင့် ရုံးချိန်အတွင်း
ဆက်သွယ်ရန်-
ဖုန်း-၀၉ ၄၉၃၃၅၀၂၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ N)၊ မြေကွက်အမှတ် (ပဉ္စမတန်းစား-၁၀၃)၊ မြေကွက်တည်နေရာအမှတ်-(၃၁)၊ (၉၈)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် (မမေ) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် မမေ(မိခင်)နှင့် ဦးမောင်အေး(ခ) မိုဟာမက်ယူနွတ်(စ်) (ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်အေးအေးမြင့် [၁၂/ပဘတ(နိုင်)၀၂၇၉၅၁] မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း၊ မမေနှင့် ဒေါ်အိမ်မို(ခ) ဒေါ်အေးမိ အမည်သုံးမျိုးသည် တစ်ဦးတည်းဖြစ်ကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ ဒေါ်အေးအေးမြင့်ထံမှ GP (၄၃၅၃/၁၃-၃-၁၃)ဖြင့်ရရှိသူ ဒေါ်မေသန္တာဝင်း[၁၂/တမန(နိုင်)၀၀၁၂၇၅] မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် (မြေပုံကူး) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MIC Myanmar Imperial College
Working in Partnership with THE UNIVERSITY OF NORTHAMPTON United Kingdom
edexcel
BBM Bachelor of Business & Management
MBA Master of Business Administration



UK — University of Northampton, UK မှ တိုက်ရိုက်ချီးမြှင့်သော နိုင်ငံတကာ အသိအမှတ်ပြု Bachelor နှင့် Master Degree
နိုင်ငံတကာအဆင့်မီ — နိုင်ငံတကာအဆင့်မီ UK ပြဋ္ဌာန်းချက်များအတိုင်း ပြည်တွင်းပြည်ပ မှ Lecturer/Professor များမှ ပူးပေါင်းသင်ကြားခြင်း
တွေးခေါ်နိုင်စွမ်း — လူငယ်များ၏ တွေးခေါ်နိုင်စွမ်း၊ ယှဉ်ပြိုင်မှု နှင့်စဉ်းစားဆင်ခြင်နိုင်စွမ်းတို့ကို တိုးတက်စေသော Assignment System ဖြင့် သင်ကြားခြင်း
ကောင်းမွန်သော — သင်ကြားမှုတိုင်းကို အထောက်အကူဖြစ်စေရန် ကောင်းမွန်သောဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ထားခြင်း
ဘက်စုံပညာရေး — ပညာရေး၊ အားကစား နှင့် အနုပညာတို့ကိုပါ ဆောင်ရွက်နိုင်ခြင်း
အဆောင် + ကြိုပို့ကား — ကျောင်းသားကျောင်းသူများအတွက် အဆင်ပြေစေရန် စီစဉ်ပေးခြင်း
အမှတ် (၁) ဈေးမြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
09 732 10001 / 09 4211 00222
November Intake!


GALANZ™
MOISTURIZING TREATMENT
SHAMPOO
ENRICHED WITH PRO VITAMIN B5, VITAMIN E, UV PROTECTION
BRIGHT BEAUTY TRADING CO.,LTD. No.60,Ohn Pin Street, Kyee Myin Daing Tsp,Ygn,Myanmar.(01) 514392,525687
SCALP CARE
DARKENING
DRY / DAMAGED


ဧည့်ဝတ်ပျူငှာ တို့မြန်မာ
Royal
Myanmar Teamix
ရှေးကျီးသာရင် ရှေ့ဧည့်သည်တွေလာတယ်လို့ ယုံကြည်တတ်တာက မြန်မာလူမျိုးများရဲ့ဓလေ့ပါ။
ဧည့်သည်လာရင် ဧည့်ဝတ်ကျေတတ်တာလည်း မြန်မာ့ဓလေ့တစ်ခုပါပဲ။
ကျွန်မတို့ရဲ့ ဧည့်ကောင်းဆောင်ကောင်း တွေကို မြန်မာ့လက်ဖက်ရည် ရသာစစ်
Royal Myanmar Tea Mix နဲ့ဧည့်ခံလိုက်ပါ။
www.facebook.com/RoyalMyanmarTea

## ရွှေပြည်ဟိန်းမိုးကောင်းလမ်းရေလွှမ်းဒေသကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေစေရန်အတွက် ရေလွှမ်းဒေသအတွင်းပါဝင်သော ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆက်လက် ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ဝိ/-) သဲကားတစ်စီး (၂၀၀၀ဝိ/-) ဘိလပ်မြေ (၁)အိပ် ၆၀၀ဝိ/-၊ ဂဝံမြေ (၁)ကျင်း ၁၅၀၀ဝိ/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

နိုဝင်ဘာလ (၁၄၊ ၁၅)ရက်တွင် ၅၃-ကြိမ်မြောက် မျက်စိဝေဒနာရှင်ဦးရေ (၆၈၃၀)ပြည့် အလင်းဒါန ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံစုပါဝင်။ တာမွေလေး။ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်စနေသီရိနန္ဒ (AccountNo.0075010070169O301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## (၁၂)မြောက် မင်္ဂလာနှစ်ပတ်လည် ဆုတောင်းလွှာ

7th November 2015ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဦးငွေစိုးယဉ်(ဗိုလ်ကြီး-ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ချိုဦးလွင်တို့၏ (၁၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် ရွှေနှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့် ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်သမီးကြီး - မေချိုဂျူး VII-A (အထက-၂)ရန်ကင်း
ချစ်သားငယ် - ငွေဦးသော် IV-A(အထက-၂)ရန်ကင်း

## ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀)တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး ဓမ္မာစရိယဦးငွေလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဇင်းတောရဆရာတော်ကြီး ဟောကြားပြသခဲ့သော မိမိကမ္မဋ္ဌာန်းကျောင်းထဲမှနေ၍ လှပြည်နတ်ပြည်မှဘုရားများ ပကတိမျက်စိဖြင့် မြင်ရသလို ဖူးမြင်နိုင်ခြင်း၊ ပစ္စယပရိဂ္ဂဟ၊ အတိတ်ဘဝများမြင်နိုင်သော သမထ၊ ဝိပဿနာတရားစခန်းကို ၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက် (၂၅-၁၁-၂၀၁၅)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

စခန်းကြေး၊ ဆွမ်းစရိတ်မပေးရပါ။

**သာသနာ့အကျိုးဆောင်အဖွဲ့**
**ဖုန်း-၀၉-၂၀၃၃၉၂၂၊ ၀၉-၉၁၀၄၆၃၀၆၊ ၀၉-၃၃၀၆၂၁၃၃**

## မင်္ဂလာဆုမွန်လွှာ

ဗိုလ်ကြီးထင်ပေါ်(ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူး) ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ဒေါ်သန်းသန်းမြင့်(အကြီးတန်းအထွေထွေမန်နေဂျာ) အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်တို့၏ ၇-၁၁-၂၀၁၅ ရက်တွင် ကျရောက်သော (၁၆)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သားလေးမောင်လင်းမြတ်နှင့်အတူ ပျော်ရွှင်ချမ်းမြေ့ပြီး သာယာလှပသည့် မိသားစုဘဝကို အတူထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်တပည့်များ
စိန်ဝင်း၊ မို့မို့၊ လွင်လွင်၊ ဘိုဘို၊ ရွှေရည်၊ ဇေကရီ၊ သဉ္ဇာ၊ စန္ဒာ၊ သန္တာ၊ နန္ဒာ၊ သီတာ၊ ခိုင်တင်ဇာ၊ နှင်းနှင်း၊ အေးသိန်း၊ အောင်ခိုင်မိုး
(အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်)

## မြန်မာကျော်အဆင့်မြင့်နည်းပညာကုမ္ပဏီလီမိတက်မှ တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်

ငွေစာရင်းမန်နေဂျာ (၁) ဦး

အသက် (၃၅) နှစ်အောက်ဖြစ်ရမည်။ စီးပွားရေးဘွဲ့ရရှိထားသူဖြစ်ပြီး LCCI Level I, II, III အောင်မြင်ထားသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅) နှစ်ရှိသူဖြစ်ရမည်။ လစာ (၂၅၀၀၀၀ိ/)။

ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။ လျှောက်ထားလိုသူများသည် CV Form တစ်စုံ၊ လက်ရှိရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**အမှတ် (၉၈)၊ ဗဟိုလမ်းနှင့် မာလာမြိုင်(၇)လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၇၃၂၃၁၀၄၃၊ ၀၉ ၉၇၃၀၆၇၆၇၀၊ ၀၉ ၇၈၈၁၁၆၅၀၀။**

ဝါကျွတ်အထူးအစီအစဉ်

စံချိန်မှီ (မြေပဲဆီသန့်၊ နှမ်းဆီသန့်) (သဘာဝအရောင်၊ အနံ့၊ အရသာအာမခံ)

၂၀-၁၀-၂၀၁၅ မှ
၂၀-၁၁-၂၀၁၅ ထိ

၅ ပိဿာဝယ်သူတိုင်း နှမ်းဆီ (၂၀ သား) လက်ဆောင်
၁၀ ပိဿာ ဝယ်သူတိုင်း နှမ်းဆီ (၅၀ သား) လက်ဆောင်

၅ ပိဿာ နှင့်အထက်မှာယူပါက (၃)ရက်အတွင်းအိမ်တိုင်ရာရောက်အခမဲ့ပို့ဆောင်ပေးပါသည်။

အမှတ်- A(၁၂/၁၃)ဦးဝိစာရလမ်း၊ စီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း- 01 580258, 09 5003092 , 09 5049632 , 09 32002242



ကြော်ငြာ

## ကမ်းလွန်ရေနံလုပ်ကွက်အမှတ် (A-6) ဆိုင်ရာ
## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအတွက် ကြေညာချက်

Woodside Energy (Myanmar) Pte Ltd သည် မြန်မာနိုင်ငံ၊ ရခိုင်ကမ်းလွန်ဒေသရှိ ရေနံလုပ်ကွက် အမှတ် (အေ-၆) တွင် ရေနံအစမ်းတွင်းတစ်တွင်းတူးဖော်ခြင်းကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို အော်ပရေတာ အဖြစ် ဆောင်ရွက်မည့် Woodside မှ AECOM Malaysia နှင့် E Guard တို့နှင့်ပူးတွဲ၍ လေ့လာပြုစုပြီးဖြစ်ပါသည်။ အများပြည်သူများအနေဖြင့် အဆိုပါအစီရင်ခံစာအကျဉ်းချုပ်အား အောက်ဖော်ပြပါနေရာများတွင် ဖတ်ရှုနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

- Woodside၏အင်တာနက်ဝက်ဘ်ဆိုဒ်: woodside.com.au/myanmar-consultation
- Woodside၏ ရန်ကုန်ရုံး၊ အမှတ်-၇၀/အယ်လ်အေ-၂၊ ရွှေတောင်ကြားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
- E Guard Environmental Services Co., Ltd ၏ ရန်ကုန်ရုံး၊ အမှတ်-၉၉၊ မြကန်သာလမ်းသွယ်၊ ငြိမ်းချမ်းရေးလမ်း၊ (၁၀)မိုင်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
- မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်(၃)ရုံးပေါင်းစုံလမ်း၊ သာပေါင်းမြို့၊
- ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်-(၁၃)သစ်စက်၊ ရွှေမျှင်တင်ကျေးရွာ၊ ပုသိမ်မြို့၊
- ညွှန်ကြားရေးမှူးရုံး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ တဲကြီးကုန်း၊ ပုသိမ်မြို့။
- မြန်မာ့ငါးလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ ဧရာဝတီတိုင်းဒေသကြီး၊ အခန်း(၉-၁၀)၊ ယိုးဒယားကုန်းလမ်း၊ အ.ထ.က (၂) ကျောင်းရှေ့၊ အမှတ် (၂) နယ်မြေ၊ ပုသိမ်မြို့၊

အကြံပြုချက်နှင့် သုံးသပ်ချက်များအား daniel.c'ery@woodside.com.au, info@eguardservices.com (သို့မဟုတ်) feedback.myanmar@aecom.com သို့ အီးမေးလ် ဖြင့်သော်လည်းကောင်း (သို့မဟုတ်) ရန်ကုန်မြို့ရှိ Woodside နှင့် E Guard ရုံးများသို့ တိုက်ရိုက်ပေးပို့၍ သော်လည်းကောင်း၊ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ၊ (၁၈) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအားကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁၁-၂၀၁၅ ရက်(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၀-၁၁-၂၀၁၅ ရက်(တနင်္လာနေ့) ညနေ ၄နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၀၇၀**

## လူပျောက်ကြော်ငြာ



အမှတ်(၅၈)၊ သစ္စာလမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ အဖ ဦးခင်လှိုင်၊ အမိ ဒေါ်ခင်မြင့်မြင့်တို့၏ သားဖြစ်သူ ဦးအောင်မြတ်သူ[၁၂/ ဥကတ(နိုင်)၀၂၃၄၈၃]သည် ၁-၁၁-၂၀၁၅ ရက်တွင် နေအိမ်မှထွက်သွားရာ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၀၇၀၀၄၂၊**
**၀၉-၃၀၄၅၃၅၀၅**


## ဖ် နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ ဖ်

**၂၀၁၅–၁၆နှစ်အတွက် အထူးဈေးနှုန်း အထူးဝန်ဆောင်မှုအစီအစဉ်သစ်**

**အထူးဆု–ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။**

(၇)ညအိပ် (၈)ရက်ခရီး –သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟောစံ) Hotel 2 days → (၉.၅)သိန်း
(၁၂)ရက်ခရီး–သံဝေဇနီယလေးဌာန+အဋ္ဌမဟာသုံးဌာန(အိန္ဒိယ+နီပေါ) Hotel 4 days → (၉.၉)သိန်း
(၁၅)ရက်ခရီး–သံဝေဇနီယလေးဌာန+အဋ္ဌမဟာလေးဌာန+နယူးဒေလီ၊တပ်ချ်မဟာ Hotel 6 days → (၁၁)သိန်း
သီရိလင်္ကာ စွယ်တော်+မူလဗောဓိပင်+ ဗန်ကောက်မြဘုရား (၇)ရက်ခရီး → (၁၅.၅)သိန်း စရိတ်ငြိမ်း

**အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။**
**စရံငွေ(၂)သိန်းပေးသွင်းပြီးပါက သတ်မှတ်ဈေးနှုန်းပြောင်းလဲ၍ ကောက်ခံခြင်းမရှိပါ။**

ဗုဒ္ဓဂယာတွင် ခါတ်လှေကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိဟိုတယ်တွင် တည်းခိုပါမည်။ ညမောင်းခရီးစဉ် လုံးဝမရှိပါ။ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အဖွဲ့ခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။
သတ်မှတ်ထားသောဈေးနှုန်းထက်ပို၍ ထပ်မံကောက်ခံခြင်းမရှိပါ။ ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

ထွက်ခွာမည့်ရက်များ: ၁၂ ရက်ခရီးစဉ် (Nov-30), (Dec-14,28), (Jan-11,25), (Feb-8,22), (Mar-7,21),(April-12)
၁၅ ရက်ခရီးစဉ် (Dec-8,22),(Jan-5,19),(Feb-2,16),(Mar-1,15),(April-12),

**သီရိလင်္ကာခရီးစဉ်များ– (Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)**

အမှတ်–၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(နံ့သာတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁–၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉–၅၁၂၀၅၂၉



## ဒေါက်တာဇော်ဝင်းသိန်း

Doctor of Business Administration (UK), MBA (USA), MCSI, MCMI, FCMA, CGMA, FABE, FCCA, CPA (Aust.)

# ACCA (UK)

Finance Professionals

**ACCA (ALL PAPERS) & Dip IFR**

ZAW Business School တွင် တက်ရောက်မည့်သူများ အတွက် ACCA Initial Registration Fees ပေးသွင်းရန်မလိုသည့်အပြင် ထူးချွန်သူများအတွက် ပညာသင်ဆုများ နှင့် Early Bird Discount များ ထပ်မံရရှိနိုင်ပါသည်။

➡ ဘာသာရပ်အားလုံးကိုတစ်နေရာထဲတွင်ထိရောက်စွာသင်ယူနိုင်ပြီး
★ ဆရာကိုယ်တိုင်သင်ကြားပေး၍
ACCA Affiliate အများဆုံးမွေးထုတ်ပေးနေသော

Enroll Now! 3 Jan 2016 စမည်

**ZAW BUSINESS SCHOOL ('GOLD' APPROVED CENTRE)**

☎: 299288, 📱: 0950-13589, 📱: 0950-74974

၅၆၊ရေကျော်လမ်း(ရွှေဘုန်းပွင့်စေတီတော်အနီး)၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။






## ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။

SGS Certificate TH09/3125 — SGS UKAS Certificate TH06/3966.01

ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်




အမှတ် (၃၀၄)၊ သုမင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။ ၀၁ ၅၇၂၈၉၇၊ ၀၉ ၅၀၀ ၁၁၃၇၊ ၀၉-၂၅၃၃၈ ၃၃၈၈

## “ (၂၉)နှစ်မြောက် မင်္ဂလာဆုတောင်း”

မြင့်မိုရ်ထက်မြင့်သောအနန္တကျေးဇူးရှင်

ချစ်ဒယ်ဒီ - Captain ဦးထွန်းမင်း

ချစ်မာမီ - ဒေါ်နှင်းနှင်းဝေ (တော်ဝင်စိန်ရွှေ ရတနာဆိုင်)

(၇-၁၁-၂၀၁၅)တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် ရတုများစွာ အကြင်နာမပျက် လက်ချင်းဆက်၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာ ကောင်းကျိုးတူသယ်ပိုးလျက် ကာယစိတ္တ သုခချမ်းသာ ပြည့်စုံပါစေကြောင်း အဝေးရောက် ချစ်သားသမီးတို့က ဆုမွန်ကောင်းပို့သလျက် ..........

ချစ်သမီး - Dr. Sandy Tun Min MBBS (Sydney)
Hunter New England Health, Newcastle

ချစ်သား - Dr. Randy Aung MD (Halifax, Canada)
MSc Candidate in Community Health & Epidemiology

ချစ်တူမ – မန်နေဂျာ – မနန်းယုမော်ဦး နှင့် တပည့်ဝန်ထမ်းများ
(တော်ဝင်စိန်ရွှေ ရတနာဆိုင်)




## စီးပွားရေးတက္ကသိုလ်အာစရိယပူဇော်ပွဲ(၂၀၁၅)

စီးပွားရေးတက္ကသိုလ် “အာစရိယပူဇော်ပွဲ ”(ရွှေရတုအလွန်) / တည်ထောင်သောနေ့ (Founders' Day)(၅၁)ကြိမ်မြောက်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ /ရက် ။ ။ ၂၀၁၅၊ဒီဇင်ဘာလ (၂၇)ရက်၊ (တနင်္ဂနွေ)

ကျင်းပမည့် အချိန် ။ ။ နံနက် (၉ း၀၀)နာရီ။

ကျင်းပမည့် နေရာ ။ ။ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ) (ကမာရွတ်) (နီလာရတုခန်းမ)

**မှတ်ချက်။** ။ နိုဝင်ဘာလ /ဒီဇင်ဘာလများတွင် အပတ်စဉ်(တနင်္ဂနွေနေ့)တိုင်း၊ အထက်ပါနေရာ၌ အမှုဆောင်များအစည်းအဝေးရှိမည်ဖြစ်၍ အမှုဆောင်များတက်ရောက်ကြရန်ဖိတ်ကြားပါသည်။

**“ဆန္ဒမဲ”ပေးသည့်နေ့မှတပါး ကျန်လတိုင်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် အမှုဆောင်အစည်းအဝေးရှိမည် ဖြစ်ပါသည်။**

**အလှူငွေများထည့်ဝင်ခြင်း**

မြန်မာ့စီးပွားရေးဘဏ် (၃) **Current Account CF 000056** သို့ထည့်ဝင်နိုင်ပါသည်။

(အမှုဆောင်အဖွဲ့)
(MIEGA)






# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှိုးလျှင်(လားရှိုး)

## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရှောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၅၇)ယောက်၊ မြစ်(၈၀)ယောက်၊ တီ(၂၉)ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Ltd.**

**ကုမ္ပဏီဝန်ထမ်းများ**

### ဝမ်းမြောက်နှမော်သာစုခေါ်နိုင်ပါရန်

ကွယ်လွန်သူ မိခင်ကြီး ဒေါ်စန်းစန်းအား ရည်စူး၍ အောက်ပါတို့ကို လှူဒါန်းခဲ့ပါသည်။

၁။ ဒေါ်စန်းစန်းပညာသင်ဆုအဖြစ် ရပ်ကွက်အတွင်း ဆက်လက်၍ ပညာသင်ကြားရန်အခက်အခဲရှိသော ၂၀၁၃/၂၀၁၄ အခြေခံပညာအထက်တန်း အောင်မြင်ခဲ့သော ကျောင်းသား/သူ ၅ဦးအား ပညာသင်ဆုအဖြစ် ကျပ်သိန်း ၆၀

၂။ ရွှေဥသျှံကျောင်း ဆွမ်းစားဆောင်အတွက် လှူငွေ ကျပ်သိန်း ၅၀

၃။ အိန္ဒိယနိုင်ငံ ဗောဒိသုခ ပရဟိတကျောင်းတိုက် ဗုဒ္ဓဂယာ မြေမြတ်မဟာ၌ မြေကွက်၁ကွက်အတွက် ဆရာတော်ဒေါက်တာ နန္ဒောဘာသအား အလှူငွေ ၉သိန်းကျပ်

၄။မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း သုခလမ်းနှင့် ဓမ္မပါလလမ်းပေါ်တွင်ရှိသော သဗ္ဗညု ပုထိုးတော်ကြီး အဝင်ဝမုခ်ဦးအတွက် အလှူငွေ ကျပ်သိန်း ၃၆၀ ပဌာန်းခန်း ၁ဆောင်အတွက် အလှူငွေကျပ်သိန်း ၃၀တို့အား အဌမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနား၌ (အဘွားဒေါ်ဓမ္မေသီ)၏ တူမတော် သီလရှင် ဒေါက်တာ ဒေါ်ပညာသီရိထံ၌ စုစုပေါင်း အလှူငွေကျပ်သိန်း ၃၉၀အား ရေစက်ချလှူဒါန်းခဲ့ပါသည်။

အထက်ပါအလှူဒါနအစုစုကို ၁၄-၂-၂၀၀၉တွင် ကွယ်လွန်ခဲ့သော မိခင်ကြီး ဒေါ်စန်းစန်းနှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း သာဓုနုမော် ခေါ်ဆိုနိုင်ပါရန် အမျှ-အမျှ-အမျှ ပေးဝေလိုက်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မာရှိုးလျှင် (လားရှိုး)

### အသက် (၁၀၈) နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ (၁၂) ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ် (၂၅) နေ (ဦးရိန်နိမ်ကျမ်း) ၏ ဇနီး၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.) – ဒေါ်ခင်ခင်ထက်တို့၏ မိခင် ဒေါ်မာရှိုးလျှင် (လားရှိုး) သည် ၃၁–၁၀–၂၀၁၅ (စနေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

### ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မာရှိုးလျှင်(လားရှိုး)

### အသက်(၁၀၈)နှစ်

ဦးရန်ဟော်+ဒေါ်ခင်ခင်ထက်( Mottama Holdings Ltd. )တို့၏ မိခင် ဒေါ်မာရှိုးလျှင်(လားရှိုး)၊ အသက်(၁၀၈)နှစ်သည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**YE NOOS & ASSOCIATES ( Law Firm )**

### (၈)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဒေါက်တာမိုးပြည့်စုံအေး**

၇-၁၁-၂၀၀၇ - ၇-၁၁-၂၀၁၅

သမီးလေးအတွက် နေ့စဉ်ပြုတဲ့ကုသိုလ်တွေနဲ့လစဉ် လှည်းကူးဓမ္မမာမကရိပ်သာနှင့်လှည်းကူးဥယျာဉ်ကျောင်း မိုးကုတ်တရားရိပ်သာတွေမှာ တရားအားထုတ်နေသော သံဃာတော်များနှင့် ယောဂီများကို ဆွမ်းကပ်တဲ့ကုသိုလ်တွေနဲ့-

၁။ (၃၁-၁၀-၂၀၁၅)ရက် မှော်ဘီသရက်ညိုပင်ကျေးရွာ(ရန်ကုန်ရွှေမဂ္ဂင်ကျောင်းကထိန်)

၂။ (၁-၁၁-၂၀၁၅)ရက် မင်္ဂလာဒုံမြသီတာရပ်ကွက် တဝဂူရွှေစေတီကျောင်းကထိန်

၃။ (၅-၁၁-၂၀၁၅)ရက် မှော်ဘီမြို့မရပ်ကွက် ဇမ္ဗူထိပ်ရွှေကျောင်းကထိန်

၄။ ရန်ကုန်မြို့၊ ဗဟန်းပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်ကြီးမှာ သမီးလေးရှိစဉ်ထဲက အကြိမ်အများဆုံးကထိန်သင်္ကန်းကပ်ခဲ့တဲ့ကျောင်းမှာပဲ သမီးလေး(၈)နှစ်ပြည့်ရက်ကိုပဲရွေးပြီး ကျောင်းမှာ ကထိန်သင်္ကန်းဆပ်ကပ်ပြီး ကျောင်းရှိ စာချ၊ စာသင်သံဃာတော်များနှင့် ပင့်သံဃာများအားလုံးကိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ပေးလှူပြီး သမီးလေးအတွက် အထူးအမျှပေးပါတယ်။ သမီးလေးရေ အမျှ-အမျှ-အမျှ

**ဖေဖေ-မေမေ၊ မမကြီး-ကိုယဉ်ထွေး၊ ကိုကြီး-မညို၊ ကိုလေး-မကေနှင့်တူ၊ တူမများ**

### (၁၄)နှစ်ပြည့်လွမ်းဆွတ်တမ်းတခြင်း

### ဒေါ်ကြူကြူမာ

(၇-၁၁-၂၀၀၁ - ၇-၁၁-၂၀၁၅)

မိသားစုကို ခွဲခွာသွားခဲ့တာ (၁၄)နှစ်ရှိပါပြီ၊ မေမေ့အတွက်ရည်စူး၍ ပြုလုပ်ခဲ့သော ကောင်းမှုအစုစုတို့အား မြင့်မြတ်သော ဘုံဘဝမှ ကြားမြင်သိနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။ အမျှ---အမျှ---အမျှ

**ဖေဖေနှင့် သားသမီးများ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၅၉၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၉၅/ခ)၊ ၁၀-လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးသာဟန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသာဟန်ထံမှ ပိုင်ဆိုင်စာချုပ်ဖြင့်ရရှိသူ ဒေါ်အုန်းမြင့်[၁၂/ဥကတ(နိုင်)၀၂၀၅၈၆]၊ ဒေါ်သန်းသန်း[၁၂/ဥကတ(နိုင်)၁၉၆၈၆၈]တို့မှ ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက် ဝန်ခံကတိတို့ကိုတင်ပြ၍ ဂရန်ပျောက်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အထူးကျေးဇူးတင်ရှိခြင်း

**ဒေါက်တာတင်အုန်း အသက်(၇၁)နှစ်**
**M.B.,B.S(Ygn)(၁၉၆၆/၇၃) ဆေးတက္ကသိုလ်(၂)**
**အထက(၁)ဒဂုံကျောင်းသားဟောင်း**
**ရွှေတောင်တန်းကျားသင်္ချိုင်းတိုက်**

၁-၁၁-၂၀၁၅(တနင်္ဂနွေနေ့) ညနေ၄း၂၅နာရီတွင် ကွယ်လွန်ခဲ့သော ဒေါက်တာတင်အုန်း၏ ဈာပနအခမ်းအနားတွင် တရားချီးမြှင့်ပေးခဲ့သော သရက်တောကျောင်းတိုက်မှ သံဃာတော်(၇၁)ပါးတို့အားလည်းကောင်း၊ ကိုယ်တိုင်ကိုယ်ကျ လာရောက်သတင်းမေးကြသူများအားလည်းကောင်း၊ ဒေါက်တာနန်းအောင်၊ ဒေါက်တာမောင်လွင်၊ ရန်ကုန်သစ်ရပ်ကွက်လူမှုရေးအသင်းနှင့် လူမှုကူညီရေးအသင်း (ဗဟန်း)တို့အားလည်းကောင်း၊ ၅-၁၁-၂၀၁၅ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ရာတွင်ဝိုင်းဝန်းကူညီကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ၊ အထက(၁)ဒဂုံမှ ကျောင်းသားဟောင်းများ၊ ပန်းစည်းပန်းခြင်းများ ပေးပို့ကြသူများ၊ သင်္ကန်းပရိက္ခရာနှင့် လှူဖွယ်ပစ္စည်းများပေးပို့ကြသူများ၊ အလှူငွေထည့်ဝင်ကြသူများ၊ အီးမေးလ်ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း သတင်းမေးအားပေးစကားပြောကြားပေးကြသူ များနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**ရွှေတောင်တန်းကျားသင်္ချိုင်းတိုက်**
**အမှတ်(၇၁)၊ ရွှေတောင်တန်းလမ်း၊ ရန်ကုန်**

ကြော်ငြာ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းနိုင်(ခ)ဝိုင်း (၇၇)နှစ်
**ဆောက်/လျှပ် ကုန်သွယ်ရေး(ငြိမ်း)**
**ကောင်းထက်ကျော် ပညာရေးမိသားစု နာယကကြီး**
**ခေတ္တရာအသင်း၊ အသင်းဝင်(ပြည်/ပေါက်ခေါင်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၂၆-A)ဒဂုံသီရိလမ်းနေ (အကောက်ခွန်မင်းကြီး ဦးထွန်းမောင်-ဒေါ်တင်တင်ဦး)တို့၏သား၊ (ဦးကံချွန်-ဒေါ်ညိုစိမ့်)တို့၏သားသမက်၊ ဒေါ်မြိုင်၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ဝါဝါနိုင်-လယ်ပြ၊ ထ-၂၊ ဗဟန်း)၊ ဦးစိုးဝင်းနိုင်(ဒုညွှန်မှူး၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်ခင်မာစိန်၊ ဦးညီညီနိုင်(ကျောင်းအုပ်ကြီး၊ ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်စိုးစိုးအေး၊ ဦးသူရနိုင် (Second Mate, Uniteam Co.,Ltd)-ဒေါ်သစ္စာမောင်၊ ဒေါက်တာထွန်းထွန်းနိုင် (ခ)ဆရာကောင်း(ဆေး-၂၊ အင်္ဂလိပ်စာ) (တည်ထောင်သူ၊ ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း)-ဒေါ်မိုးမြင့်စန္ဒီတို့၏ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၅-၁၁-၂၀၁၅(ကြာသပတေးနေ့) နံနက်၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းနိုင်(ခ)ဝိုင်း (၇၇)နှစ်
**ဆောက်/လျှပ် ကုန်သွယ်ရေး(ငြိမ်း)**
**ကောင်းထက်ကျော် ပညာရေးမိသားစု နာယကကြီး**
**ခေတ္တရာအသင်း၊ အသင်းဝင်(ပြည်/ပေါက်ခေါင်း)**

(အကောက်ခွန်မင်းကြီး ဝဏ္ဏကျော်ထင် ဦးထွန်းမောင်-ဒေါ်တင်တင်ဦး)တို့၏သား၊ (ဦးကံချွန်-ဒေါ်ညိုစိမ့်)တို့၏သားသမက်၊ (ဦးနေဝင်း-ဒေါ်ရီရီဝင်း)၊ ဦးအုန်းသန်း-ဒေါက်တာဒေါ်ခင်သန်းတို့၏မောင်၊ ဦးတင်အုံး-ဒေါ်ခင်ခင်အေး၊ ဦးသန်းထွန်း-ဒေါ်သိင်္ဂီဦး၊ ဦးအောင်ခင်ထွန်း-ဒေါ်ချိုချိုသန်းတို့၏အစ်ကိုသည် ၅-၁၁-၂၀၁၅(ကြာသပတေးနေ့) နံနက်၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျောက်မြောင်းနေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်ဒါယကာကြီး
## ဦးအင်ဟုတ်(မအူပင်၊ကျွဲဒုံး) (၇၇)နှစ်
**မြို့နယ်အခွန်ဦးစီးမှူး(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၂၅၅)နေ (ဦးသန်းတင်-ဒေါ်ကြင်ပု)တို့၏သား၊ (ဦးသိန်းမောင်-ဒေါ်နှင်းစိန်)တို့၏သားသမက်၊ ဒေါ်ခင်ဝင်းအေး၏ခင်ပွန်း၊ ဦးမင်းလွင်ဦး-ဒေါ်နွဲ့နွဲ့အေး၊ ဦးရဲထွဋ်ဝင်း-ဒေါ်ခင်သူဇာအေး၊ ဦးနေမျိုးလင်း-ဒေါ်ထွေးထွေးခိုင်၊ ဒေါ်ယုယုနှင်း၊ ဦးသူရမင်းတို့၏ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင်၊ မခင်ကြည်တာထက်၊ မောင်ကောင်းဆက်လင်း၊ မောင်အောင်ခိုင်လင်း၊ မောင်ရဲဘုန်းမြတ်တို့၏အဘိုးသည် ၆-၁၁-၂၀၁၅ရက် နံနက်၃း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၅ရက် နံနက်၉နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ (နေအိမ်မှကားများ နံနက်၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၁၂-၁၁-၂၀၁၅ရက် နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ရဲအုပ် ဦးဒီလေး(ငြိမ်း)
**မြန်မာနိုင်ငံ-ရဲတပ်ဖွဲ့တီးဝိုင်း**
## အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၉/A)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၁၈/၄၀၀)နေ (ဦးဂျေဂတ်ဗဟာဒူး-ဒေါ်မာယာ)တို့၏သား၊ (ဦးဘီမိုး - ဒေါ်တင်မြင့်)တို့၏သားသမက်၊ ဒေါ်ခင်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးနန္ဒ)-ဒေါ်ခင်မာကြည်၊ (ရဲအုပ်ခင်မောင်ဝင်း)-ဒေါ်ခင်မာချို(စက်မှု-၁၊ အကြီးစား)၊ ဦးမောင်မောင်ချို၊ ဦးနေလင်းထိုက်(ကားဝပ်ရှော့၊ တောင်ဥက္ကလာပ)-ဒေါ်နီနီမာ၊ ဦးအောင်မြင့်စိန် (ကားဝပ်ရှော့၊ အလုံ)-ဒေါ်စန္ဒာဝင်း၊ ဦးမောင်မောင်တင် (AS-Singer)-ဒေါ်စန်းစန်းအေး၊ ဦးထွန်းထွန်းမင်း-ဒေါ်ဖြူဖြူဝင်းအောင်(KTK Electrical Engineering Co.,Ltd) တို့၏ ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၅-၁၁-၂၀၁၅(ကြာသပတေးနေ့) ည၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ ရေစက်သွန်းချ အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန် (၉၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း/ထက်ရပ်ကွက်၊ အမှတ်(၈၃)၊ ဒဂုဏ်သီရိလမ်းနေ (ဦးလှမောင်)၏ ဇနီး၊ ဦးခင်မောင်သန်း-ဒေါ်ခင်ခင်သန်း၊ (ဦးစောသာဦး)-ဒေါ်ခင်စန်းမြင့်၊ ဦးမင်းထွဏ်း-ဒေါ်တင်တင်အေး၊ ဒေါက်တာအောင်နိုင်-ဒေါက်တာဖြူဖြူဝင်း၊ ဦးဇော်ဝင်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ကြည်ကြည်ဦး၊ ဒေါ်ချိုချိုနီ တို့၏ မွေးသမိခင်၊ မြေး ၁၄ ယောက် တို့၏ ဘွားဘွားသည် ၆-၁၁-၂၀၁၅ (သောကြာနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတိုျဟုမင်း(ခ)ဦးလှမင်း
## အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ ၂၃လမ်း၊ အမှတ်(၅၆)တတိယထပ်၊ နေ (ဦးတိုျအင်မင်း-ဒေါ်ချချို)တို့၏သား၊ ဒေါ်နှင်းကြည်၏ခင်ပွန်း၊ ဒေါ်စန်းစန်းအေး-ဦးတင်ဝင်း၊ ဒေါ်ခင်ခင်အေး-ဦးသက်ခိုင်၊ ဒေါ်ချိုချိုအေး (Sky Net Contect Translation)-(ဝမ်စေ့မိန်)၊ ဒေါ်ခင်ခင်မြင့်-ဦးစံရွှေ၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်စန်းစန်းထွေး-ဦးကျော်ဝင်း၊ ရန်ကုန်မြို့၊ ၂၃လမ်း၊ အမှတ်(၅၆)/သုံးလွှာနေ ဦးအုန်းမောင်-ဒေါ်ဥမ္မာဆွေ၊ ရန်ကုန်မြို့၊ ၂၃လမ်း၊ အမှတ်(၅၃)၊ သုံးလွှာနေ ဦးခင်အောင်-ဒေါ်စုစုလှိုင်တို့၏ဖခင်၊မြေး၂၁ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည် ၆-၁၁-၂၀၁၅(သောကြာနေ့) နံနက် ၇း၃၀ နာရီတွင် ရန်ကုန်မြို့ ၂၁လမ်း၊ အမှတ်(၁၂၂)၊သုံးလွှာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၅(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(၂၁ လမ်းနှင့်၂၃လမ်း နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၁-၂၀၁၅(ကြာသပတေးနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အမှတ်(၁၂၂)/သုံးလွှာ၊ ၂၁လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ရိမ်(ခ)ဒေါ်ငွတ်ရိမ်(လပွတ္တာ)
**သက်ကြီးကန်တော့ခံအဘွား**
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ ရိုးမရိပ်သာ၊ အမှတ်-၆၃၅၊ က-၁၊ အခန်းစီ-၂နေ (ဦးတရောင်-ဒေါ်စိန်ပွင့်)တို့၏ သမီး၊ (ဦးဖိုးဦး-ဒေါ်နှုန်းရင်)တို့၏ သမီးချွေးမ၊ [ဦးထွန်းလွင်(ခ)ဂေါ်လေး) အငြိမ်းစားဗိုလ်ကြီး]၏ ဇနီးသည် ၅-၁၁-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင် ကြပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

## အနိစ္စ

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်ကျင်ယုံ (၇၉)နှစ်

လက်ပံတန်းမြို့၊ ရေကြည်တိုက်ကျောင်းနေ (ဦးထွန်းသ-ဒေါ်မေရှင်)တို့၏သမီးလတ်၊ လက်ပံတန်းမြို့၊ (၁)လမ်းနေ ကျားစတိုးပိုင်ရှင်(ဦးအခင်-ဒေါ်စိန်သန်း)တို့၏သမီးချွေးမ၊ (ဦးတင်ရွှေ)၏ဇနီး၊ ဟသ်ာတမြို့နေ ဦးခင်မောင်သန်း-Dr.လှလှမူ(မြသဇင်ဆေးခန်း)၊ ဦးစန်းအောင်(ညွှန်ကြားရေးမှူး-စိုက်ပျိုးရေးဦးစီးဌာန-မွန်ပြည်နယ်)-ဒေါ်သန်းသန်းအေး(စောယုနွယ်ပညာရေးဝန်ဆောင်မှု၊ စမ်းချောင်း)၊ ဦးမြင့်သိန်း-ဒေါ်ဆိုင်းညွန့်(ခ)ဒေါ်စံပယ်ထွန်း(ရာစုသစ်စတိုး၊ တ/ဥက္ကလာ)၊ (ဦးမြင့်ဇော်)-ဒေါ်ခင်မြင့်ဦး၊ ဦးလှထွေး-ဒေါ်သီတာရွှေ၊ (ဦးမြတ်လင်းရွှေ)-ဒေါ်တင်တင်မြို့(Linn Htet Enginnering Group)၊ ဦးဇော်မင်းထွန်း (သတင်းတပ်ဖွဲ့-ကျိုင်းတုံ)-ဒေါ်စန္ဒာဝင်း တို့၏မွေးသမိခင်၊ (ဟန်မင်းသန့်)၊ ဟန်လင်းဆန်း၊ လင်းကိုကိုအောင်၊ ဒုတိယဗိုလ်မှူးကြီးသော်တာထွေး - မမေသင်းခိုင်၊ ကိုကျော်လင်းနိုင်(MFMA)-Dr.မိုးနန္ဒာအောင်(Save the Children)၊ ကိုမိုးဆက်ယံ(MSF-Holland)-မခင်သန္တာမြင့်၊ ကိုပြည်သိန်းကျော်(စောယုနွယ်ပညာရေး) - မမြခိုင်ခိုင်ထွေး၊ ကိုအောင်ပြည့်ဖြိုးကျော်-မမိုးမိုးဇော်၊ ပိုင်ဇော်၊ သဲဆုဇော်၊ ပိုင်ပိုင်တို့၏ချစ်လှစွာသောအဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီး ဒေါ်ကျင်ယုံသည် ၅-၁၁-၂၀၁၅(ကြာသပတေးနေ့) ည၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၁၁-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ မွန်းတည့်၁၂နာရီအထိ အမှတ်(၁၅၈)၊ (၆)လမ်း၊ (၁၀)ရပ်ကွက်၊ တ/ဥက္ကလာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်သိန်း (၅၇)နှစ်

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၆)၊ အမှတ်(၆၈)၊ ငွေကြယ်လမ်းနေ (ဦးကြာညွှန့်-ဒေါ်စိန်ခင်)တို့၏သား၊ (ဦးအုန်းမောင်) (ဦးဝင်းမောင်)၊ (ဒေါ်တင်မြင့်)၊ (ဒေါ်ယဉ်မြင့်)၊ ဒေါ်သင်းကြည်၊ ဒေါ်နှင်းရီ(ဦးတင်ဆန်း)၊ ဒေါ်လှဲ့ဝင်းကြည်၊ ဒေါက်တာတင်မောင်ထွေး (ဒေါက်ထွေး၊ ဆေး/မန်း) တို့၏ ညီ/မောင်၊ တူ/တူမ ၃၁ယောက်၊ မြေး၃၀ယောက်၊ မြစ်နှစ်ယောက်တို့၏ ဦးလေး/အဘိုး သဘော်အင်ဂျင်နီယာဟောင်း ဦးတင်မောင်သိန်း(B.E)သည် ၂-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားပြီး ဖြစ်ပါ၍ မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)
## ဦးဇော်မိုးသန့်(ခ)ဆန်နီ
**ဘီးလင်းမြို့**
## အသက်(၅၄)နှစ်
**ရာသက်ပန်အသင်းဝင်အမှတ်(၅၉၂)**

ရန်ကုန်မြို့၊ အမှတ်(၂၉)၊ (၁၁)လမ်း၊ သုံးလွှာ၊ လမ်းမတော်မြို့နယ်နေ ဒေါ်အေးအေးကြည်၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်မိုးသန့်(ခ)ဆန်နီသည် ၅-၁၁-၂၀၁၅(ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒုအရာခံဗိုလ်စောထွန်း(၄၇)နှစ်
**(တ/၃၈၆၃၃)**
**(ဖောင်တော်သီ)**
**လျှပ်/စက်အင်ဂျင်နီယာ**
**(ဆအတ-၁၊ သန်လျင်)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ လှည်းတန်းဈေးကပ်၊ မင်္ဂလာလမ်း၊ အမှတ်(၂၃)၊ (ခြောက်လွှာ၊ (B)နေ ဒေါ်ခင်မေသော် (အလယ်တန်းပြ၊အမက-၆၊ကမာရွတ်)၏ချစ်လှစွာသောခင်ပွန်း၊ မအိန္ဒြာနွယ်ထွန်း (2nd year E.P) အနောက်ပိုင်းနည်း ပညာတက္ကသိုလ်(လှိုင်သာယာ)၊ မမျိုးပြည့်စုံ (G - 8E ၊ အထက-၂၊ ကမာရွတ်)တို့၏ချစ်လှစွာသော ဖခင်ကြီး ဒုအရာခံဗိုလ်စောထွန်းသည် ၅-၁၁-၂၀၁၅(ကြာသပတေးနေ့)နံနက် ၁၁း၀၅ နာရီတွင် အမှတ်(၁)မင်္ဂလာဒုံ စစ်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရိမ်(ခ)ဒေါ်ငွတ်ရိမ် (၉၄)နှစ်
**လပွတ္တာ**

ရန်ကုန်မြို့၊ အမှတ်-၆၃၅၊(က-၁)၊ အခန်း-စီ-၂၊ ပြည်လမ်း၊ ရိုးမရိပ်သာ၊ ကမာရွတ်မြို့နယ်နေ(ဦးတရောင်-ဒေါ်စိန်ပွင့်)တို့၏သမီး၊ (ဦးဖိုးဦး-ဒေါ်နှုန်းရင်)တို့၏သမီးချွေးမ၊ [ဦးထွန်းလွင်(ခ)ဂေါ်လေး(အငြိမ်းစားဗိုလ်ကြီး)]၏ဇနီး၊ ဦးသန်းဦးလွင်(စီနီယာမန်နေဂျာ-EA)-ဒေါ်တင်ဝင်းယု (မန်နေးဂျင်းဒါရိုက်တာ၊Famat Co.,Ltd)၊ ဒေါ်ခင်စန်းလွင်[အထက်တန်းပြ(ငြိမ်း)၊အထက-၂၊ကမာရွတ်]၊ (ဦးကျင်မောင်)-ဒေါ်ခင်အေးလွင်၊ ဦးကျော်မျိုးဦး(ငြိမ်း-အကောက်ခွန်)-ဒေါ်ခင်ထားလွင်[အလယ်တန်းပြ-အထက-၅/အထက-၂၊ကမာရွတ်]၊ဦးသန့်စင်လွင် (ဒုတိယအမြဲတမ်း အတွင်းဝန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန် ကြီးဌာန၊ နေပြည်တော်)၊ ဒေါ်ဝေဝေမြင့်တို့၏မိခင်၊ မြေး၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးဒေါ်ရိမ်(ခ)ဒေါ်ငွတ်ရိမ်သည် ၅-၁၁-၂၀၁၅ရက် နံနက် ၈း၁၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရိမ်(ခ)ဒေါ်ငွတ်ရိမ် (၉၄)နှစ်
**လပွတ္တာ**

ရန်ကုန်မြို့၊အမှတ်-၆၃၅(က-၁)၊ အခန်း-စီ-၂၊ ပြည်လမ်း၊ ရိုးမရိပ်သာ၊ ကမာ ရွတ်မြို့နယ်နေ (ဦးတရောင်-ဒေါ်စိန်ပွင့်)တို့၏ သမီး၊ (ဦးဖိုးဦး-ဒေါ်နှုန်းရင်)တို့၏ သမီးချွေးမ၊ [ဦးထွန်းလွင်(ခ)ဂေါ်လေး အငြိမ်းစားဗိုလ်ကြီး]၏ ဇနီး၊ (ဦးကိုကြီး-ဒေါ်သန်းစိန်)၊ (ဦးထွန်းတင်-ဒေါ်လှရင်)၊ (ဦးထွန်းခင်-ဒေါ်သန်းမြင့်)၊ (ဦးတင်ညွှန့်-ဒေါ်သန်းမေ)၊ (ဦးတင်ညွှန့်)-ဒေါ်နီနီဦး၊ (ဦးရဲထွန်း)-ဒေါ်အင်အုံးမြင့်၊ ဦးဘရီ-ဒေါ်သန်းမြင့်တို့၏ ညီမ/အစ်မ ဒေါ်ရိမ်(ခ) ဒေါ်ငွတ်ရိမ်သည် ၅-၁၁-၂၀၁၅ရက် နံနက် ၈း၁၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရိမ်(ခ)ဒေါ်ငွတ်ရိမ် (၉၄)နှစ်
**လပွတ္တာ**

ရန်ကုန်မြို့၊အမှတ်-၆၃၅(က-၁)၊ အခန်း-စီ-၂၊ ပြည်လမ်း၊ ရိုးမရိပ်သာ၊ ကမာ ရွတ်မြို့နယ်နေ (ဦးတရောင်-ဒေါ်စိန်ပွင့်)တို့၏ သမီး၊ (ဦးဖိုးဦး-ဒေါ်နှုန်းရင်)တို့၏ သမီးချွေးမ၊ [ဦးထွန်းလွင်(ခ)ဂေါ်လေး(အငြိမ်းစားဗိုလ်ကြီး)]၏ ဇနီး၊ [ဦးထင်ဖတ် (မောင်ထင်)-ဒေါ်သောင်းသောင်း]၊ (ဦးစိန်ကြင်-ဒေါ်သန်းမြ)၊ (သခင်ထင်းဝိန်-ဒေါ်အုန်းမြင့်)တို့၏ ညီမ၊ (ဦးထင်းဝါ)-ဒေါ်ခင်သန်း၊ (ဦးအောင်တင်)-ဒေါ်ငွေဟန်၊ (ဦးသန်းနိုင်)-ဒေါက်တာ ဒေါ်အေးအေးမင်း၊ (ဒေါ်ငွေယိမ်း) မြို့နယ်ပညာရေးမှူး (ငြိမ်း)တို့၏ အစ်မ ဒေါ်ရိမ်(ခ) ဒေါ်ငွတ်ရိမ်သည် ၅-၁၁-၂၀၁၅ရက်တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ (စနေနေ့) ညနေ ၃နာရီတွင် မြောက်ဥက္ကလာရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဝင်းမောင်(ငြိမ်း)
## အသက်(၈၄)နှစ်
**စစ်ထောက်ချုပ်ရုံး**
**(ကာကွယ်ရေးဝန်ကြီးဌာန)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ ညောင်ရမ်းလမ်း၊ အမှတ်(၈၁၃)နေ (ဦးဖိုးစွန်း-ဒေါ်အိမ်ထိုက်)တို့၏ သား၊ (ဦးလှမောင်-ဒေါ်ထား)တို့၏ သားသမက်၊ ဒေါ်တင်ကြည်၏ ခင်ပွန်း သည် ၂၆-၁၀-၂၀၁၅ (တနင်္လာနေ့) နံနက် ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၅ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဇင်မင်းထူး (၄၆)နှစ်
**ကြည်း၂၃၀၂၇၊ (တေဇ-၁၈) (စမ်းချောင်း)**
**MD မြင့်မိုရ်ရွှေတောင်ကုမ္ပဏီ**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အမှတ်(၁၄၂)၊ ဗားကရာလမ်းနေ ဦးမြင့်စိုး-ဒေါ်ကြွယ်ကြွယ်အောင်တို့၏ သားကြီး၊ ဗန်းမော်မြို့နေ (ဦးမနမ်ကန်- ဒေါ်လဘန်ကော့)တို့၏ သားသမက်၊ တောင်ဒဂုံမြို့နယ်၊ မြယမုံအိမ်ရာ၊ ခြံအမှတ်(၈၇)နေ ဒေါ်မနမ်လု၏ချစ်လှစွာသော ခင်ပွန်း၊ မခွာညိုထူး၊ မဇွန်ပွင့်ထူး၊ မစန္ဒကူးထူး တို့၏ ချစ်လှစွာသော ဖခင်၊ ဦးအောင်မြင့်ထူး-ဒေါ်နန်းအေးသန်း တို့၏ အစ်ကိုကြီး၊ မကျော့ကေခိုင်ထူး၏ ဘဘလေး ဦးဇင်မင်းထူးသည် ၅-၁၁-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၁း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းနေအိမ်မှ ကားများနှင့်တောင်ဒဂုံမြယမုံအိမ်ရာမှ ကားများ နံနက် ၈နာရီ တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ မြယမုံနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေး/ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီဦးဇော်ဝင်း(ခ)
## ဟာဂျီခါဂျာရှရစ်ဖ် (၄၆)နှစ်
**Asia Win Group**
**(Managing Director)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ အမှတ်(၁၂၉)၊ ဗိုလ်မင်းရောင်လမ်းနှင့် (၁၀၈)လမ်းထိပ်နေ (KED ဟာဂျီမိုင်းဒင်းဂနီ)-SKဟာဂျီမရှုဟဲရ်ဘာနူးတို့၏သားကြီး၊ ဟာဂျီမအာမီနာ၊ ဟာဂျီမအိုက်ရှား၊ ဟာဂျီမဖေရ်ဒေါင်းစ်ဘာနူး တို့၏ ခင်ပွန်း၊ မောင်သန်းထိုက်ဝင်း၊ မစုဝင့်ဇော်၊ မနဒီဇော်၊ မသက်ဝတီဇော်၊ မောင်သာထက်ဇော်၊ မောင်ဖာရဟန်း၊ မောင်ကောင်းဟိန်းထက်၊ မောင်ရှိုင်းဟန်း တို့၏ချစ်လှစွာဖခင် ဟာဂျီဦးဇော်ဝင်း(ခ) ဟာဂျီခါဂျာရှရစ်ဖ်သည် ၅-၁၁-၂၀၁၅ ရက် နံနက်၀၀း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော် ခံယူသွားပါသဖြင့် ၆-၁၁-၂၀၁၅ (သောကြာနေ့) တွင် ကျူလီယာဂျာမေဗလီကြီးတွင် ဂွမ္မာနမားဇ်ပြီး ဂွမ္မာနမားဇ်ဖတ်အပြီး သန်လျင်ငါးပါးသခင်ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်း
## ဒါယိကာမကြီး
## ဒေါ်သန်းရွှေ
## အသက်(၈၇)နှစ်

ဒိုက်ဦးမြို့နေ (ဦးသာလှိုင်-ဒေါ်ငွေမျှင်)တို့၏သမီး၊ (ဒေါ်အမာရီ)၊ (ဦးထွန်းခင်-ဒေါ်သန်းမြင့်)၊ (ဦးဘမောင်)၊ (ဒေါ်ခင်ခင်)၊ ဦးထွန်းကြည်-(ဒေါ်မြင့်မြင့်)တို့၏ ညီမ၊ မပုတူး၏အစ်မ၊ (ဦးအုန်းကျင်)၏ဇနီး၊ (ဦးသန်းဦး)၊ ဦးအောင်တိုး-ဒေါ်မူမူဝေအောင်၊ ဦးခင်မောင်ချို၊ ဒေါ်သန်းသန်းအေး၊ ဦးဝေလွင်၊ ဦးကြည်လှ-ဒေါ်တင်တင်ဝင်းတို့၏မွေးသမိခင်၊ မောင်သီဟအောင်၊ မောင်စည်သူအောင်၊ မောင်ကျော်ဇေယျာ၊ မယမင်းအိန္ဒြေချိုတို့၏ ချစ်လှစွာသော အဘွားသည် ၅-၁၁-၂၀၁၅ (ကြာသပတေးနေ့)၊ ည၉း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅ (စနေနေ့)၊ မွန်းတည့်၁၂နာရီတွင် မင်္ဂလာတောင်ညွန့် မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ်(၁၂၂)၊ အခန်း (၄-လွှာ) နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့်ဆိုင်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ကောဝိဒ
## သိက္ခာတော်(၃၂)ဝါ၊ သက်တော်(၅၂)နှစ်

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ ဘဝင်းရပ်ကွက်နေ ခမည်းတော်(ဦးစောဖော်)-မယ်တော်ဒေါ်မဲမကြီးတို့၏သား၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ ရွာထက်ရွာ၊ သီရိမင်္ဂလာဝိဟာရကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ အရှင်သူမြတ်သည် (၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၈ရက်)၊ ၅-၁၁-၂၀၁၅(ကြာသပတေးနေ့) ညနေ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၇-၁၁-၂၀၁၅(စနေနေ့) ညနေ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ/ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ကျေးတမာလမ်း၊ မဟာဂန္ဓာရုံကျောင်းတိုက်မှ ကားများ ညနေ၄နာရီတွင် ထွက်ပါမည်။) [၁၁-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့)တွင် မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ရွာထက်ရွာ**
**သာရေး၊ နာရေးအသင်း**
**ဒါယကာ၊ ဒါယိကာမများ**

## ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
## ဒေါ်ရွှေစိန်(ကျောက်တော်-ပလက်ဝ) (၈၄)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နေ (ဦးထွန်းစံဦး-ဒေါ်မသာဇံ)တို့၏သမီး၊ (ဦးတင်ရွှေ)၏ ဇနီး၊ ဖြူးမြို့နေ ဦးစံရွှေမြ-ဒေါ်တင်တင်ဦး၊ အင်းစိန်မြို့နယ်နေ ဦးအောင်သာအေး-ဒေါ်တင်တင်စု၊ ရခိုင်ပြည်နယ်မြောက်ဦးမြို့နေ ဦးသန်းဖေ-ဒေါ်တင်တင်မြင့် (ကျန်းမာရေးဆရာမ)၊ အင်းစိန်မြို့နယ်နေ ဦးသန်းစိုး-ဒေါ်တင်တင်အေး၊ ဦးအောင်မြသိန်း-ဒေါ်သီတာစိုး (ရွှေသဇင်ဂုန်နီကြိုးနှင့် ဂုန်နီအိတ်ရောင်းဝယ်ရေး)၊ လှိုင်သာယာနေ ဦးဘဆွေ-ဒေါ်ခင်ဝိုင်းမော်၊ ဦးနိုင်လင်းသိန်း (ဒုဦးစီးမှူး၊ ထွေ/အုပ်၊ မိုးညို)-ဒေါ်ခင်လေးနွယ်(ထွေ/အုပ်)၊ ဒေါ်ခင်စမ်းမာ တို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက် တို့၏ အဘောင်ရှင် ဒေါ်ရွှေစိန် ကျောင်းဆရာမ(ငြိမ်း)သည် ၆-၁၁-၂၀၁၅ (သောကြာနေ့) နံနက် ၄း၅၅ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၆ လမ်း၊ အမှတ်(၁၁၀) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၁-၂၀၁၅ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြို့သစ် (က+ခ)ရပ်ကွက်၊ က/၆ လမ်း၊ အမှတ်(၁၁၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးကြည် အသက် (၆၀)
**အလက(၂) မ/ဥ၊ လယ်ပြ(ငြိမ်း)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက် ဘုမ္မာ (၁၁)လမ်း၊ အမှတ်(၃၆၉)နေ (ဦးအေး-ဒေါ်သန်း)တို့၏သမီး၊ (ဦးတင်ရွှေ-ဒေါ်ညို)တို့၏သမီးချွေးမ၊ (ဦးတက်စိန်-ဒေါ်ခင်ဝိုင်း)၊ (ဦးဟန်စိန်-ဒေါ်သောင်းရီ)၊ ဒေါ်ကြည်၊ (ဦးယုစိန်)-ဒေါ်တင်လှ၊ (ဦးကျင်စိန်)-ဒေါ်စိန်ဝင်း၊ (ဒေါ်တင်ကြည်)၊ ဦးမြင့်သန်း-ဒေါ်ယဉ်ယဉ်သိန်း၊ ဦးဝင်းမြင့်-ဒေါ်ဝေဝေတင့်တို့၏ညီမ၊ ဦးကြည်လှိုင်-ဒေါ်သင်းသင်းလှိုင်၊ ဦးလှမြင့်ဦး-ဒေါ်ခင်ငြိမ်းငြိမ်းတို့၏အစ်မ၊ ဦးဝင်းတင့်[ဌာနခွဲမှူး၊ ဌာနခွဲ(၁)၊ ရန်ကုန်အနောက်ပိုင်းခရိုင်(မထသ)]၏ချစ်လှစွာသောဇနီး၊ ကိုကျော်မင်းဦး-မယဉ်နွယ်ဝင်း၊ မမို့မို့ထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မဆုပြည့်ဝတီ၏အဘွား၊တူ/တူမ ၁၃ယောက်တို့၏ အဒေါ်သည် ၄-၁၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၅ (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၅ (အင်္ဂါနေ့) နံနက်တွင် မ/ဥက္ကလာပ မြို့နယ်၊ (ည) ရပ်ကွက်၊ ဘုမ္မာ (၁၁)လမ်း၊ အမှတ်(၃၆၉) နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးခင်လှ(ငြိမ်း) (၅၉)နှစ်
**OTS-76၊ ကြည်း-21226**
**(မြောင်းမြ)**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးလှပေါ်-ဒေါ်သန်းကျင်)တို့၏ ဒုတိယသား၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ကံ့ကော်မြိုင်ရပ်ကွက်၊ (၆)လမ်းနေ [ဗိုလ်ကြီးလှမောင်(ငြိမ်း)-ဒေါ်ခင်ညွန့်]တို့၏ သားသမက်၊ (ဦးသန်းအေး)-ဒေါ်ပုတို့၏ ညီ၊ ဒေါ်မာမာအေး၏ အစ်ကို၊ မြောင်းမြမြို့၊ ကံ့ကော်မြိုင်ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၂၄၀)နေ ဒေါ်ခင်ခင်စန်း ၏ ချစ်လှစွာသော ခင်ပွန်း၊ (မောင်အောင်ခင်လှ)၊ မောင်ရဲခွဲခင်လှ (ထွေ-အုပ်/မြောင်းမြ)တို့၏ ဖခင် ဦးခင်လှသည် ၂-၁၁-၂၀၁၅ (တနင်္လာနေ့) ည ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် မြောင်းမြမြို့၊ မြို့မသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၅ (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် မြောင်းမြမြို့၊ ကံ့ကော်မြိုင်ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၂၄၀)နေ ဒေါ်ခင်ခင်စန်း ၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးနေ မိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးတိုက်အောင်(ငြိမ်း) (၄၇)နှစ်
**OTS(91)**
**လ/ထ အထွေထွေမန်နေဂျာ**
**ကမ္ဘာရတနာဘဏ်လီမိတက်**

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး သိန်းအောင်(ငြိမ်း)(ဒု-ညွှန်ချုပ်-ငြိမ်း၊ အားကစားဝန်ကြီးဌာန၊ ဥက္ကဋ္ဌ-မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်)-ဒေါ်ရီလေးတို့၏သားကြီး၊ ဦးတိုးအောင်- Dr.အိအိခင်၊ ဗိုလ်မှူးမင်းသိမ်းထွဏ်း(ငြိမ်း)-ဒေါ်စုလေးမေ(မေကေရီစတိုး)၊ ဗိုလ်မှူးအောင်သူ(တပ်မတော် ရေ)-ဒေါ်အေးပပသူတို့၏အစ်ကို၊ L3/002၊ (၁၄)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ လှိုင်မြို့နယ်နေ ဒေါ်ဝင်းဝင်းမော်၏ခင်ပွန်း၊ မောင်ပြေဇော်ဟိန်း(ပထမနှစ်၊ သွားဆေးတက္ကသိုလ်)၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးတိုက်အောင်(ငြိမ်း)သည် ၅-၁၁-၂၀၁၅(ကြာသပတေးနေ့) ညနေ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လှိုင်နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်စိုင်းကျော်သက်(ခ)သားငယ် (၃၁)နှစ်
**(Yan Gar Bo Travels & Tours Company Limited)**

ရန်ကုန်မြို့၊ အမှတ်(၂၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ ဦးသန်းထွန်း-ဒေါ်နန်းငွေငွေခင်တို့၏သား၊ ဒေါ်သောင်း၊ ဒေါ်သန်းသန်း၊ ဒေါ်စန်းစန်းရင်တို့၏မြေး၊ ကိုငွေလင်း-မမြင့်မြင့်မော်၊ ကိုသန်းနိုင်-မစိုးစိုးခိုင်၊ ကိုမောင်မောင်ညွှန့်၊ ကိုအောင်မေတ္တာ-မခင်ခင်ငွေ၊ ကိုဗိုလ်ဗိုလ်ဇော်-မစန္ဒာဝင်းတို့၏တူ၊ စမ်းချောင်းမြို့နယ်နေ ကိုစိုင်းသူရထွန်း-မငုဝါစိန်တို့၏ညီ/မောင်သည် ၅-၁၁-၂၀၁၅(ကြာသပတေးနေ့)တွင် ကျိုက်ထိုမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၅(စနေနေ့) ညနေ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

Hot Line No-0930500100

# မဲဆန္ဒရှင်များ ဆန္ဒမဲမည်သို့ပေးရမည်ကို ရှင်းလင်းစွာသိရှိရန်လို

**နေပြည်တော် နိုဝင်ဘာ ၆**

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည်ဖြစ်ရာ ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအနေဖြင့် မိမိဆန္ဒပြုမည့် ဆန္ဒမဲအား မည်သို့ ပေးရမည်ဆိုသည်ကို ရှင်းလင်းစွာ သိရှိရန် လိုအပ်သည်။

ထို့ကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲပေးနည်း အဆင့်ဆင့်နှင့်ပတ်သက်၍ ထုတ်ပြန်ထားရာ ဆန္ဒမဲပေးမည့် မဲဆန္ဒရှင် အနေဖြင့် ပထမဦးစွာ မိမိ၏ မဲစာရင်း ပါသည်၊ မပါသည်နှင့် ပတ်သက်၍ သက်ဆိုင်ရာမဲဆန္ဒနယ်ကော်မရှင်ရုံးတွင် သွားရောက်ကြည့်ရှုရမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●




## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရှင်ပြည်သူများသို့ ပြောကြားသည့် ရွေးကောက်ပွဲဆိုင်ရာမိန့်ခွန်း ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ မြန်မာနိုင်ငံတစ်ဝန်းရှိ မဲဆန္ဒရှင် ပြည်သူများသို့ ပြောကြားသည့် ရွေးကောက်ပွဲဆိုင်ရာ မိန့်ခွန်းအား မြန်မာ့ ရုပ်မြင်သံကြား၊ မြန်မာ့အသံနှင့် FM ရေဒီယိုအစီအစဉ်များတွင် ယနေ့ ည ၈ နာရီ ပြည်တွင်းသတင်းအပြီးနှင့် နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီ ပြည်တွင်းသတင်းများအပြီးတွင် လည်းကောင်း၊ နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီ၊ နံနက် ၁၀ နာရီနှင့် မွန်းတည့် ၁၂ နာရီ ပြည်တွင်းသတင်းများအပြီးတွင် လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် ဆက်စပ်ရုပ်သံလိုင်းများ ဖြစ်သည့် MRTV-4 နှင့် SKY Net ရုပ်သံလိုင်းများတွင်လည်း ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီ နိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ" အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။

## မြန်မာယူ-၂၀ အမျိုးသမီးအသင်း နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရ

**ဟိုချီမင်း နိုဝင်ဘာ ၆**

ဗီယက်နမ်ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံတွင် ကျင်းပရာ မြန်မာယူ-၂၀ အမျိုးသမီးအသင်းက နှစ်ပွဲဆက်အနိုင်ရရှိခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် ဟောင်ကောင်လက်ရွေးစင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် FEU အသင်းကို ပွဲဦးထွက် ပွဲစဉ်၌ အနိုင်ရရှိခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်ခဲ့ပြီး နီလာဝင်း၊ ခင်သန်းဝေ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○


ယနေ့ ၀ မာတိကာ

မြို့တော်ပြုံယမ်း၏အလှကို ဝေဟင်မှ ကြည့်ရှုလိုသူများအတွက် ရဟတ်ယာဉ် ခရီးစဉ်များဖြင့် ဝန်ဆောင်ပေးမည်
စာမျက်နှာ - ၄

နိုင်ငံသားကောင်းပီသမှုကို ပြကြပါ
စာမျက်နှာ - ၆

စီရီနယ်လ်ဒို ထုတ်နုတ်ပြတဲ့ နောက်မျိုးဆက် ကြယ်ပွင့်ကစားသမားများ
စာမျက်နှာ - ၁၃


## မြန်မာနိုင်ငံတစ်ဝန်းမှ ပန်းချီ၊ ပန်းပုအနုပညာရှင်များ ရေးဆွဲထားသည့် လက်ရာများ စုစည်းပြသ

မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံးနှင့် Forever Group မှ ကြီးမှူးကာ ၂၀၁၅ ခုနှစ် မြန်မာ့ပန်းချီ၊ ပန်းပု လက်ရာများပြပွဲ ART15 ကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Events Park ၌ ပြုလုပ်ခဲ့သည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းမှ ပန်းချီ၊ ပန်းပု အနုပညာရှင်များ၏ ရေဆေး၊ ဆီဆေး၊ ခဲ၊ သဲ ပန်းချီကားများနှင့် ပန်းပု၊ ပန်းထိုး ၃၄၀ ကျော်ခန့်ကို အများပြည်သူတို့ ကြည့်ရှုခံစားနိုင်စေရန် စုစည်းပြသထားသည်။ ထို့အပြင် နိုင်ငံတကာမှ ပန်းချီ၊ ပန်းပုစာအုပ်များကို Myanmar Book Center တွင် ဝယ်ယူရရှိနိုင်ပြီး ဝါသနာရှင် ကလေးငယ်များကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို လည်း ချိတ်ဆွဲပြသပေးထားသည်။ ထူးခြားချက်မှာ ပန်းချီ ပညာရှင်ကြီးများကိုယ်တိုင် ရေးဆွဲပြနေသည့် လက်ရာ ဟန်များကို ကိုယ်တိုင်လေ့လာခွင့်ရစေမည့် အခွင့်အရေးပင် ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖









ကြေးမုံ The Mirror
ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ
# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ
အထူးကဏ္ဍအချပ်ပို
နိုဝင်ဘာ ၇ ရက်၊ ၂၀၁၅ ခုနှစ် (စနေနေ့)

ကာကွယ်ရေးဝန်ကြီးဌာန

## နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် အမြဲတမ်းအဆင်သင့်ဖြစ်နေသည့် ပြည်သူ့အတွက် တပ်မတော်



ကလေးမြို့နယ် ရေဘေးသင့်ဒေသများ၌ ရေပြန်ကျချိန်တွင် လမ်းပေါ်တွင်တင်ရှိနေသည့် နုန်းများအား တပ်မတော်သားများက ဖယ်ရှားရှင်းလင်းပေးနေသည်ကို တွေ့ရစဉ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၉ ပါ "နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"၊ ပုဒ်မ ၃၄၁ ပါ "နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်။"ဟူသော အချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

**ငွေသားနှင့် ပစ္စည်းတန်ဖိုး ၇၁၁ သန်းကျော်**

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်း ဖြစ်ပေါ်ခဲ့သော ရေဘေးအန္တရာယ်ကျရောက်မှုများတွင် ပြည်နယ်/တိုင်းဒေသကြီး ၁၁ ခု ရှိ ရေကြီး/ရေလျှံမှု ဖြစ်ပွားခဲ့သောဒေသများသို့ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များသည် ချက်ချင်းသွားရောက်၍ လူ၊ တိရစ္ဆာန်နှင့် ပစ္စည်းများ ရွှေ့ပြောင်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်း၊ သဲအိတ်၊ မြေအိတ်များစီချ၍ တာတမံများ ပြုလုပ်ပေးခြင်း၊ လှိုင်းကာများပြုလုပ်ပေးခြင်း၊ ရေလမ်းကြောင်းညွှန်ပြခြင်း၊ ရေကျသွားသော နေရာများတွင် နုန်းများဖယ်ရှားခြင်း၊ လေယာဉ်ပြေးလမ်း၊ ကားလမ်းများကို ရွှံ့နွံနှင့်နုန်းမြေများ ဆေးကြောပေးခြင်း၊ ဆေးရုံ/ဆေးခန်းနှင့် စာသင်ကျောင်းများကို သန့်ရှင်းရေးပြုလုပ်ပေးခြင်းနှင့် ချုံနွယ်များ ရှင်းလင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရေဘေးသင့်ဒေသများသို့ တပ်မတော်မိသားစုများမှ ငွေသားနှင့် ပစ္စည်းတန်ဖိုး ၇၁၁ ဒသမ ၅၆၆ သန်းကို ကူညီထောက်ပံ့ပေးနိုင်ခဲ့သည့်အပြင် အောက်ပါကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်-

(က) လေကြောင်းကယ်ဆယ်ရေးလုပ်ငန်းများအဖြစ် တပ်မတော်ပိုင် ရဟတ်ယာဉ် ၁၁ စီးနှင့် လေယာဉ်ခြောက်စင်း ပေါင်း ၁၇ စင်းဖြင့် အခေါက်ရေ ၇၆၇ ခေါက် ကုန်တန်ချိန် ၄၉၂ ဒသမ ၆ တန်အား ဆောင်ရွက်ပေးနိုင်ခဲ့သည်။

(ခ) ရေဘေးကယ်ဆယ်ရေးပစ္စည်းများအား စစ်ရေယာဉ် ကိုးစင်း ၃၂ ခေါက်ဖြင့် ကုန်တန်ချိန် ၁၅၄၆ ဒသမ ၈၀ တန်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

(ဂ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရန်ယာဉ်နှင့် လုပ်ငန်းယာဉ် စုစုပေါင်း ၁၈၁၂ စင်း ဖြင့် ကုန်တန်ချိန် ၇၂၄၈ တန်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။

(ဃ) ရေဘေးသင့်ဒေသများသို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)ဖြင့် တပ်မတော်(ရေ)နှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးတို့မှ အရာရှိ စစ်သည်များက အမျိုးသား ၂၃၅၄ ဦး၊ အမျိုးသမီး ၅၀၉၉ ဦး စုစုပေါင်း ၇၄၅၃ ဦး အား ဆေးကုသပေးနိုင်ခဲ့သည်။

( င) ၂၀၁၅ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့အတွင်း ရေဘေးသင့်ဒေသများဖြစ်သည့် **စာမျက်နှာ ၃ သို့ »»**

### ရာနှုန်းပြည့် ကြိုးစားလုပ်ဆောင်ထား

အခက်အခဲတွေရှိနေတဲ့အတွက် ရာနှုန်းပြည့် ပြီးပြည့်စုံတဲ့ ရွေးကောက်ပွဲဆိုတာတွေကို ကျင်းပဖို့ အခက်အခဲများရှိနေတာကိုလည်း ကျွန်တော်တို့အနေနဲ့ နားလည်လက်ခံထားပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ သန့်ရှင်းလွတ်လပ်တဲ့ ရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာ ကျင်းပနိုင်ဖို့အတွက် ရာနှုန်းပြည့် ကြိုးစားလုပ်ဆောင်ထားကြောင်း အသိပေးပြောကြားလိုပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)**

### ၂၀၁၁ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာ့စီးပွားရေးဦးပိုင်လီမီတက်နှင့် အကျိုးတူဖက်စပ်လုပ်ငန်းများမှ ထုတ်လုပ်မှုတန်ဖိုးစာရင်း

| စဉ် | လုပ်ငန်းအမည် | ထုတ်လုပ်သည့်အမျိုးအစား | ထုတ်လုပ်သည့် အရေအတွက် | ထုတ်လုပ်မှု တန်ဖိုး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မြန်မာပေါ်စကိုစတီးကုမ္ပဏီလီမိတက် | မြန်မာပေါ်စကိုစတီး | မက်ထရစ်တန် ၅၀၂၂၈.၁၅တန် | ကျပ်(၁၈၅၈၈.၂၁)သန်း | |
| ၂ | မြန်မာပေါ်စကိုစီအန်စီ ကုမ္ပဏီလီမိတက် | ရောင်စုံသွပ်လိပ် | မက်ထရစ်တန် ၈၈၆၅.၂၇တန် | ကျပ်(၉၆၆.၄၉)သန်း | |
| ၃ | သည်ဖတ်စ်အော်တိုမိုးတစ် ကုမ္ပဏီလီမိတက် | ISUZU Crew Cab<br>ISUZU Single Cab<br>NPR Truck<br>NKR Truck<br>NHR Truck<br>Mini Bus | (၅၆၀)စီး<br>(၆၀)စီး<br>(၉၅)စီး<br>(၄၈)စီး<br>(၆)စီး<br>(၁၆)စီး | ၄ | မော်တော်ယာဉ်အစိတ်အပိုင်းများအားCKD စနစ်ဖြင့်တင်သွင်းပြီး ပြည်တွင်း၌တပ်ဆင်သဖြင့် ယာဉ်အစီး လိုက်တင်သွင်းမှု ထက် ကျပ်သန်းပေါင်း ၄၇၁၀ ခန့်သက်သာခဲ့ ပါသည်။ |
| | စုစုပေါင်း | | | ကျပ်(၁၉၅၅၄.၇၀)သန်း | |

### တိုင်းစစ်ဌာနချုပ်အလိုက် ပြန်လည်စွန့်လွှတ်မြေများစာရင်း

| စဉ် | တိုင်းစစ်ဌာနချုပ် | အစီရင်ခံစာပါ | သီးခြား | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | နပတ | ၁၅၃.၈၀၀ | ၂၃၈.၀၂၀ | ၃၉၁.၈၂၀ | |
| ၂ | မပခ | ၁၃၂၂.၂၄၀ | ၄၀၃၃၀.၁၅၀ | ၄၁၆၅၂.၃၉၀ | |
| ၃ | ရမခ | ၄၂၁၃.၂၃၀ | ၆၇၇၄.၁၆၂ | ၁၀၉၈၇.၃၉၂ | |
| ၄ | ရပခ | ၁၉၇၂.၃၄၀ | ၂၁၁၅၉.၈၃၀ | ၂၃၁၃၂.၁၇၀ | |
| ၅ | ရလခ | - | ၂၉၂၇.၆၅၀ | ၂၉၂၇.၆၅၀ | |
| ၆ | တသခ | ၆၄၁.၂၃၀ | ၁၄၃၁၆.၄၉၀ | ၁၄၉၅၇.၇၂၀ | |
| ၇ | ရတခ | ၁၀၇.၅၂၀ | ၆၀၀၂.၂၁၀ | ၆၁၀၉.၇၃၀ | |
| ၈ | တရခ | - | ၃၀၈၃.၉၈၀ | ၃၀၈၃.၉၈၀ | |
| ၉ | ရကတ | ၃၁၈၈.၅၁၈ | ၃၄၆၈.၃၅၀ | ၆၆၅၆.၈၆၈ | |
| ၁၀ | နတခ | ၁၀၆၄.၅၇၀ | ၉၄၅၁.၇၄၆ | ၁၀၅၁၆.၃၁၆ | |
| ၁၁ | နပခ | ၃၂၉၂.၇၂၀ | ၁၆၈၄၃.၂၁၀ | ၂၀၁၃၅.၉၃၀ | |
| ၁၂ | နမခ | ၁၁၆၈၅.၆၉၀ | ၄၇၃၅၉.၁၄၆ | ၅၉၀၄၄.၈၃၆ | |
| ၁၃ | လပခ | ၄၂၂၅.၁၄၀ | ၈၇၄၄.၄၅၃ | ၁၂၉၆၉.၅၉၃ | |
| ၁၄ | တပခ | ၅၈၀၉.၅၅၀ | ၁၆၂၁၅.၉၉၀ | ၂၂၀၂၅.၅၄၀ | |
| | စုစုပေါင်း | ၃၇၇၇၆.၅၄၈ | ၁၉၆၈၂၆.၂၈၇ | ၂၃၄၆၀၂.၈၃၅ | |

# အမှိုက်ကပေးတဲ့စာ

စံကားဝါ



ဦးပိန်တံတားဝန်းကျင် သန့်ရှင်းသာယာရေး အမှိုက်ကောက်နေကြသော ပရဟိတအသင်းအဖွဲ့များကို တွေ့ရစဉ်။

တစ်နေ့က ကြေးမုံသတင်းစာမှာ စွန့်ပစ်အမှိုက်ကနေ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မယ့် သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။

သတင်းထဲမှာ ရန်ကုန်မြို့က နေ့စဉ်ထွက်ရှိနေတဲ့ အမှိုက်တန်ချိန် (၁၆၀)မှာ တန်ချိန် ၆၀ လောက်ကိုသုံးပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၀၀ ကို ထုတ်လုပ်မယ်ဆိုတာသိရလို့ ဝမ်းမြောက်ကြိုဆိုရပါတယ်။

"မြို့တော်စည်ပင်နဲ့ ဂျပန်နိုင်ငံက JFE Engineering Cooperation တို့ ပူးပေါင်းပြီး တည်ဆောက်နေပြီ ဖြစ်ပါတယ်။ ရန်ကုန်မြို့တင်မကဘဲ ကျန်မြို့ကြီးများမှာပါ ဒီလိုစက်ရုံတွေ ထပ်တည်နိုင်ဖို့ မျှော်လင့်မိပါတယ်။

စွန့်ပစ်အမှိုက်တွေကနေ လူထုအကျိုးပြုပစ္စည်းတွေ ပြန်ထုတ်တတ်တာ၊ လျှပ်စစ်ဓာတ်အားထုတ်ယူတာ၊ ပင်လယ်ရေကနေ သောက်သုံးရေအဖြစ်ရရှိအောင် နည်းပညာအသုံးပြုပြီး ထုတ်ယူတာတွေက ၂၁ ရာစုမှာ လူသားရင်းမြစ်တွေအတွက် စွန့်ပစ်ထားတဲ့ အရာတွေအပေါ် ကောင်းမွန်တဲ့အသုံးချမှုတစ်ခုအဖြစ် စွမ်းဆောင်ချက်တွေပဲ ဖြစ်ပါတယ်။ အမှိုက်ကနေ စွမ်းအင်ထုတ်ယူတဲ့ စနစ်ကို ကျင့်သုံးနေတဲ့ အာရှနိုင်ငံတွေမှာ ဂျပန်နိုင်ငံက ထိပ်ဆုံးကရပ်တည်နေပြီး စက်ရုံပေါင်း ၁၇၀ ကျော် လက်ရှိလည်ပတ်နေပါတယ်။

ပင်လယ်သမုဒ္ဒရာထဲကို နေ့စဉ် ရောက်ရှိလာတဲ့ ပလတ်စတစ်စပေါင်း ငါးသန်းခန့်ရှိနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ခန့်မှန်းကြပါတယ်။ သမုဒ္ဒရာရေစီးကြောင်းကြီး ငါးခုကနေ ဒီအပိုင်းအစတွေကို သယ်ဆောင်ပြီး နှစ်ပေါင်းရာချီပျောက်ပျက်မသွားတဲ့ ဓာတုအဆိပ်တွေအဖြစ် ပျံ့နှံ့စေတယ်လို့ သိရပါတယ်။

ပလတ်စတစ်ပစ္စည်းတစ်ခုရရှိဖို့ ဓာတုပစ္စည်း အများအပြားနဲ့ ပြုလုပ်ရတာဖြစ်ပြီး ဒီပလတ်စတစ်တွေကို ရေထဲရောက်သွားလို့ အပိုင်းပိုင်းဖြစ်သွားသည့်တိုင် နှစ်ပေါင်း ရာချီပြီး ဓာတုသတ္တိက ပျက်ပြယ်မသွားပါဘူး။

ရေထုညစ်ညမ်းရုံတင်မကဘဲ ဒါကိုကုန်းနေ၊ ရေနေသတ္တဝါတွေ စားသုံးမိရင်လည်း အဆိပ်သင့်စေတယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်နေသူတွေက ဆိုပါတယ်။

Commonwealth Scientific and Industrial Research Organization-CSIRO ရဲ့ ပင်လယ်တွင်းပလတ်စတစ်အမှိုက်တွေရဲ့ နောက်ဆက်တွဲအန္တရာယ်လေ့လာမှုတစ်ခုမှာ စွန့်ပစ်ထားတဲ့ ငါးဖမ်းပိုက်အစအနတွေကစပြီး ဈေးဝယ်ရာမှာ ပစ္စည်းထုပ်တဲ့ ပလတ်စတစ်တွေအထိ နေ့စဉ် ပလတ်စတစ်အပိုင်းအစပေါင်း သန်းနဲ့ချီပြီး ရေပြင်ထဲရောက်နေတာမို့ ကျေးငှက်၊ ငါး၊ လိပ်တို့လို ပင်လယ်မှာ ကျက်စားတဲ့ သတ္တဝါမျိုးစိတ်ပေါင်း ၂၅၀ လောက်ကိုပါ ထိခိုက်စေတယ်လို့ ဆိုပါတယ်။

ရေပြင်မှာ စွန့်ပစ်တဲ့ ပလတ်စတစ်တွေရဲ့ အန္တရာယ်နဲ့ မြေပြင်မှာ စွန့်ပစ်တဲ့ ပလတ်စတစ်တွေကလည်း အမှိုက်ပုံမှာ ပစ်ထားတာကို စားသောက်ကြတဲ့ သတ္တဝါတွေကို ထိခိုက်စေပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ အမှိုက်ပုံမှာ ပစ်ထားတာတွေကို အစာမှတ်ပြီး စားသောက်ကြတဲ့ နွားတွေဒုက္ခရောက်နေကြတာမို့ ဒါဟာ တိရစ္ဆာန်ညှဉ်းပမ်းမှုတစ်ခုလို့ သိလာအောင် ပညာပေးတာတွေ လုပ်နေကြပါတယ်။

သတ္တဝါတွေအားလုံးမှာ တူညီတဲ့အခွင့်အရေးတစ်ခုက ရှင်သန်ခွင့်ဖြစ်မယ်ဆိုရင် သတ္တဝါတွေရဲ့ ရှင်သန်မှုကို ခြိမ်းခြောက်နေတဲ့ စွန့်ပစ်ပစ္စည်းတွေရဲ့ အကြောင်းခံက လူသားတွေဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ဒီလိုစွန့်ပစ်မှုကြောင့် နောက်ဆက်တွဲဆိုးကျိုးတွေကို ကိုယ်တိုင်လည်း ခံစားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မိမိအမှိုက်တွေအတွက် မိမိမှာတာဝန်အပြည့်ရှိတယ်ဆိုတာ အားလုံးလက်ခံနားလည်ပြီး အမှိုက်တွေကို စနစ်တကျစွန့်ပစ်ဖို့နဲ့ စွန့်ပစ်အမှိုက်တွေကို စီမံခန့်ခွဲတတ်ဖို့ အလွန်လိုအပ်နေပြီ ဖြစ်ပါတယ်။

အိန္ဒိယက အမှိုက်နဲ့ပတ်သက်တဲ့သင်ခန်းစာတစ်ခုအနေနဲ့ ရိုက်ထားတဲ့ ဗီဒီယိုဖိုင်တစ်ခု ကြည့်မိပါတယ်။ အမှိုက်ပုံးဘေးကနေ ဖြတ်သွားရင်းအမှိုက်ကို လမ်းပေါ်ပစ်ချခဲ့တဲ့ ကလေးတစ်ယောက်က ကိုယ်တိုင်ပြောင်းလဲချင်တဲ့ စိတ်ဝင်လာတဲ့အခါ သူပစ်ချခဲ့တဲ့အမှိုက်ကို ပြန်ကောက်လို့ အမှိုက်ပုံးထဲထည့်ခဲ့တာကို ရိုက်ထားတာပါ။ **Change ပြောင်းလဲဖို့လိုပြီလို့ တဖွဖွပြောကြရာမှာ ကိုယ်တိုင်က ဘယ်လောက်အထိ ပြောင်းလဲနိုင်ပြီလဲဆိုတာကို ပညာပေးတဲ့ ဗီဒီယိုဖိုင်ပါပဲ။**

မကြာသေးခင်က မိတ်ဆွေတစ်ယောက်က တာဝန်ရှိလူကြီးမင်းရဲ့ကားပေါ် အတူလိုက်ပါခွင့်ရတဲ့အချိန် တာဝန်ကြီးကြီးမားမားယူထားတဲ့ လူကြီးတစ်ယောက်အနေနဲ့ မလုပ်သင့်တဲ့ အပြုအမူကို လုပ်ခဲ့လို့ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတဲ့အကြောင်း ပြောဖြစ်ပါတယ်။ ဖြစ်ပုံက ဌာနဆိုင်ရာတွေကို လိုက်စစ်ဆေးမယ့် လူကြီးမင်းက ကားပေါ်ကနေ မှန်ဖွင့်ပြီး ကွမ်းတံတွေးထွေးလိုက်၊ တစ်သျှူးစတွေ ပစ်လိုက်လုပ်နေတာကို အဲဒီမိတ်ဆွေက လမ်းတစ်လျှောက်လုံး သည်းခံနေရပါသတဲ့။ လူကြီးကို မလုပ်ပါနဲ့လို့ကလည်းမပြောရဲ၊ သူလုပ်နေတာကလည်း စိတ်ကသိကအောင့် ဖြစ်ခဲ့ရတဲ့အကြောင်း သိခဲ့ရပါတယ်။

ရန်ကုန်မြို့လယ်ကောင်မှာ မီးပွိုင့်စောင့်နေတဲ့ အဆင့်မြင့်ကားတစ်စီးပေါ်ကနေ တစ်သျှူးစလို အမှိုက်မျိုးကို ပေါ်ပေါ်ထင်ထင်ပစ်ချလိုက်တာကို သံရုံးကားတစ်စီးရဲ့ ကားရှေ့ကင်မရာနဲ့ မှတ်တမ်းတင်ထားတဲ့ ဗီဒီယိုဖိုင်တစ်ခုကို ဒီရက်ပိုင်း လူမှုကွန်ရက်မီဒီယာမှာကြည့်မိပါတယ်။ ကားဘေးက ဖြတ်ပြီး စက်ဘီးစီးလာတဲ့ နိုင်ငံခြားသားတစ်ယောက်က ကားပေါ်က ပစ်ချလိုက်တဲ့ အမှိုက်စကို ပြန်ကောက်ပေးရင်း အမှိုက်ပစ်သူကို တစ်စုံတစ်ခုပြောနေတာကို ကြည့်လိုက်ရပါတယ်။

**ရန်ကုန်မြို့ရဲ့ အထင်ကရ မိသားစုတွေ လွတ်လပ်စွာအပန်းဖြေနိုင်တဲ့ အင်းလျားကန်ပေါင်က အမှိုက်ရှုခင်းကလည်း သီတင်းကျွတ်လပြည့်နေ့ကို အရုပ်ဆိုးအကျည်းတန်စေခဲ့ပါသေးတယ်။**

အမှိုက်ကို သတ်မှတ်ထားတဲ့နေရာမှာ မပစ်ဘဲ လွယ်လင့်တကူ ပစ်နေကြတဲ့အပေါ်မှာ ကိုယ်တိုင်က စည်းကမ်းတကျ အမှိုက်စွန့်ပစ်ရမယ့်အလေ့အကျင့်တွေ တစ်ဦးချင်းတစ်ယောက်ချင်းစီမှာ လိုနေသေးတယ်ဆိုတာ တစ်ချက်ပါ။

လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က သင်တန်းတစ်ခုမှာ သင်တန်းဖော်တစ်ယောက်ရဲ့ အမှိုက်နဲ့ ပတ်သက်တဲ့ အလေ့အကျင့်ကောင်းတစ်ခုကို ဝေမျှချင်ပါတယ်။ သကြားလုံးခွံလို အမှိုက်မျိုးကိုတောင် သူက သူ့အိတ်ထဲ သူပြန်ထည့်နေတာ တွေ့ရတော့ ဘာ့ကြောင့် အမှိုက်ပုံးထဲ မထည့်ရသလဲမေးမိပါတယ်။ သူပြန်ပြောတာက ကိုယ့်အမှိုက်အတွက် ကိုယ့်မှာ တာဝန်ရှိလို့ပါတဲ့။ စာမျက်နှာ ၃ သို့ »»



သီတင်းကျွတ်လပြည့်နေ့က ရန်ကုန်မြို့ အင်းလျားကန်ပေါင်တွင် အမှိုက်စွန့်ပစ်မှုများကြောင့် ရုပ်ဆိုးအကျည်းတန်လျက်ရှိသည်ကို တွေ့ရစဉ်။

»» အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၊ ဟင်္သာတမြို့နှင့် မြောင်းမြမြို့နယ်တို့အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ Mobile သောက် ရေသန့်ယာဉ်နှစ်စီးဖြင့် စေလွှတ်၍ ကျန်းမာရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ရေသန့်ဂါလန် ၄၄၀၀၀ ဖြန့်ဝေပေးနိုင်ခဲ့သည်။

**ပြည်သူလူထု ငါးသိန်းခွဲကျော်အား ဆေးကုသ**

ဆေးဝန်ထမ်းညွှန်ကြားရေးရုံးမှ ပါရဂူ၊ ဆေးမှူးနှင့် သူနာပြုများပါဝင်သည့် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များဖြင့် ပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဒုတိယလေးလပတ်ကာလအတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အစီအမံဖြင့် ဆေးကုသမှု ၃၂ ကြိမ်တွင် ပါရဂူ၊ ဆေးမှူး၊ သူနာပြုအရာရှိ စစ်သည် ၂၆၃၆ ဦးဖြင့် ပြည်သူလူထု ၃၈၆၈၈၅ ဦးအား ဆေးကုသပေးနိုင်ခဲ့သည်။

သက်ဆိုင်ရာတိုင်း စစ်ဌာနချုပ်များအစီအမံဖြင့် ဆေးကုသမှု အကြိမ်ရေ ၁၁၃၁ ကြိမ်တွင် အမျိုးသား ၁၁၁၄၀၃ ဦး၊ အမျိုးသမီး ၁၅၉၀၄၅ ဦး ပေါင်း ၂၇၀၄၄၈ ဦးအား ဆေးကုသပေးနိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သော ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်တာလေနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တို့သို့ ၂၅-၃-၂၀၁၁ ရက်မှ ၂၈-၁၁-၂၀၁၁ ရက်အထိ ဆေးကုသရေးအဖွဲ့ ရှစ်ဖွဲ့မှ အရာရှိ ခုနစ်ဦး၊ စစ်သည် ၁၃ ဦး ပေါင်း ၂၀ ဖြင့် လူနာ ၁၂၇၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အရွယ်မရောက်သေးသူ ၆၄၅ ဦး ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့**

၂၀၁၂ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဇွန်လအထိ တပ်မတော်အတွင်း အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစုဆောင်းခံခဲ့ရသည့် အရွယ်မရောက်သေးသူကလေးသူငယ်များအား မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့မှု ၁၀ ကြိမ်တွင် စုစုပေါင်း ၆၄၅ ဦး ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့သည်။



မြန်မာနိုင်ငံတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် တပ်မတော်သားများက ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

**မြေဧက နှစ်သိန်း သုံးသောင်းကျော် စွန့်လွှတ်**

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ပြည်သူ့လွှတ်တော် စုံစမ်းရေးကော်မရှင်မှ ပေးပို့သည့် တိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် တပ်မတော်မှ သီးခြား ပြန်လည်စွန့်လွှတ်ပေးနိုင်ခဲ့မှုမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မရှင်တိုင်စာများအပေါ် စွန့်လွှတ်ခဲ့သည့် မြေ ၃၇၇၇၆ ဒသမ ၅၄၈ ဧက

(ခ) တပ်မတော်မှ သီးခြားပြန်လည်စွန့်လွှတ်သည့် မြေ ၁၉၆၈၂၆ ဒသမ ၂၈၇ ဧက

စုစုပေါင်းစွန့်လွှတ်ပေးပြီး ဧက ၂၃၄၆၀၂ ဒသမ ၈၃၅ ဧက

**ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်**

မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်လက်အောက်ရှိ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ ၁၀ ခု မှ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်ခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၀၁ သန်းနှင့် ကျပ်ငွေ ၈၈၃၇၉ ဒသမ ၀၄၆ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး မြန်မာစီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူဖက်စပ်လုပ်ငန်းသုံးခုမှ ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုးမှာကျပ်ငွေ ၁၉၅၅၄ ဒသမ ၇၀ သန်းနှင့် ပြည်ပမှ စက်အစိတ်အပိုင်းများမှာယူပြီး ပြည်တွင်း၌တပ်ဆင်ခဲ့သဖြင့် ငွေကျပ်သန်းပေါင်း ၄၇၁၀ နှင့်ညီမျှသည့် နိုင်ငံခြားငွေသက်သာမှုရရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၀)(င)တွင် ပါရှိသည့် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။"** ဟူ၍ လည်းကောင်း၊ **"ပုဒ်မ(၂၀)(စ)တွင် တပ်မတော်သည် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။"** ဟူ၍ လည်းကောင်း ဖော်ပြပါရှိရာ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၌လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

»» အထူးထုတ် အချပ်ပို စာမျက်နှာ ၂ မှ

## နိုင်ငံတကာဆီက ကောင်းမွန်တဲ့အလေ့အကျင့်တွေကို သင်ယူတာ၊ အားကျတာ၊ အတုယူတာအပြင် အရေးကြီးဆုံးဖြစ်တဲ့ ကိုယ်တိုင်က ပြောင်းလဲချင်တဲ့စိတ်နဲ့ ပြုမူခဲ့ခြင်းက အမြင့်ဆုံး တန်ဖိုးတစ်ခုပဲဖြစ်ပါတယ်။

ကိုယ့်အမှိုက်ကို ကိုယ်စွန့်ပစ်ရမယ့်နေရာအထိ အရောက်ပို့နိုင်ဖို့က ကိုယ့်ရဲ့ တာဝန်သာဖြစ်တယ်ဆိုတာကို အဲဒီအချိန်မှာ ကောင်းကောင်း နားလည်လိုက်ပါတယ်။ တော်ရုံအမှိုက်ကို ကိုယ်တိုင်ပြန်သယ်ပိုးခဲ့ပြီး ကိုယ်တိုင်စီမံခန့်ခွဲသင့်တယ်ဆိုတဲ့ အသိကို ရခဲ့ဖူးပါတယ်။

စနစ်တကျ အမှိုက်စွန့်ပစ်ဖို့နဲ့ စွန့်ပစ်အမှိုက်တွေအပေါ် တာဝန်ရှိတဲ့ လှုပ်ရှားမှုတစ်ခုအနေနဲ့ ၂၀၁၅ ခုနှစ် မတ်လ ၂၈ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တချို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရမှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကိုယ်တိုင်အမှိုက်ကောက်ခဲ့ပြီး လူထုလှုံ့ဆော်မှုတစ်ခုအနေနဲ့ စံပြလုပ်ဆောင်ခဲ့တာကို မီဒီယာများမှာ တွေ့ခဲ့ရပါတယ်။

နာရေးကူညီမှုအသင်းနဲ့ အခြားအရပ်ဖက်လူမှုရေးအသင်းအဖွဲ့တွေရဲ့ အမှိုက်ကောက်တဲ့ လှုပ်ရှားမှုတွေ၊ အနုပညာရှင်တွေပါဝင်တဲ့ ရှေးဟောင်းမြို့တော် ပုဂံမှာ အမှိုက်ကောက်တဲ့ လှုပ်ရှားမှုတွေမှာ လူငယ်အဖွဲ့ဝင်တွေ တက်တက်ကြွကြွ ပါဝင်လာတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။

စင်ကာပူရဲ့ အမှိုက်ထိန်းသိမ်းတဲ့စနစ်၊ စည်းကမ်းသတ်မှတ်တဲ့စနစ်နဲ့ ဒဏ်တပ်အရေးယူတဲ့စနစ်တွေကို လူအများက ချီးမွမ်းအရေးတယူ ပြောကြပါတယ်။ တလောတုန်းကလည်း စင်ကာပူမှာ ဘောလုံးပွဲကြည့်မြန်မာပရိသတ်ရဲ့ အမှိုက်တွေ ထုပ်သိမ်းသွားတဲ့ အပြုအမူက ပြောင်းလဲလာတဲ့ လူ့အဖွဲ့အစည်းတွေရဲ့ ကောင်းမွန်တဲ့ အလေ့အကျင့်တွေကို စံနမူနာတစ်ခု ဖြစ်စေခဲ့ပါတယ်။

အမှိုက်နဲ့စားစရာလဲလှယ်ပေးပြီး သန့်ရှင်းသော မြို့တော်ကြီးဆီသို့ ဆိုပြီး ချီတက်နေတဲ့ မက္ကစီကိုစီးတီးရဲ့ ဆောင်ရွက်ချက်ကလည်း ကမ္ဘာ့မီဒီယာများထက်မှာ နေရာယူလွှမ်းမိုးခဲ့ပါတယ်။ မက္ကစီကိုစီးတီးမြို့တော်ကြီးမှာ လူဦးရေသန်း ၂၀ နီးပါး နေထိုင်ပြီး တစ်နေ့ကို အမှိုက်တန်ချိန် ၁၂၀၀၀ ထွက်ရှိပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု မြင့်မားနေတာကြောင့် မြို့တော်သန့်ရှင်းသာယာစေဖို့ အစိုးရက နည်းလမ်းသစ်တီထွင်ပြီး အမှိုက်ကင်းစင်ရေး ဆောင်ရွက်နေတာဖြစ်ပါတယ်။

ယူလာတဲ့ အမှိုက်ကို တန်ဖိုးဖြတ်၊ အမှတ်သတ်မှတ်ပေးပြီး အမှတ်ရရှိမှု အနည်း အများအလိုက် ထုတ်ယူနိုင်တဲ့ စားသောက်ကုန်အမျိုးမျိုးကိုလည်း သတ်မှတ်ပေးထားတဲ့ အစီအစဉ်ဖြစ်ပါတယ်။ မက္ကစီကိုစီးတီးအစိုးရရဲ့ အစီအစဉ်ကြောင့် မြို့တော်တစ်ခွင် အမှိုက်စွန့်ပစ်ရေးစနစ်တကျရှိလာပြီး အမှိုက်ပစ်ကြတဲ့ မြို့သူမြို့သားတွေလည်း စိတ်ပါလက်ပါ ပိုရှိလာတဲ့အပြင် လမ်းမှာအမှိုက်တွေ့ရင်တောင် ကောက်သိမ်းချင်စိတ်တွေ ဖြစ်ပေါ်လာတယ်လို့ မြို့ခံတွေက ဆိုကြပါတယ်။

အမှိုက်သန့်စင်တဲ့ လုပ်ငန်းတွေဆီက ပေးချေတဲ့ ငွေကြေးနဲ့ အစိုးရက ဒီလိုအစီအစဉ်ကိုပြန်ပြီး အကောင်အထည်ဖော်တယ်လို့ သိရပါတယ်။ ဒီအစီအစဉ်ကြောင့် မြို့ခံတွေနဲ့ ဈေးသည်တွေကအစ အမှိုက်တွေကို စနစ်တကျခွဲခြားတတ်ပြီး အမျိုးအစားခွဲခြား စွန့်ပစ်တတ်ဖို့လည်း ပညာပေးပြီး ဖြစ်စေခဲ့ပါတယ်။ ဒီနည်းလမ်းအောင်မြင်ပြီး မက္ကစီကိုနိုင်ငံတစ်ဝန်းမှာပါ ဖြန့်ကြက်အကောင်အထည်ဖော်နိုင်အောင် အစိုးရက ကြိုးပမ်းနေပြီလို့လည်း သိရပါတယ်။

အမှိုက်ပစ်ခြင်း၊ မပစ်ခြင်းက အမှိုက်ပစ်သူနဲ့သာ အသက်ဆိုင်ဆုံးဆိုတာကို မေ့ထားလို့မရပါဘူး။ အမှိုက်ပုံးမရှိလို့ ၊ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှုမရှိလို့၊ စီမံခန့်ခွဲသူတွေ မကောင်းလို့ ဘယ်လိုပဲဆင်ခြေတွေပေးနေနေ ကိုယ့်ဆီကထွက်လာတဲ့ ကိုယ့်အမှိုက်ကို စနစ်တကျ စွန့်ပစ်ဖို့ တာဝန်က ကိုယ်ကိုယ်တိုင်ဆိုတာ ငြင်းမရပါဘူး။

အမှိုက်ကို လွယ်လင့်တကူ ပစ်ချနေတာ၊ ကွမ်းတံတွေးကို ထွေးချင်ရာ ထွေးချနေတာတွေကို ရှက်တတ်ရမယ့် အချိန်ရောက်ပြီဖြစ်ပါတယ်။

ငယ်ဘဝမှာ စည်းစနစ်တကျ အမှိုက်စွန့်ပစ်တဲ့ အလေ့အထတွေ ဘယ်လိုပင် သင်ကြားခဲ့စေဦးတော့ လိုက်နာဆောင်ရွက်နိုင်မှုကသာ တန်ဖိုးအစစ်ဖြစ်ပါတယ်။ နိုင်ငံတကာဆီက ကောင်းမွန်တဲ့ အလေ့အကျင့်တွေကို သင်ယူတာ၊ အားကျတာ၊ အတုယူတာအပြင် အရေးကြီးဆုံးဖြစ်တဲ့ ကိုယ်တိုင်က ပြောင်းလဲချင်တဲ့စိတ်နဲ့ ပြုမူခဲ့ခြင်းက အမြင့်ဆုံး တန်ဖိုးတစ်ခုပဲဖြစ်ပါတယ်။

တန်ဖိုးနည်း၊ တန်ဖိုးသင့် စတဲ့ စကားလုံးတွေ ခေတ်စားတဲ့ ဒီနေ့အချိန်ကာလမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက တန်ဖိုးမြင့်စိတ်ဓာတ်အဖြစ် ပြောင်းလဲရင်း အရှေ့များဆီကို ဆက်ချီကြဖို့ အမှိုက်ကပေးတဲ့ စာကတစ်ဆင့် ရေးသားလိုက်ရပါတယ်။ ။

■■■

# ပြည်သူ့ဝန်ဆောင်မှုရုံးဟု ဆိုရာတွင်...

မင်းမင်းဇော်၊
ဟန်နီဝင်း

"ရုံးလုပ်ငန်းတွေကို တစ်စုတစ်စည်းတည်း ဆောင်ရွက်ပေးတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးတွေ ပေါ်ပေါက်လာတာ ဝမ်းသာတယ်ဗျာ။ အရင်က အကြောင်းကိစ္စတစ်ခုရှိရင် ရုံးတွေသွားရလာရမှာ ကြောက်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုံးတွေက တစ်နေရာစီမှာဆိုတော့ ဟိုသွားရ၊ ဒီသွားရနဲ့ အချိန်ကုန်၊ လူပင်ပန်းရတယ်။ အခု တစ်နေရာတည်းမှာဆိုတော့ လုပ်ရကိုင်ရတာ အဆင်ပြေတာပေါ့ဗျာ"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်မှ နေပြည်တော် တဲကြီးကုန်းကျေးရွာသို့ ပြောင်းရွှေ့နေထိုင်သူ ကိုမြတ်မင်းအောင်က ပြောသည်။

အခု ဒီရုံးကိုလာတာက လဝက ပုံစံ-၆၆ ရဖို့ လိုအပ်တာလေးတွေ လာလုပ်တာပါ။ တဲကြီးကုန်းကျေးရွာမှာနေတာ ငါးနှစ်ရှိပါပြီ။ ပုံစံ-၁၀ ဝင်ဖို့ လိုအပ်တာတွေ ဆောင်ရွက်ဖို့လာတာပါ။ ဒီမှာ တာဝန်ရှိသူတွေက ဘာတွေလိုအပ်တယ်ဆိုတာကို ပြောပြပေးတယ်။ ရှင်းပြပေးတယ်။ ဒီ OSS ရုံးမှာ လုပ်ကိုင်ဆောင်ရွက်ရတာ အားလုံးလွယ်လင့်တကူပါပဲ။ ရုံးလုပ်ငန်းကိစ္စလိုအပ်တာတွေရှိရင် ကူညီဆောင်ရွက်ပေးပါမယ်လို့ ဒီရုံးက တာဝန်ရှိသူတွေက ပြောတယ်။ ဒီလိုပြောတဲ့အတွက် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာမိတယ်။

ကျွန်တော့်လို အကြောင်းကိစ္စရှိလို့ ရုံးတွေကိုသွားလာဖို့ နောက်တွန့်နေတဲ့သူတွေကို လိုအပ်တဲ့ ရုံးလုပ်ငန်းကိစ္စတွေ တစ်နေရာတည်းမှာ ဆောင်ရွက်နိုင်တဲ့ ပြည်သူ့ဝန်ဆောင်မှု (OSS)ရုံးတွေ ပေါ်ပေါက်နေပြီ၊ ရှိနေပြီဆိုတာကို ပြောပြသွားမယ်"ဟုလည်း ၎င်းက ဆိုသည်။

"ကျွန်မသမီးလေးကို (၁၀) နှစ်ပြည့် မှတ်ပုံတင်လာလုပ်ပေးတာပါ။ ပထမရက်က ကျွန်မ OSS ရုံးကို ရောက်ရောက်ချင်း ဘယ်ဌာနက ဘာတွေလုပ်ပေးနိုင်တယ်လို့ ကြေညာထားတာတွေကို အရင်လေ့လာတယ်။ နောက်ပြီး ကျွန်မဆောင်ရွက်ချင်တဲ့ အကြောင်းအရာနဲ့ပတ်သက်တဲ့ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ရှိသူကို မေးမြန်းစုံစမ်းခဲ့တယ်။ ကျွန်မကို လိုအပ်တဲ့ စာရွက်စာတမ်းတွေ ဖြည့်ခိုင်းပြီး လိုအပ်တာတွေကို ပြောပြပေးတယ်။ ဒုတိယနေ့မှာပဲ နေ့ချင်းပြီး အလွယ်တကူ ဆောင်ရွက်နိုင်ခဲ့တယ်"ဟု ဇမ္ဗူသီရိမြို့နယ်မှ ဒေါ်ယုဆွေဦးက ဆိုသည်။

ပြည်သူများအတွက် ရှင်းလင်းလွယ်ကူ၍ အသိအမှတ်ပြုနိုင်သော ဝန်ဆောင်မှုလုပ်ငန်းများပေးရန်၊ လုပ်ထုံးလုပ်နည်းများနှင့် အခွန်အခပေးသွင်းငွေများ လွယ်ကူရှင်းလင်း၍ ပွင့်လင်းမြင်သာမှုရှိစေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးနှင့် ထိရောက်ထက်မြက်မှု တိုးတက်စေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်နှင့်ငွေကြေးသက်သာမှုရှိစေကာ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းပြီး နိုင်ငံတော်အစိုးရအပေါ် ယုံကြည်ကိုးစားမှု မြင့်တက်လာစေရန်၊ အစိုးရနှင့် ပြည်သူကြား ဆက်ဆံရေးသည် ဝန်ဆောင်မှုအခြေပြုအုပ်ချုပ်ရေးစနစ်သို့ ရွေ့ရှုပြောင်းလဲလာစေရန်၊ အစိုးရဌာနများ၏ ဝန်ဆောင်မှုများကြောင့် တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းများ၏ ကျေနပ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ အစိုးရဌာနများ၏ ဝန်ဆောင်မှုအရည်အသွေး ကောင်းမွန်လာခြင်းကြောင့် ဒေသအတွင်းရှိ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများတွင် အရေးပါသည့် အထောက်အကူပြုမှုများ ဖြစ်စေရန်နှင့် ပြည်သူလူထု၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop-OSS) များ ထူထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ OSS ရုံးများကို ခရိုင်ရုံးစိုက်ရာမြို့နယ် ၇၂ ခုအပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သရက်ချောင်းမြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံးမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များအားလုံး၌လည်း မြို့နယ်အဆင့် OSS ရုံးများကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အခြားကျန်ရှိနေသည့် မြို့နယ်များတွင်လည်း ယခုလကုန် နောက်ဆုံးထား ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်အဆင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ ဖွင့်လှစ်နိုင်သည့်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

OSS ရုံးများတွင် ပါဝင်ဖွဲ့စည်းရမည့် ဌာနများရွေးချယ်ရာတွင် မီတာခ စသည့် အခွန်အခကောက်ခံရသော ဌာနများအပြင် ဖွားသေစာရင်း၊ မြေစာရင်း၊ အဆောက်အအုံဆောက်လုပ်ခွင့်၊ နိုင်ငံသားမှတ်ပုံတင်ပြုလုပ်ခြင်း အစရှိသည့် ခွင့်ပြုမိန့်နှင့် ထောက်ခံချက်များ ထုတ်ပေးရသောဌာနများ မဖြစ်မနေပါဝင်စေပြီး ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်ရန် စီမံထားကြောင်း သိရသည်။

အဆိုပါ OSS ရုံးများ၌ သက်ဆိုင်ရာဌာနများအလိုက် နေ့ချင်းပြီး ထောက်ခံချက်ဆောင်ရွက်ပေးသည့် လုပ်ငန်းများအပြင် ကျန်လုပ်ငန်းများကို သတ်မှတ်ရက်များအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနများအလိုက် ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှုအမျိုးအစားများကို အဆိုပါရုံးများ၌ အများပြည်သူလေ့လာနိုင်ရန် ထုတ်ပြန်ကြေညာထားကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့လည်း ဒီစုဖွဲ့ထားတဲ့ရုံးမှာ နေ့ချင်းပြီး ဆောင်ရွက်ပေးနိုင်တာကို ဆောင်ရွက်ပေးတယ်။ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကို အခုနှစ် စက်တင်ဘာ ၂ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာ ၁၀ ခုနဲ့ ပြည်သူတွေကို ဝန်ဆောင်မှုပေးနေပါတယ်။

ဒီလို ဝန်ဆောင်မှုပေးနေတာတွေကို ပြည်သူတွေ ပိုမိုသိရှိနိုင်ဖို့ ကျွန်တော်တို့ မြို့နယ်ရုံးအနေနဲ့ လူစည်ကားတဲ့ ဈေးတွေ၊ ကားဂိတ်တွေမှာ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးပြီး ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေကနေတစ်ဆင့် ပြည်သူတွေကို အသိပေးခြင်းတွေ ဆောင်ရွက်ခဲ့တယ်" ဟု ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးကြီးကြပ်သူအရာရှိ ဦးဇော်နိုင်ဦးက ပြောသည်။

ပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို ဆောင်ရွက်ပေးရာတွင် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်းဖြေလျှော့မှုများ ပိုမိုဆောင်ရွက်ပေးရန်လိုအပ်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဆွေဝင်းက ပြောသည်။

"ကျွန်တော်တို့နိုင်ငံအပြင် ပြည်သူ့ဝန်ဆောင်မှုရုံးတွေဖွင့်ပြီး ဆောင်ရွက်နေတဲ့ နိုင်ငံတွေရှိပါတယ်။ အဲဒီနိုင်ငံတွေထဲက မွန်ဂိုလီးယားနဲ့ ဗီယက်နမ်နိုင်ငံတွေကို သွားရောက်လေ့လာဖူးပါတယ်။ သူတို့ဆီမှာကတော့ အခြေခံအဆောက်အအုံတွေနဲ့ ပြည့်စုံနေပါပြီ။ ကျွန်တော်တို့ဆီမှာလည်း စတင်ကျင့်သုံးတာ မကြာသေးပေမယ့် အောင်မြင်မှုရတယ်လို့ ဆိုနိုင်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

ပြည်သူ့ဝန်ဆောင်မှုရုံးများသည် ပြည်သူများအတွက် အမှန်တကယ်လိုအပ်ပါကြောင်း၊ ယခုအချိန်အထိ OSS ရုံးများသို့ သွားရောက်ဆောင်ရွက်ရန် မသိသေးသည့် ပြည်သူများရှိနေသေးကြောင်း၊ ပြည်သူများအနေဖြင့် ဆက်ဆံရမည့် ရုံး တစ်ရုံး တိုးလာသည်ဟု မြင်လျှင် မကောင်းပါကြောင်း၊ ဝန်ဆောင်မှုပေးကြမည့် ဝန်ထမ်းများအနေဖြင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို စိတ်ရင်းစေတနာကောင်းများဖြင့် ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့သည့် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်သူ့ဝန်ဆောင်မှုရုံး လုပ်ငန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြောကြားခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှုရုံးများသည် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးပြီး ပြည်သူ့ဝန်ဆောင်မှုရုံးများ၌ ဆောင်ရွက်ပေး၍ မရသည်များကို လမ်းညွှန်ပေးသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် လိုအပ်သည်များ အကြံပြုနိုင်ရန် Suggestion Box နှင့် ပြည်သူများအတွက် Complaint Centre များကိုပါ ထည့်သွင်းဆောင်ရွက်ပေးထားသည်။

ထို့ကြောင့် ဌာနဆိုင်ရာများနှင့် သက်ဆိုင်သည့် လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာ၌ တစ်နေရာတည်းတွင် ဆောင်ရွက်ပြီးစီးနိုင်မည့် ပြည်သူ့ဝန်ဆောင်မှုရုံးများသို့ သွားရောက်ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါကြောင်း။ ။






**ဝန်ဆောင်မှုပေးကြမည့် ဝန်ထမ်းများအနေဖြင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို စိတ်ရင်းစေတနာကောင်းများဖြင့် ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်။**